
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)<br>အမှတ်(၃၀)၊ ဝေဠုကုန်းလမ်း<br>ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင် (၀၀၆၅၃)<br>သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊<br>တာမွေလမ်း၊ တာမွေကြီး(က+ဝ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိမ် |
| ဖြန့်ချိရေး | - | သစ္စာမွန်စာပေ |
| အတွင်းသရုပ် | - | ကိုအောင်ကျော် |
| တအုပ်ချုပ် | - | သစ္စာမွန် |

၈၉၅.၈၃

ရွှေဘဝင်

အဆိပ်သင့်ရာဇဝင် / ရွှေဘဝင်။ - ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၅။
၂၂၂ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) အဆိပ်သင့်ရာဇဝင်


## အမှုင့်

တိတ်ဆိတ်ခြင်းနှင့်အတူ အိပ်စပြုနေသောည ··· သစ်ရွက်စိမ်းကလေးတွေ ညလေရူးနှင့်အတူ ကခုန်နေသော ဆောင်းဦးည၏ မျက်ဝန်းထဲတွင် 'မဟာသီရိ' စံအိမ်တော်ကြီး အပါအဝင်ဖြစ်သော ခြံဝန်းကြီးမှာ ကျယ်ဝန်းလှပြီး ဧရိယာမှာ ဧက (၂၀၀)ကျော် ရှိပြီး ယင်းအဆောက်အဦကို အနောက်တိုင်းနှင့်ရှေးရိုးရာလက်ရာများကို ယှဉ်တွဲပြီးတည်ဆောက်ထားသော စံအိမ်တော်ကြီးပင်ဖြစ်၏။

အိမ်တော်ကြီး၏ရှေ့ဘက်မျက်နှာစာတွင် ခေတ်မီ ရေကူးကန်ကြီးတွေ၊ သစ်ခွပန်းပင်တွေ စိုက်ပျိုးထားသော ဥယျာဉ်ကြီးတစ်ခုကိုဖန်တီးထားသလို စိတ်ဝင်စားဖို့ကောင်းသော 'နှင်းဆီဖြူ' ပန်းခင်းကြီးကိုလည်း တွေ့နေရသည်။ ခြံကြီးတံခါးဝမှ အိမ်တော်ကြီးအထိ လုံခြုံရေးဂိတ် (၃)ခုကို ထားရှိပြီး လုံခြုံရေးအင်အား



www.burmeseclassic.com

www.burmeseclassic.com



အငြည့်နှင့်ရှိလေသည်။

ရာနှုန်းစ်များစွာ စိုးစံခဲ့ကြသော တော်ဝင့်ဂုဏ်ပုဒ်ကြီးကို ယနေ့ ခေတ်ထိ ထိန်းသိမ်းထားခဲ့သော ပဒေသရာဇ်လောင်းရိပ်ကြီးနှင့် ရှိနေရာ ဓလေ့တွေကတော့ ယနေ့ခေတ်၏ အစွန်းတစ်ဖက်မှာ နိုင်နိုင်မာမာ ရပ်တည်လျက်…။

ယနေ့သည် တော်ဝင်နှန်းသိမ်းပွဲဆိုပေမဲ့ တခြားသော ပြင်ပလူတွေမပါ။ တော်ဝင်နွယ်များသာ သီးသန့်တက်ရောက်ရသော တော်ဝင်နှန်းသိမ်းပွဲတစ်ခုပင်…။

'မဟာသီရိ' စံအိမ်တော်ကြီး နောက်ဆုံးမျိုးဆက် ထိတ်တင်လက်ာဒေဝီ၏ ထိမ်းမြားမင်္ဂလာပွဲပင်ဖြစ်သည်။ စံအိမ်တော်၏ သခင်ကြီး ဦးစိုင်းလက်ာနှင့် သခင်မ ထိပ်တင်ဒေဝီတို့မှ မွေးဖွားလာသောတစ်ဦးတည်းသောသမီးတော် ထိပ်တင်လက်ာဒေဝီနှင့် ခွန်ထူးနောင်တို့၏ မင်္ဂလာပွဲပင်ဖြစ်သည်။

ထိပ်တင်လက်ာဒေဝီ၏ မိဘနှစ်ပါးလုံး တိမ်းပါးသွားခဲ့သည်မှာ(၁၀)နှစ်တင်းတင်းပြည့်သောနေ့လည်းဖြစ်သည်။ ထိပ်တင်လက်ာဒေဝီ မိဘနှစ်ပါးလုံး သေဆုံးသွားပြီးနောက် 'မဟာသီရိ' စံအိမ်ကြီးကိုဦးစိုင်းလက်ာ၏ ညီမဖြစ်သူ ဒေါ်နှန်းစောသီရိက ဆက်လက်ပြီးထိန်းသိမ်းစောင့်ရှောက်လာခဲ့သော်လည်း 'မဟာသီရိ' စံအိမ်တော်ကြီး၏ 'သခင်မကြီး' နေရာကို မရရှိခဲ့ပေ။

ထိပ်တင်လက်ာဒေဝီနှင့် လက်ဆက်သူကလည်း ဒေါ်နှန်းစောသီရိ၏တူတော်မောင် ဝမ်းကွဲပင်ဖြစ်သည်။ ထိုမင်္ဂလာပွဲကို စတင်ပြီး စီစဉ်သူကလည်း ဒေါ်နှန်းစောသီရိပင်ဖြစ်သည်။ တော်ဝင်သွေးမျိုးတော် အားလုံးက သဘောတူညီမှု မပေးခဲ့ကြပေမဲ့ ဒေါ်နှန်းစောသီရိ၏ စည်းရုံးရေးကြောင့်ပင် ဆိုမလားမသိ၊ နောက်ဆုံးသွေးတော်မျိုးတော်တွေ တွေ့ဆုံပြီး ဆုံးဖြတ်ချက်ပေးသည့်အချိန်တွင် အံ့အားသင့်ဖွယ် အားလုံးသဘောတူညီခဲ့ကြသည်။

'တောက်……ချွင်…'

ကြမ်းပြင်ပေါ်သို့ ရွှေရောင်တလက်လက်နှင့် ပတ္တမြားလက်စွပ်ကလေး ကျသွားခြင်းဖြစ်သည်။

လက်ာ၏ ရင်အစုံကို ဓားချက်ပေါင်းများစွာ စိုက်ဝင်သလိုခံစားနေရသည်။ လူတစ်ယောက်၏လွတ်လပ်ခွင့်တွေကို ရိုးရာဓလေ့တွေ တော်ဝင်မျိုးနွယ်ဟူသောအရာတို့နှင့် ချုပ်ကိုင်ထားခြင်းတို့ လက်ာအစရမ်းကို မုန်းတီးရွံရှာနေသူပင်ဖြစ်သည်။

တော်ဝင်မျိုးနွယ်ဆိုသည် အစ္စသခင်တို့ရဲ့ယဇ်ပူဇော်ပွဲ… လက်ာဆိုသည့် လူတစ်ယောက်က အသုံးချခံလူတစ်ယောက်ဆိုရင်







www.burmeseclassic.com

www.burmeseclassic.com



လက်ာလူ့လောကကြီးထဲမှာ လူလာဖြစ်ရခြင်းဟာ လုံးလုံးအဓိပ္ပာယ်မဲ့ နေလေပြီ..။

'ငါ ဘာလုပ်ရမလဲ...'

မျက်ရည်ဥတွေ ခိုတွဲစပြုနေသော မျက်ဝန်းစပ်ပေါ်မှာ နာကျင်ခြင်း မြားတစ်ချောင်း စိုက်ဝင်သွားသလို နှုတ်ခမ်းပါးလေးကို ကိုက်လိုက်မိ၏။

'ငါ..သူတို့လက်အောက်မှာ စတေးခံလူသားတစ်ဦးဖြစ်ရမှာလား၊ ငါ့ရဲ့အင်အားတွေ၊ ငါ့ရဲ့သတ္တိတွေက ဘာမှ အသုံးမဝင်တော့ဘူးလား၊ ခေါင်းငုံ့အရှုံးပေးပြီး သူတို့လက်ထဲက အရုပ်တစ်ရုပ်ဘဝကို ငါ ရောက်သွားရမှာလား..'

လက်ာ ရင်ထဲတွင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်ပြီး ထိပ်တိုက်ရင်ဆိုင်မည့်လမ်းကြောင်းကို ရွေးချယ်လိုက်သည်။ ဒါပေမဲ့ လက်ာအတွက် သူတို့နှင့်ခုချိန်မှာ ငြင်းခုံဆန့်ကျင်မှုတွေက အရာ မရောက်တော့ပါ။

'ငါ့ဆုံးဖြတ်ချက်တွေက အရမ်းကိုနောက်ကျနေပြီလား..ဟင်း... နောက်မကျသေးဘူး.. ငါဟာ ခုချိန်ထိ ရှင်းသန့်နေတဲ့ ခန္ဓာနဲ့ ဘဝကို ပိုင်ဆိုင်ထားတဲ့လူတစ်ယောက်အဖြစ်နဲ့ ရှိနေဆဲပဲ..ငါလုပ်သင့်တာဘာလဲ.. ငါခုရောက်နေတာက မင်္ဂလာဦးခန်းမ..'





သိပ်မကြာခင်.. ခွန်ထူးနောင် တစ်ယောက်... သူ့ဆီကို ရောက်လာတော့မှာဖြစ်သည်။ အပြင်တွင် မင်္ဂလာအောင်ပွဲကြီးအတွက် ဂုဏ်ပြုမှုတွေကို ပြုလုပ်နေသော ရယ်မောသံတွေကို ကြားနေရသည်မှာ ခံပြင်းဖွယ်ကောင်းသော ခါးသီးမှုကြီးတစ်ခုပင် ဖြစ်သည်။

'ဘုတ်...'

လက်ာ.. မင်္ဂလာဝတ်စုံကိုချွတ်ပြီး ဗီရိုထဲသို့ ပစ်ထည့်လိုက်သည်။ ပြီးတော့မှ ခရီးဆောင်အိတ်ထဲသို့ သူ့အဝတ်အစားတချို့ကို ထည့်ပြီး သူ၏ ဘိုးဘွားပိုင်ရတနာတွေကို ယူဆောင်ရတော့မည်ဖြစ်သည်။ လက်ာအတွက် 'မဟာသီရိ'စံအိမ်ဟာ နောက်တစ်ကြိမ် ပတ်သက်စရာပင် မရှိတော့ဘူး မဟုတ်လား..'

'ငါ..ဒီကနေ ဘယ်လိုထွက်ရမလဲ'

စံအိမ်တော်ကြီး၏ အရှေ့ဘက်ကနေ ထွက်ဖို့ဆိုတာ လုံးလုံးမဖြစ်နိုင်၊ အစောင့်အကြပ်တွေ လက်ထဲက အလွယ်တကူ လွတ်မြောက်နိုင်စရာလမ်းမမြင်၊ ခြံဝန်းကြီး၏ နောက်ဘက်မှထွက်ဖို့ကလည်း ပိုပြီးတော့ မဖြစ်နိုင်...ရော်ဘာခြံကြီးနှင့်တောအုပ်ကြီးဖြစ်ကျော်ဖို့ဆိုတာ စိတ်ပင်ကူးလို့မရ.. ရော်ဘာခြံကြီးနှင့်တောကြီးထဲတွင် ကြောက်မက်ဖွယ်ကောင်းသော တောခွေးအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ သားရဲတိရစ္ဆာန်တွေ ရှိနေတာမို့ လက်ာ စွန့်စားပြီး သွားလို့ မရနိုင်သော လမ်းပင်ဖြစ်သည်။ လက်ာတစ်ယောက် မိုက်ရူးရဲ ဆန်စွာ ထိုးဖောက်ထွက်ဖို့မသင့်သော လမ်းပင်ဖြစ်သည်။

'ငါ့အတွက် အကောင်းဆုံးထွက်လမ်းကို စဉ်းစားရတော့မယ်၊ ဟုတ်ပြီ… ခွန်ထူးနောင်ကို အသုံးချရမယ်၊ မိန်းမတစ်ယောက်ရဲ့ မာယာဟာ ဘယ်လောက်ထိ အသုံးဝင်တယ်ဆိုတာ ငါ လက်တွေ့ အသုံးချကြည့်ရမယ်'

လက်ာ‥ ညဝတ်အင်္ကျီဖာပါးပါးလေးကို ဝတ် ဆင်လိုက်ပြီး ပြတင်းပေါက်ဘက်ဆီသို့ ငေးကြည့်နေလိုက်သည်။

'ရှပ်…ရှပ်‥ကျွီ…'

ခြေသံနှင့်အတူ အခန်းတံခါးကိုဖွင့်လိုက်သော အသံကို ကြားလိုက်ရသည်။ ထိုခြေသံသည် ဘယ်သူဘယ်ဝါဆိုတာကို လှည့်မကြည့်ဘဲ လက်ာ သိနေပါသည်။

'ထိပ်တင်လေး…'

လက်ာ၏ ကျောဘက်မှ အနီးကပ်ခေါ်လိုက်သော ခွန်ထူးနောင် ၏အသံကို တုံ့ပြန်ခြင်းမပြုဘဲ ပြတင်းပေါက် အပြင်ဘက်ရှိ ရှုခင်းကို ငေးကြည့်နေသည်။

'ဘာတွေ အာရုံဖမ်းစားနေတာလဲ ထိပ်တင်လေး‥'





လက်ာ ပခုံးတစ်ဖက်ကို သိုင်းဖက်ပြီး မေးနေသော ခွန်ထူးနောင်ကို လက်ာအစိမ်းလိုက်ပင် ဝါးစားချင်စိတ်ပေါက်နေသော်လည်း သူ့အကြံအစည်အတွက် စိတ်ကိုလျှော့ချပြီး‥

'ဟိုမှာမြင်နေရတဲ့ မီးရောင်စုံတွေကို သဘောကျလို့ပါ'

'သြော်…ဒါလား… ဆောင်ညီးပွဲတော် ကျင်းပနေတာလေ‥'

လက်ာ တမင်သိလျက်နှင့်မသိချင်ယောင်ဆောင်ပြီး မေးလိုက်ခြင်းပင်ဖြစ်သည်။

'ထိပ်တင်လေးက တစ်ခါမှ မရောက်ဖူးလို့လား'

'မယ်မယ်တို့ ရှိတုန်းကတော့ရောက်ဖူးပါတယ်၊ ကလေးဘဝဆိုတော့ ဘာမှ မမှတ်မိတော့ဘူး၊ သြော်‥ ကိုခွန်ထူးအောင်က ပျားရည်ဆမ်းခရီးထွက်ဖို့ မစဉ်းစားထားဘူးလား'

'ဘယ်လိုပြောလိုက်တာလဲ ထိပ်တင်လေးရယ်‥ သွားချင်တာမှ မြန်မာပြည်တင်မကဘူး တခြားနိုင်ငံတွေဆီပါ သွားချင်နေတာ'

'ဒါဆိုလည်း ကိုခွန်ထူးနောင်ပဲ စီစဉ်လိုက်ပေါ့'

'ဟာ‥တကယ်'

'တကယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ရုန္တက်ငွေ့တွေ လွှမ်းခြုံနေသော သူ၏မျက်လုံးတွေကို လက်ဘ ကိုယ်ပေါ်ကနေ မခွာတော့…။

'ကိုခွန်ထူးနောင်ကို လက်ဘတစ်ခုလောက်တောင်းဆိုချင်တယ်၊ ဖြည့်ဆည်းပေးနိုင်မလား'

'လက်ဘလေးရဲ့ဆန္ဒတွေကို ချွင်းချက်မရှိ ဖြည့်စေရမှာပေါ့'

'တကယ်နော်'

'တကယ်ပါ ထိပ်တင်လေးရယ်၊ အဲ..တစ်ခုတော့ရှိ တယ်၊ ကိုယ့်ဆန္ဒကိုလည်း ကြည်ကြည်ဖြူဖြူတော့ ဖြည့်ဆည်းပေးရမှာ နော်'

'လက်ဘက ကိုခွန်ထူးနောင်ရဲ့ဇနီးဖြစ်နေပါပြီ'

'ဟာ…ဇနီးမဟုတ်ဘူး၊ ကြင်ယာတော်..ကြင်ယာတော်'

'ထားလိုက်ပါလေ'

'ထိပ်တင်လေးရဲ့ဆန္ဒကိုပြော'

လက်ဘ၏မေးစေ့လေးကို ကိုင်ပြီးပြောဆိုနေသော အမူအရာကို အရမ်းကိုအော်ဂလီဆန်နေပေမဲ့ မာယာ၏ လျှို့ဝှက်ချက်ကို ပေါက်ကြားလို့ မဖြစ်နိုင်တာကြောင့်…

'ဆောင်းဦးပွဲလေးကို အရမ်းသွားချင်တယ်'

'ဒါများ ထိပ်တင်လေးရယ်.. နောက်နေ့မှ သွားပေါ့၊ မင်္ဂလာဦးညရဲ့အရသာပျက်လိမ့်မယ်'

'လက်ဘရဲ့ အပျိုစင်ဘဝနဲ့ ဆောင်းဦးပွဲကလေးကို သွားချင်တဲ့ဆန္ဒကို မဖြည့်ဆည်းပေးဘူးလား'

'ကိုယ်က ဖြည့်ဆည်းပေးချင်ပါတယ်၊ ဟို..သခင်မကြီးက ခွင့်မပြုရင် ဘယ်လိုလုပ်မလဲ'

'ဒါကတော့ ကိုခွန်ထူးနောင်ကြံရမယ့်အပိုင်းလေ'

'ဟူး…ခဏလေး ကိုယ် စဉ်းစားလိုက်ဦးမယ်၊ လက်ဘ အဝတ်အစားလဲပြီးစောင့်နေလိုက်'

'ကိုခွန်ထူးနောင်…ကြိုးစားပေးနော်'

'အိုကေ.. မင်းအတွက်သူရဲကောင်းပါ'

စိတ်ပျက်ဖွယ် စိတ်ညစ်ဖွယ်ကောင်းသော အမူအရာတွေကို မြင်တွေ့နေရတာ အော့နှလုံးပင်နာလှသည်။ လက်ဘ ပထမ စီစဉ်ထားသလို အဝတ်အစားတွေကို ယူလို့ပင် မရနိုင်တော့၊ ခါးဝတ်ခါးစားတစ်စုံနှင့် ရတနာပစ္စည်းတွေကိုသာ ယူဆောင်ရတော့မည်။

'ဟင်..'

အဝတ်အစားဗီရိုအံဆွဲကိုဖွင့်လိုက်တော့ မိန်းမကိုင် ပစ္စတိုတစ်လက်ကိုတွေ့လိုက်ရသည်။ လက်ဘကို ငယ်စဉ်က ထိန်းသိမ်း







www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ခဲ့သော ဒေါ်နန်းခမ်းမှုကို သတိရလိုက်သည်။ ထိုပစ္စတိုလေးဟာ ဒေါ်နန်းခမ်းမှု သူ့ကိုပေးခဲ့သော ပစ္စတိုလေးပင် ဖြစ်သည်။

လက်ာ (၁၀)တန်းစာမေးပွဲအောင်မြင်သောနှစ်တွင် ဒေါ်နန်းခမ်းမှုကို 'မဟာသီရိ'စံအိမ်တော်ကြီးကနေ ထုတ်ပယ်လိုက်သည်။ ဘာအတွက်ကြောင့်ဆိုတာကိုတော့ လက်ာမသိ၊ ဒေါ်နန်းခမ်းမှုကလည်း သူ့ကိုဘာမှမပြောသွားခဲ့၊ ဒေါ်နန်းခမ်းမှု ပြောခဲ့သောစကားကတော့…

'လက်ာ‥သမီးလေး…ဒီသေနတ်ကို သေသေချာချာသိမ်းထား၊ သမီးအတွက် တစ်ချိန်ချိန်မှာ အရမ်းကိုအသုံးဝင်လိမ့်မယ် ကလေး‥'

ထိုစဉ်က ဒေါ်နန်းခမ်းမှု ပြောခဲ့သော စကား၏အဓိပ္ပာယ်ကို သဘောမပေါက်ခဲ့ပါ။ ခုလို အချိန်ကျမှ ထိုပစ္စတိုလေး၏ အသက်ဝိညာဉ်တွေကိုမြင်တွေ့လိုက်ရသည်။

'ထိပ်တင်လေး‥'

'ဟို…ကိုခွန်ထူးနောင် အဆင်ပြေလား'

'ဟား…ဟား‥ဟား‥ သခင့်မကြီးကို စကားနှစ်ခါ မပြောရပါဘူး'





'ဒါဆို ခွင့်ပြုတယ်ပေါ့'

'ညှို့နက်အောင်မနေရဘူးတဲ့၊ လုံခြုံရေးပါ ခေါ်သွားတဲ့'

'ဟင်‥'

လက်ာအတွက် အစောင့်တွေပါလာရင် အကြံအစည်အတွက် အဆင်မပြေနိုင်…၊ ဒီအတွက် မာယာတစ်ချက်ကို ကစားလိုက်ရသည်။

'ထိပ်တင်လေး ဘာဖြစ်သွားတာလဲ'

'လက်ာက နှစ်ယောက်တည်းလွတ်လွတ်လပ်လပ် သွားချင်တာ'

'ဒါများလား ထိပ်တင်လေးရယ်၊ ဒီကောင်တွေကို လမ်းမှာ အရက်ဖိုးပေးပြီး ဆိုင်တစ်ဆိုင်မှာထားခဲ့ရင် ထပြီးတောင် ကနေကြဦးမယ်'

'ဒါဆို သွားစို့လေ‥'

ခွန်ထူးနောင် လက်မောင်းလေးကို ဆုပ်ကိုင်ပြီး အပြင်ကို ထွက်လိုက်သည်နှင့်ကျားထစ်ကောင်ရဲ့အပြုံးတွေကိုတွေ့နေရသည်။

ကြောက်ရွံ့နေသူအတွက် ဆုံးဖြတ်ချက်တွေ မနိုင်မာသူအတွက် အနာဂတ်တံခါးပေါက်တွေ ပိတ်ဆို့ခြင်းကိုခံနေရမှာပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာစီးဒီးအမျိုးအစား ကားနက်ကလေး ခြံဝန်းကြီးထဲမှ မောင်းထွက်သွားသည်ကို မျက်စိတဆုံး ကြည့်နေသူကတော့ ဒေါ်နှန်းစောသီရိပင်ဖြစ်သည်။ သူမ၏ မျက်လုံးထဲတွင် ကြောက်မက်ဖွယ်ကောင်းသောလောဘအငွေ့အသက်တွေ ကပ်တွယ်နေလေသည်။

'ဟူး...'

လက်ဘ...စိုးရွံ့နေသော သက်ပြင်းလေးကို ညလေပြေနှင့်အတူ မှုတ်ထုတ်လိုက်ရင်း ဆီးနှင်းတွေ လွှမ်းခြုံနေသော ပတ်ဝန်းကျင်ကို မောင်းနှင်နေသောကားပေါ်မှ ငေးကြည့်နေမိသည်။

'ဘာတွေကို အတွေးကမ္ဘာတည်ဆောက်နေတာလဲ ထိပ်တင်လေး..'

'လက်ဘရဲ့နောက်ဆုံးအပျိုစင်ညလေးကို-နှမြောနေလို့ပါ'

'ဟား..ဟား..ဟား..'

လက်ဘ၏စကားကို ခွန်ထူးနောင်ကားမောင်းရင်းရယ်မောနေသည်။

'လက်ဘစကားက ရယ်စရာကောင်းနေလို့လားဟင်'

'ထိပ်တင်လေးပြောလိုက်တာလေးကို သဘောကျပြီး ရယ်မိလိုက်တာပါ၊ ထိပ်တင်လေးရဲ့ အပျိုစင်ဘဝထက် အရမ်းကို ခုံမင်စရာကောင်းတဲ့နေ့ရက်တွေကို မကြာခင် တွေ့ရတော့မှာပါ'

တဖျာရဲ့အမှောင်တိုက်မှာ ယစ်မူးနေတဲ့စကားသံတွေကို ခါးခါးသီးသီးကြားနေရ၏။ လက်ဘ လိုက်လာသောကားမှာ တောင်ကြားကွေ့တွေကို ဖြတ်ကျော်လာပြီး မြို့ကို ခပ်ရေးရေးပင် တွေ့နေရပြီဖြစ်သည်။

လက်ဘ လှုပ်ရှားနေသောစိတ်တွေကို တည်ငြိမ်အောင် ကြိုးစားရင်း လက်ဘအိတ်ထဲမှ ပစ္စတိုလေးကို ဆုပ်ကိုင်လိုက်သည်။

'ငြိမ်သက်လှချည်လား ထိပ်တင်လေး'

'ဟုတ်တယ်..စဉ်းစားနေတာ'

'ဘာတွေများ စဉ်းစားနေရတာလဲ'

'ကျွန်မ စဉ်းစားတေတာကို သိပ်ပြီးသိချင်နေသလား'

'ဘယ်လိုမေးလိုက်တာလဲ ထိပ်တင်လေးရယ်၊ ကိုယ့်ဇနီးရဲ့ စဉ်းစားနေတာတွေကို ခင်ပွန်းဖြစ်တဲ့သူက သိချင်တာပေါ့'

ခွန်ထူးနောင် စကားလုံးတွက ဒေါသစိတ်ကိုဆွပေးသလို နကိုသတ္တိတွေကိုပါ အင်အားထပ်ပြီးဖြည့်လိုက်သလိုပင်ဖြစ်နေသည်။

'သိပ်ပြီး သိချင်မှတော့ ပြောပြရတာပေါ့'







www.burmeseclassic.com

www.burmeseclassic.com



'ဟင်… မင်း..မင်း..'

'ကားကို ရပ်လိုက်ပါ'

'ထိပ်တင်လေး..မင်း ငါ့ကိုကျီစယ်နေတာလား'

'ရှင့်လိုလူကို ဘာအကြောင်းနဲ့မှ ကျီစယ်စရာမရှိဘူး'

'ထိပ်တင်လေး..မင်းလက်ချောင်းတွေက ဖယောင်းလေးတွေပါ၊ သေနတ်ကြီးနဲ့ မလိုက်ဖက်ပါဘူး၊ ပြန်ပြီးသိမ်းလိုက်စမ်းပါ၊ လူသတ်တယ်ဆိုတာ ပန်းကလေးခူးရသလို မဟုတ်ဘူးနော်'

'ရှင်..ကားကို ရပ်မလား မရပ်ဘူးလား'

'နီး..နီး..မဖြစ်နိုင်တာတွေကို မပြောပါနဲ့ကွာ'

'ဒိုင်း..ချွမ်း..'

'ဟာ..'

လက်ာ..ကားမှန်ကို အရင်ပစ်ချလိုက်ပြီးမှ..

'နောက်ထပ် ထွက်လာမယ့်ကျည်ဆံက ရှင့်အတွက်ပဲ နော်၊ လက်ာဆိုတဲ့ မိန်းကလေးက ပန်းလျှောင်အိမ်ထဲက စက္ကူရုပ်မဟုတ်တော့ဘူး၊ ရှင်တို့ရဲ့အတ္တလောင်းရိပ်အောက်မှာ လွတ်မြောက်ဖို့အတွက်ဆို လူသတ်ရလည်း သတ်ရမှာပဲဆိုတာ ယုံထား'





လက်ာမျက်နှာပေါ်တွင် သွေးစိမ်းတွေ စီးဝင်နေပြီးကြောက်မက်ဖွယ်အသွင်ကိုဆောင်လာသောကြောင့်..

'ရပ်…ရပ်ဆိုရပ်ပေးပါ့မယ်'

'ခု…ရပ်လိုက်…'

'ရှူး…ကျွီ…'

ကားထိုးရပ်သွားသည်နှင့် ခွန်ထူးနောင်မျက်နှာကို ခပ်စေ့စေ့လေးကြည့်လိုက်ပြီးမှ..

'ရှင့် ဟန်းဖုန်းကိုပေး..'

'ရော့…ယူပါ..'

'ခုလို ကူညီပေးခဲ့တာကို အရမ်းကျေးဇူးတင်ပါတယ် ကိုခွန်ထူးနောင်.. ကားပေါ်က ဆင်းပြီး ရှင့်ကို အိမ်ပြန်ပြီးပို့နိုင်တဲ့သူတွေကို စောင့်လိုက်ပါဦး'

'ဂျိုင်း..'

ခွန်ထူးနောင် ကားပေါ်ကနေ အောက်ကိုရောက်သည်နှင့် ကားတံခါးကိုပိတ်ပြီးမောင်းထွက်ခဲ့သည်။

'သွားတော့'

ခွန်ထူးနောင် ဟန်းဖုန်းကို ကားလမ်းဘေးရှိမြောင်းထဲသို့ လွှင့်ပစ်လိုက်သည်။ လက်ာနောက်ကို ချက်ချင်းကြီးမလိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် အဆက်အသွယ်ဖြတ်တောက်လိုက်ပြီမို့..လက်ာ်အတွက် အတားအဆီးတွေကို ကျော်ဖြတ်နိုင်ဖို့ အခွင့်အရေးတစ်ခုရလိုက်ပြီ မဟုတ်လား..။

လက်ာ်..မိဘနှစ်ပါး တိမ်းပါးသွားပြီးသည့်နောက်ပိုင်း အဒေါ်ဖြစ်သူ နန်းစောသီရိ၏ အုပ်ထိန်းမှုအောက်တွင် စာသင်ခြင်းတစ်ခုကလွဲပြီး ဘာတစ်ခုမှ လေ့လာခွင့်၊ လုပ်ပိုင်ခွင့်ဆိုတာ မရှိခဲ့၊ ဆွေမျိုးတော်တွေ ရှေ့မှာတော့ မိခင်နှင့်မခြား ဟန်ဆောင်ယုယပြပြီး နောက်ကွယ်တွင် စနစ်တကျ ထိန်းချုပ်ထားခြင်းကို ခံခဲ့ရသူ၊ အထူးသဖြင့် အကြောက်တရားတွေနဲ့ ခြိမ်းခြောက်ကာ လက်ာ့ဘဝကို ဖမ်းဆီးထားသလိုပင်ဖြစ်သည်။

လူမှုအတတ်ပညာတွေ၊ ခေတ်နှင့်လိုက်လျောညီထွေတဲ့ အတတ်ပညာတစ်ခုကို သင်ကြားခွင့်မရ။ သူဖန်ဆင်းတဲ့ လှောင်အိမ်ထဲမှာပဲ သူ့ဘဝကို ကခုန်ခဲ့ရသူ။

ခုလို ကားမောင်းတတ်ခြင်းမှာ ဖေဖေ၏ ဒရိုင်ဘာ ဦးမြတ်ကိုကြောင့် လက်ာ် ကားမောင်းတတ်ခဲ့ရခြင်းဖြစ်သည်။ လက်ာ်ကျောင်းမှအပြန်တွင် ဦးမြတ်ကိုမှ သင်ပေးခဲ့တာကြောင့် ပင်ဖြစ်သည်။

'ငါ ခု..ဘယ်ကိုသွားရမလဲ၊ ဒီကားနဲ့ရှေ့ဆက်ပြီး သွား





လို့တော့ မဖြစ်နိုင်ဘူး၊ သူတို့ခြေရာခံမိနိုင်တယ်'

တကယ်ဆို လက်ာ်အတွက် မိတ်ဆွေသူငယ်ချင်းဆိုတာ အရမ်းကို နည်းပါးသလို ပေါင်းသင်းခွင့်လည်းမရခဲ့ဘူး၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မဟာသီရိစံအိမ်ကြီးကနေ ရုန်းထွက်ဖို့အတွက်တော့ ကြိုတင်ပြီးပြင်ဆင်ခဲ့တာတွေကို အများကြီးလုပ်ထားသူဖြစ်တာကြောင့် လက်ာ်ဘာဆက်ပြီး လုပ်ရမယ်ဆိုတာကို ခဏမျှ စဉ်းစားပြီး...

'ဟိုတယ်တစ်ခုမှာ တည်းမယ်ဆိုရင် မဖြစ်ဘူး၊ ဒီမြို့ရဲ့ ဟိုတယ်တွေအားလုံးက ဒေါ်နန်းစောသီရိနဲ့ကင်းတဲ့သူမရှိဘူး၊ ငါ ဒီညအတွက် ခြေရာကို ဖျောက်နိုင်မှ မနက်ဖြန်ဆက်ပြီး သွားနိုင်မှာ..'

လက်ာ် ကားကိုမြို့အဝင်လမ်းပေါ်တွင် ရပ်လိုက်ပြီး မြို့ထဲဘက်သို့ခြေလျင် ဆက်ပြီးလျှောက်လာခဲ့သည်။

သူ့ဘဝအတွက် ပထမဦးဆုံးလောကသစ်တစ်ခုဆီကို သွားနေသောခြေလှမ်းများပင်ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

'ခွန်းထူးနောင်..'

နံရံတွေ အက်ကွဲလုမတတ် ပဲ့တင်ရိုက်ခတ်သွားသော ဒေါ်နန်းစောသီရိ၏အသံပင်ဖြစ်သည်။

'နှင်..နှင်...ကြားရာပါ မဟုတ်လား'

'မ...မဟုတ်ရပါဘူး..သခင်မကြီး..'

'တောက်... တစ်သက်လုံး ချုပ်နှောင်ထားတဲ့ကြိုးတွေကို နင့်ကြောင့် ဖြတ်တောက်သွားပြီ ခွန်ထူးနောင်..'

'ကျွန်တော် ရအောင်ပြန်ပြီးခေါ်ပေးပါ့မယ်၊ ခုလည်း ရာဇာတို့အဖွဲ့ကို လိုက်ခိုင်းတာပါတယ်'





'ခုကိစ္စဟာ မင်းအသက်နဲ့လျော်ကြေးပေးရမယ့်ကိစ္စတစ်ခုဆိုတာတော့ မင်းကောင်းကောင်းသဘောပေါက်ထားပါ၊ ငါ့အတွက် နောက်ထပ်အချိန်က ရက်ပေါင်း(၃၀)ပဲရှိတော့တယ်၊ ဒီရက်ပေါင်း(၃၀)အတွင်းမှာ မင်း...လင်္ကာဆိုတဲ့ကောင်မကို ငါ့ရှေ့ကိုခေါ်မလာနိုင်ရင် မင်းဘဝတစ်ခုလုံးအတွက် သိပ်ကိုနောင်တရစရာဖြစ်သွားမယ်ဆိုတာ နှင့် ခေါင်းထဲမှာ သံမှိုနဲ့ရိုက်ထားလိုက်...ခွန်ထူးနောင်...'

'ဟုတ်ကဲ့..'

'ခုချက်ချင်း...ဒီကောင်မကို မြေလှန်ပြီးရှာ...ငွေအင်အား၊ လူအင်အားကို ကြိုက်သလို သုံး..'

'ဟုတ်...ဟုတ်ကဲ့..'

'တစ်ခုတော့ မှာလိုက်မယ်၊ အသက်ရှင်တာတွေ မရှင်တာတွေ မလိုဘူး၊ လင်္ကာဆိုတဲ့ ဒင်း... လူ့လောကကြီးထဲက ပျောက်သွားရင် ရပြီ.. သူ့အလောင်းကိုတော့ ငါတွေ့ရမှဖြစ်မယ်'

ဒေါ်နန်းစောသီရိ နှုတ်ဖျားမှ သေဒဏ်အမိန့်တစ်ခုကို ချမှတ်လိုက်ပြီဖြစ်သည်။

'သွားကြတော့'

ခွန်ထူးနောင်တစ်ယောက် ခပ်ရှုံ့ရှုံ့လေး သူ့ရှေ့ကနေ ကျော



www.burmeseclassic.com

www.burmeseclassic.com



နိုင်းထွက်သွားတော့သည်။

'မမ..'

'မင်း ဘာပြောချင်လဲ ဟိန်းရာဇာ'

ဒေါ်နန်းစောသီရိနှင့်အသက်ချင်းအတော်ကို ကွာဟနေသော ဟိန်းရာဇာသည် ဒေါ်နန်းစောသီရိ၏ တရားမဝင်သော ခင်ပွန်းပင်ဖြစ်သည်။ တရားဝင် ခင်ပွန်းဖြစ်သူ ဦးခင်မောင်လတ်ကတော့ အာရုံကြောရောဂါကြောင့် အိပ်ရာပေါ်တွင် လဲနေတဲ့ရောဂါသည်တစ်ဦး။

'လက်ကကို ဘာလို့သတ်ရတာလဲမမ၊ ဒီလိုသတ်နိုင်းမှ တော့မမရယ်၊ အရင်ကတည်းက အိမ်မှာရှင်းလိုက်ရင်ပြီးတာပဲဟာ'

'ဟိန်းရာဇာ… မင်းလေးက အရမ်းကိုနုငယ်သေးတာပဲကွာ၊ အိမ်မှာသတ်လိုက်လို့ရမှဖြင့် ဒီလောက်ကြီးအချိန်တွေပေးပြီး ဒီကောင်မကို ရှင်သန်ခွင့်ပေးမထားဘူး၊ ခုအခြေအနေက သူ့ကံကြမ္မာကို သူဖန်တီးတာပဲ၊ ဟား..ဟား..ဟား..'

ဟိန်းရာဇာ ဘာမှ နားမလည်သောအကြည့်ဖြင့်သာ ကြည့်နေရသည်။

'လာ…ရဲစခန်းကိုသွားမယ်'

'ဗျာ..ဘာလုပ်မလို့လဲ မမ'





'လူပျောက်သွားပြီးတိုင်ရမယ်၊ ဒါဟာ ကိုယ့်ခြေရာကိုမြင်အောင် ဖုံးကွယ်တဲ့ကစားကွက်တစ်ခုပဲ မောင်ရေ… ဟား… ဟား..'

ဒေါ်နန်းစောသီရိ၏ ရယ်မောသံနောက်ကွယ်တွင် သွေးဆာနေသော မိစ္ဆာတစ်ကောင်၏ ဝိညာဉ်တွေ ပူးကပ်နေသလိုပင်။

'နှစ်ပေါင်းများစွာ ငါမျှော်လင့်ခဲ့ရတဲ့ အိပ်မက်တွေကို ငါ ပိုင်ဆိုင်ရတော့မယ်'

'မမအိပ်မက်တွေက ဘာတွေလဲ'

'ဟိန်းရာဇာ'

'ဗျာ..မမ'

'ငါ့အိပ်မက်တွေကို သိချင်တဲ့သူ၊ ဒါမှမဟုတ် သိသွားတဲ့သူဟာ အရမ်းကို အန္တရာယ်ကြီးတတ်တယ်နော်'

'မောင်က မမအတွက် အန္တရာယ်ရှိနိုင်တဲ့သူမဟုတ်ပါဘူး၊ မမနဲ့ပတ်သက်ရင် အားလုံးကို ရင်းပြီးသားပါ'

'ဒီစကားလုံးလေးကတော့ ချစ်စရာကောင်းနေပြန်ပြီ၊ ထားလိုက်ကွာ၊ မမအိပ်မက်တွေကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ မောင်ကလည်း ပိုင်ဆိုင်ခွင့်ရမှာပါ၊ ခုတော့ သိချင်တာလေးကို ခဏလေး ရင်ထဲမှာ သိမ်းထားလိုက်နော်'



www.burmeseclassic.com

www.burmeseclassic.com



'မမရဲ့စကားတွေက မောင့်အတွက်အမိန့်တွေပါပဲလေ'

'အမိန့်တွေ မဟုတ်ဘူး'

'ဒါဆိုရင် ဘာလဲ မမ'

'ရာဇသံတွေ…ရာဇသံတွေ…'



## အခန်း၊ ၂၊

'ဘာ‥ပြောတယ်‥အိုက်ထူး၊ ဒီနယ်မြေထဲကို ဝင်ဖို့ဆိုတာ မလွယ်ကူဘူး ဟုတ်လား'

'ဟုတ်ပါတယ် ဆရာခွန်ထူးနောင်၊ အဲဒီနယ်မြေထဲက လူတွေဟာ စကားလုံးတွေထက် ကျည်ဆံတွေ၊ ဓားတွေနဲ့သာ ပြောဆိုကြတာ၊ ရှင်းရှင်းပြောရရင် သူတို့ခွင့်ပြုချက်မရှိတဲ့ ဘယ်သိစွမဆို လုပ်ပိုင်ခွင့်မရှိဘူး'

'လုပ်ခဲ့ရင်ရော'

'ပြန်လမ်းမရှိဘူး၊ အရုဏ်မတက်ဘူး'

'ကြမ်းလှချည်လား၊ မင်းတို့လည်း ကြေးစားလူမိုက်တွေပဲ'

'ကျွန်တော်တို့မိုက်တာ သူတို့အတွက်တော့ ,အပျင်းပြေ ဆော့ကစားသလောက်ပဲရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ငွေနဲ့ ကစားရင်ရော'

'ဒီနယ်မြေမှာ ငွေဆိုတာ ပဒေသာပင်စိုက်ထားသလိုပဲ ဆရာ၊ မူးယစ်ဆေးဝါး၊ လက်နက်၊ ကျောက်စိမ်းတွေကို လမ်းဘေးဆိုင်မှာတောင် ဝယ်ယူလို့ရတယ်'

'ဥပဒေမဲ့ဇုန်ပေါ့'

'ဥပဒေကို စာပဝါခြားပြီးဆော့ကစားနေကြတာ'

'အိုက်ထူး… ဒီလောက်ကြောက်စရာကောင်းတဲ့နယ်မြေထဲမှာ ထိပ်တင်လေးရောက်နေတာ သေချာလား'

'သခင်မလေး ရှိနေတာတော့ မြေကြီးလက်ခတ်မလွဲပါဘူး၊ သေချာတယ် ဆရာ၊ ဆက်ပြီးရှာဖွေဖို့တော့ခက်မယ်'

'အိုက်ထူး'

'ဗျာ..ဆရာ'

'မင်းမှာ ဘာအကြံဥာဏ်မှမရှိတော့ဘူးလားကွ၊ ခုကိစ္စကို ငါမဖြေရှင်းနိုင်ရင် ဘာဖြစ်သွားမလဲဆိုတာကို မင်းတို့သိတယ်။ သခင်မကြီးရဲ့ လောဘ၊ အတ္တတွေမှာ ခွေမျိုးတော်စပ်တာတွေ မရှိဘူး၊ အိုကွာ ဖြစ်နိုင်ရင် သွေးသားတောင်စတေးဝံ့တဲ့သူကွ'

ဒေါနန်းစောသီရိ၏ကြောက်မက်ဖွယ်ကောင်းလှသော မျက်နှာပြင်ကြီးကို မြင်ယောင်ကြည့်ရင်း သွေးပျက်မတတ် ချော





ချားနေသူတွေကတော့ ခွန်ထူးနောင်နှင့် သူ့နောက်လိုက်တွေပင် ဖြစ်သည်။ လက်ဘ် လွတ်မြောက်သွားမှုပေါ်မှာ တာဝန်ယူရမှာ ခွန်ထူးနောင်တစ်ယောက်တည်းမဟုတ်…နောက်လိုက်အားလုံး အသူရာချောက်ထဲကို ခုန်ချကြရမှာဖြစ်သည်။

'ဆရာ..'

'ဘာလဲကွ..ပြော..'

'ခုအခြေအနေကို အမှန်တိုင်း သခင်မကြီးကို ဖွင့်ပြောပြလိုက်ရင်မကောင်းဘူးလား'

'ငါတော့ လက်ခံမယ်မထင်ဘူး'

'ဆရာ့အနေနဲ့ တိုက်ရိုက်မဝင်ဘဲ ဟိန်းရာဇာကို ဝင်နိုင်းရင်ရော'

'အင်း…မင်းပြောတဲ့အကြံက မဆိုးဘူး၊ ဟိန်းရာဇာဆိုတဲ့ကောင်က ငါ့စကားကို လိုက်နာမှာပါ၊ သူခုလို အခြေအနေမျိုးရောက်အောင် ငါ့ဘက်က စွမ်းဆောင်ပေးခဲ့တာတွေက မနည်းဘူး'

'ဆရာ့ကျေးဇူးတွေက သူ့အပေါ်မှာ အများကြီးရှိနေတာပဲ ဆရာရယ်'

'ဒီကောင် ခုဘယ်မှာရှိနိုင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ဟုတ်ပြီ'

'ဘာဟုတ်တာလဲ အိုက်ထူး…'

'တစ်ချက်ခုတ် နှစ်ချက်ပြတ် အကွက်ပဲဆရာ'

'မင်းစကားတွေက စိတ်ဝင်စားဖို့ကောင်းနေပြီ'

'ဟိန်းရာဇာ ဒီနေ့ဘယ်မှာရှိမယ်ဆိုတာ သူ့တပည့်ကျော် ရဲမောင်ကို အလျော်အစားပေးလိုက်ရင် ဆရာ့အတွက် အရမ်းကို အကျိုးရှိသွားမယ်'

'မင်းစကားတွေကို ငါသိပ်ပြီး နားမလည်ဘူး'

'ဆရာ… ဘာသာပြန်ဖို့ခက်နေရင် နောက်မှ ပြန်ပေးမယ်၊ ခုအချိန်ရှိတုန်း ရဲမောင်ဆီကို လစ်ကြရအောင်၊ ကျောက်ကြီး'

'ကိုအိုက်တူး'

'ခနောင် လောင်းကစားရုံကိုမောင်းကွာ၊ အဲဒီမှာဒီကောင် ရှိဖို့များတယ်'

'ဟုတ်ကဲ့'

ခွန်ထူးနောင်တို့ ကားလေး မောင်းထွက်ခဲ့တော့သည်။



'ဘုတ်…'

'ဟင်..'

ရဲမောင်ရှေ့သို့ချပေးလိုက်သော ငွေထုပ်ကိုကြည့်ပြီး လောဘလောင်းရိပ်တွေ ဝင်ရောက်ပူးကပ်သွားသည်။

'ဘယ်လိုလဲ ရဲမောင်…မင်းကူညီနိုင်မလား'

'ကူ…ကူတော့ ကူညီချင်ပါတယ်၊ ဒါ…ဒါပေမဲ့ ဆရာ ဟိန်းရာဇာကိုကြောက်တယ်၊ သူ့နေရာကို ကျွန်တော်ကလွဲပြီး ဘယ်သူမှ သိတာမဟုတ်ဘူး'

'ရဲမောင်… ဒီအတွက် မင်းဘာမှကြောက်စရာမလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့တာဝန်ထားလိုက်၊ ငါရှင်းပေးမယ်’

‘ဆ…ဆရာ၊ တကယ်ပြောတာလား…’

‘ဒါက လိမ်ညာရမယ့်စကားမဟုတ်ဘူး၊ သခင်မကြီးရဲ့ တူတော်မောင်ကွ၊ မဟာသီရိစံအိမ်ကြီးမှာ သခင်မကြီးနန်းစောသီရိပြီးရင် ခွန်ထူးနောင်ဆိုတာကို မင်းမသိဘူးလား’

‘သိ…သိပါတယ်ဆရာ’

‘အေး…သိရင် ပြောစရာရှိတာကို ပြောလိုက်တော့’

ရဲမောင် ခဏမျှ ငြိမ်သက်သွားပြီးမှ…

‘ကျွန်တော်ပြောပြပါ့မယ်၊ တစ်ခုတော့ ကတိပေးပါ’

‘ဘာကတိလဲ’

‘ကျွန်တော့်ကို ကာကွယ်ပေးပါ ဆရာ…’

‘မင်းခေါင်းထဲကနေ ထုတ်ထားစမ်းပါကွာ၊ ကဲ…သွားကြရအောင်’

ငွေကြေးနောက်ကို သစ္စာတရားလိုက်ပါသွားတာကြောင့် ဟိန်းရာဇာရှိသောနေရာကို ရဲမောင် လိုက်ပြရန် လိုက်ပါသွားတော့သည်။ မြို့အပြင်လမ်းထက်ဆီသို့ရောက်ပြီး သိပ်မကြာလိုက်…

‘ဟိုမှာ မြင်နေရတဲ့အိမ်ပဲဆရာ’

‘ဒီကောင် ဒီမှာရှိတာ သေချာတယ်နော်’





‘သေချာပါတယ်’

‘မင်းနေခဲ့တော့… အေး…ငါတို့ကို ပတ်ပြီးတော့ လစ်မယ် …တော့ စိတ်မကူးနဲ့နော်’

‘ဆရာတို့ကို မလိမ်ရဲပါဘူး’

ရဲမောင်ကို ကားပေါ်မှ ချထားပေးပြီး အိမ်ဘက်ကို ကား…ပြီးမောင်းထွက်ခဲ့သည်။

‘ဆရာ…ဒီအတိုင်းဝင်လို့ ရပါ့မလား၊ ကျွန်တော်တို့ကို …တာနဲ့လစ်သွားနိုင်တယ်’

‘ဒီကောင်လစ်သွားလည်း သူ့အနွယ်ကတော့ကျန်နေမှာပါ၊ …တို့ကောက်ယူပြီး အန်ထုတ်ခိုင်းလိုက်ရင် ပွဲကပြီးပါတယ်’

‘ဆရာပြောတာကို ကောင်းကောင်းသဘောပေါက်ပြီ’

ခြံရှေ့နားတွင် ကားထိုးရပ်လိုက်သည်နှင့် ဟိန်းရာဇာ၏ …ည့်တစ်ကောင်ထွက်လာသည်။

‘ဟင်…ဦး…ရီးတော်’

‘ကျားကြီး…မင်းဆရာ ရှိတယ်မဟုတ်လား’

‘ဟို…ဟို…မ…မရှိပါဘူး’

‘ဘာကွ…အိုက်ထူး’

ခွန်ထူးနောင် အသံပြုလိုက်တာကြောင့် အိုက်ထူး၊ကျားကြီး



www.burmeseclassic.com

www.burmeseclassic.com



နားကို ကပ်လိုက်ပြီး…

'မင်း ဘာဝကူးမကောင်းဘူးနော်၊ ငါ့လက်ထဲက သေနတ်က သွေးမသောက်ရတာကြာပြီ'

'မ…မလုပ်ပါနဲ့ ကိုအိုက်ထူး'

'မင်း ခေါင်းမမာနဲ့လေ၊ မင်းအတွက် အကျိုးမယုတ်စေဘူး'

'ဟို…ဟို…အိမ်ထဲက မြေအောက်ခန်းမှာရှိပါတယ်'

'ကျေးဇူးပဲ၊ မင်းသွားခွင့်ရသွားပြီ‥ကျားကြီး'

ကျားကြီး သူတို့အနားကနေ ခပ်ကုတ်ကုတ်လေးထွက်သွားသည်နှင့်အိမ်ကြီးထဲသို့ ဝင်လာခဲ့ကြတော့သည်။

'ဟိန်းရာဇာ‥ဟိန်းရာဇာ‥ ဒေါက်…ဒေါက်‥ဒေါက်‥'

မြေအောက်တံခါးကို ခေါက်သော်လည်း အထဲမှပြန်ထူးအသံပြုခြင်းမရှိပေ…။

'ဟိန်းရာဇာ‥နောက်တစ်ခါခေါ်သံက မင်းကိုအခွင့်အရေးပေးမှာမဟုတ်တော့ဘူးနော်‥ ငါတို့မင်းဆီကိုလာကြတာ ကိစ္စတစ်ခုကိုဆွေးနွေးဖို့အတွက်လာကြတာ၊ ပြဿနာဘာမှမရှိဘူး'

'ကျွဲ…'

မြေအောက်တံခါးလေးပွင့်လာပြီး…

'ဦးရှီးတော်‥ကျွန်‥တော့်ကို ခွင့်လွှတ်ပါ၊ သခင်မကြီးကို ပြန်ပြီးမပြောပါနဲ့ဗျာ'

'စိတ်ချ…ခုလို သခင်မကြီးမသိအောင် နောက်မဒီလေးနဲ့ အိပ်မက်လှလှလေးမက်နေတဲ့ ကမ္ဘာကို မထိခိုက်စေရဘူး၊ အင်း‥တစ်ခုတော့ရှိတယ်၊ ငါတို့ကိုတော့ ပြန်ပြီးအကူအညီပေးရလိမ့်မယ်'

'ကျွန်တော်က ဘာကိုကူညီရမှာလဲ'

'မင်း ကူညီပေးရမှာက ဒီလို ××× ×××××× ×××× ××× ××××'

'ဘယ်လိုလဲ… မင်းကူညီနိုင်မလား'

'စိတ်ချ‥ကျွန်တော် မရရအောင် ပြောပေးမယ်'

'အိုကေ… ဒါဆို မင်းနဲ့ငါရဲ့အပေးအယူကတော့ တည့်သွားပြီ၊ ငါတို့သွားမယ်၊ ဆက်ပြီးအိပ်မက်လေးတွေ မက်လိုက်ဦး၊ တစ်ခုတော့ရှိတယ်နော်၊ ငါတို့ဖြစ်ချင်တဲ့ ပုံစံမရရင်တော့ မင်းအတွက် အနာဂတ်က လှပမှာမဟုတ်ဘူး၊ သခင်မကြီးက တခြားကိစ္စနဲ့သာ ခွင့်လွှတ်မှာ ခုလိုကိစ္စမျိုးကိုတော့ မင်းသိပါတယ်'

ဟိန်းရာဇာတစ်ယောက် သခင်မကြီး နန်းစောသီရိ၏ အချက်ဒေါသကို ကောင်းကောင်းသိသည်။ ဟိန်းရာဇာကို မင်း







www.burmeseclassic.com

www.burmeseclassic.com



[illegible]ပါးလို မွေးထားပြီး ရွှေလှောင်အိမ်နှင့်ထားခဲ့သလို [illegible]နှင့်ပတ်သက်ရင်တော့ ခုလိုအခြေအနေမျိုးမဆိုနှင့် သတင်းလေးကြားရင်တောင် မရချေ…။

‘ဦးရီးတော် ကျေးဇူးကိုမမေ့ပါဘူး’

‘ကျေးဇူးဆိုတာ ဆပ်တတ်ဖို့တော့ လိုတယ်နော်’

‘ဦးရီးတော် ဖြစ်ချင်တဲ့ဆန္ဒအတိုင်းဖြစ်စေရမယ်’

‘စောင့်ကြည့်ကြတာပေါ့’

ခွန်ထူးနောင်တစ်ယောက် သူ၏ ရင်ဘတ်ထဲမှ မီးခဲကြီး အေးငြိမ်းသွားသလို ခံစားလိုက်ရသည်။



# အခန်း ၊၃၊

ပန်းရသ[illegible] သူ့ဘဝနှင့်သူ၏ရာဇဝင်တွေက ကောင်းခြင်း ဆိုတာ တစ်ခုမှမရှိခဲ့သူ၊ ခါးသီးလှသော ဘဝအချိုးအကွေ့ ကြား မှာ အသက်ရှင်နေရသူတစ်ဦးဆိုရင် မမှား၊ ထိုသို့ဘဝကို သူက ရောက်ချင်သူတော့မဟုတ်၊ ဒါပေမဲ့ သူ၏ဇာတာက သူ့ကို ရုန်း ထွက်လို့မရအောင် ချုပ်နှောင်ထားခြင်းကိုခံခဲ့ရသူပင်။

ဖခင်ဖြစ်သူက အရက်သမား၊ ဖဲဝိုင်း၊ မိခင်ဆိုတာတော့ သူမသိ၊ ဖခင်ဖြစ်သူကလည်း တစ်ကြိမ်တစ်ခါမှပြောခဲ့ခြင်းမရှိ၊ သူကလည်း တစ်ကြိမ်တစ်ခါမှ မေးခဲ့ခြင်းလည်းမရှိခဲ့ပေ။ ဘာ ကြောင့် မမေးမိသလဲဆိုတာတော့ သူ့ကိုယ်သူပင်မသိ။

ဖခင်ဖြစ်သူက လူဆိုး၊ လူမိုက်တစ်ယောက်ဖြစ်ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ ပန်းရသကိုတော့ ပညာတတ်ကြီးဖြစ်စေချင်ခဲ့သူ၊ ဒါပေမဲ့ ဖခင်ဖြစ်သူ၏ဆန္ဒတွေက မပြည့်ဝခဲ့ပေ၊ ပန်းရသ ပညာရေးမှာထူးချွန်သူတစ်ဦးဖြစ်ခဲ့ပြီး (၁၀)တန်းကို ဂုဏ်ထူး(၅)ဘာသာဖြင့်အောင်မြင်ကာ ဆေးတက္ကသိုလ်သို့တက်ခဲ့ရသူ။

ဆေးကျောင်းသားတစ်ယောက်အတွက် ကုန်ကျစရိတ်ဟာ များပြားလှပေမဲ့ ဖခင်ဖြစ်သူ ဦးအောင်ခန့်ကျော်တစ်ယောက် သားဖြစ်သူအတွက် ငွေကို မပူမပင်ရအောင် ရှာဖွေပြီး ထောက်ပံ့ခဲ့သည်။

ထိုငွေများကို ဘယ်ကနေရခဲ့သလဲဆိုတာ တော့မသိခဲ့ပါ။ ပန်းရသတို့သားအဖကြားတွင် ဥပဒေလေးတစ်ခုရှိသည်။ ထိုဥပဒေကတော့ ဖခင်ဖြစ်သူလုပ်ကိုင်သမျှတွေကို ဘယ်သောအခါမှ သိခွင့်မရသလို မေးပိုင်ခွင့်လည်းမရှိခဲ့ပါ။

ဒါဟာ ဖခင်ကြီးဘက်မှ သူ၏ရာဇဝင်အညစ်အကြေးတွေကို ဖြတ်တောက်နေခြင်းပင်ဖြစ်သည်ဆိုတာကို နောက်ကျပြီးမှ သိခွင့်ရတော့သည်။

ဖခင်ကြီး ဦးအောင်ခန့်ကျော်သည် သားဖြစ်သူကို ကျောင်း ပိတ်ချိန်ရောက်တိုင်း မြို့ကိုပြန်ခွင့်မပြုတာ (၃)နှစ်တိတိပြည့်ခဲ့ ပြီဖြစ်သည်။ သူ့ကိုသတိရလျှင် ဖခင်ကြီး ပန်းရသဆီကိုရော





သားအဖနှစ်ယောက်တွေ့ဆုံမှုလေးကို ကျင်းပခဲ့ကြတယ်၊ ကြောင့်မြို့ကို မပြန်နိုင်းသလဲဆိုတာတော့ မသိခဲ့။

ကြမ္မာမုန်တိုင်းတိုက်ခိုက်မည့်နှစ်ပင်ဆိုရမည်။ ပန်းရသ… ခင်ကြီးကိုတွေ့ချင်တာကြောင့် မြို့ကို ကြိုတင်အကြောင်း ကြားဘဲ ပြန်လာခဲ့တဲ့နှစ်ဟာ သူ၏ဘဝနှင့် သူ့သမိုင်းစာမျက် သစ်ကို စတင်ပြီးရေးထိုးခဲ့တဲ့နှစ်ပင်ဖြစ်သည်။

'ဦးလေးသောင်း…ဦးလေးသောင်း…'

ပန်းရသတို့သားအဖနှင့်အတူ ငယ်စဉ်ကတည်းက အတူနေ ခဲ့သော ဦးလေးသောင်းကို အိမ်ရှေ့ကွပ်ပျစ်လေးတွင်ထိုင်နေ ကိုတွေ့လိုက်ရတာကြောင့် လှမ်းပြီးခေါ်လိုက်ခြင်းဖြစ်သည်။

'ဟင်…ရသ…'

ဦးလေးသောင်းမျက်နှာတွင် အံ့သြခြင်း၊ ထိတ်လန့်ကြေကွဲ ဝေဒနာကိုပါ တွေ့မြင်လိုက်ရသည်။

'ဦးလေးသောင်း ဖေဖေရော…'

'ဟို…ဟို…'

'ဘာလဲ…အံ့ပြင်ဝိုင်းတွေလိုက်နေတာလား'

ဦးလေးသောင်းထံမှ စကားသံဆက်ပြီးထွက်မလာတော့ ဆွံ့အနေသည်။ ပန်းရသကို စိုက်ကြည့်နေသော မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် မျက်ရည်စတွေကိုပါတွေ့နေရတာကြောင့်…

'ဦးလေးသောင်း…ဖေဖေ ဘာဖြစ်လို့လဲ'

'တောက်…'

ဦးလေးသောင်း အံကိုကြိတ်၍တောက်တစ်ချက်ခေါက်ပြီး

'အင်အာချင်းမမျှလို့ ငါ့ဆရာ သေဆုံးခဲ့ရတာ'

'ဗျာ…'

'ဟုတ်တယ်ရေသ…လူလေးဖေဖကို သူတို့ရှင်းပစ်လိုက်ကြပြီ'

'ဘာ…'

ပန်းရေသ မျက်လုံးအိမ်ထဲတွင် မီးဝင်းဝင်းတောက်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံး မာကြောခက်ထန်သော ဒေါသတွေနှင့် သွေးများပွက်ပွက်ဆူသွားသည်။

'ဘယ်သူက ဖေဖေ့ကို သတ်လိုက်တာလဲ'

'ထွန်းလှဘို…'

တစ်ချိန်က အမဲရောင်နယ်မြေတွင် ပြည်နယ်လွတ်မြောက်ရေးခေါင်းစဉ်ဖြင့်ဆက်ကြေးတောင်း၊ မားပြတိုက်၊ မူးယစ်ဆေးဝါးမှောင်ခိုကူးပြီး ငြိမ်းချမ်းရေးယူကာ ဘဝသစ်နဲ့ လူကြီးလူကောင်းအဖြစ် ဟန်ဆောင်နေခဲ့တဲ့သူပင်ဖြစ်သည်။





'ဦးလေးသောင်း…မင်းကိုအကြောင်းစုံပြောပြမယ်'

'မင်း(၁၀)တန်းအောင်တဲ့နှစ်မှာပဲ မင်းဖေဖေဟာ သူ့ သားကို ဆရာဝန်ကြီးဖြစ်စေချင်တာ…ဟို…ထွန်းလှဘိုဆီမှာ ကြေးစားဖဲသမားလုပ်ခဲ့တယ်'

'ဗျာ…'

'ထွန်းလှဘိုဆိုတဲ့သူက နယ်စပ်ထိသွားပြီး အကြီးစားလောင်းကစားမှုတွေကို မင်းအဖေနဲ့အတူ လုပ်ကိုင်ခဲ့တယ် ပန်းရေသ… မင်းအဖေဆိုတဲ့သူဟာ အတိတ်ဘဝက ဘာတွေကိုဆုတောင်းခဲ့သလဲမသိဘူး၊ လောင်းကစားနဲ့ပတ်သက်ပြီး တကယ်ကို ပြိုင်ဘက်ကင်းတဲ့လူတစ်ယောက်… မင်းအဖေကြောင့် ထွန်းလှဘိုဟာ အရမ်းကိုချမ်းသာခဲ့တယ်၊ မင်းအဖေကတော့ မင်းကျောင်းစရိတ်အတွက် ပြည့်ပြည့်စုံစုံရနေရင် ကျေနပ်နေသူလေ'

'ဖေဖေ့ကိုသူက ဘာလို့ သတ်ခဲ့ရတာလဲ'

'ထိုင်းနိုင်ငံထဲမှာ အကြီးမားဆုံးလောင်းကစားပွဲတစ်ခု မှာ လူတစ်ယောက်နဲ့ ယှဉ်ပြိုင်ရတဲ့လောင်းကစားပွဲတစ်ခုဖြစ်ခဲ့တယ်၊ တစ်ဖက်က လောင်းကစားသမားက ကမ္ဘာကိုပတ်ပြီး ဖဲရိုက်ခဲ့ပြီး ပြိုင်ဘက်ကင်းဖဲသမားတစ်ဦးဖြစ်သလိုလောင်းကြေးက ဈေးအမြင့်ဆုံးထိ ဖြစ်ခဲ့ကြတဲ့ပွဲတစ်ခုပဲ ရေသ…'



www.burmeseclassic.com

www.burmeseclassic.com



'နှစ်ယောက်တည်း စီးချင်းထိုးတဲ့ပွဲပေါ့'

'ဟုတ်တယ်..ငွေကြေးတင်မကဘူး၊ ကျောက်စိမ်း၊ စိန်တွေပါ၊ပါဝင်တဲ့ စိန်ခေါ်ပွဲပဲ... ဒီလောင်းကြေးနဲ့ပတ်သက်ပြီး မင်းဖေဖေ ဟာ အရင်လို ကြေးနဲ့မကစားဘူးလို့ ငြင်းခဲ့တယ်.. ဒါကို ထွန်းလှဘို က အနိုင်ရလဒ်ထဲက (၃)ပုံ(၁)ပုံကိုပေးမယ်လို့ ကတိပေးပြီး စိန်ခေါ်ပွဲကိုလက်ခံခဲ့တယ်'

'ပွဲအခြေအနေက ဘယ်လိုဖြစ်သွားလဲ ဦးလေးသောင်း'

'မင်းအဖေ နိုင်ခဲ့တယ်၊ ဒါပေမယ့် ထွန်းလှဘို ဘက်က ကတိမတည်ခဲ့ဘူး၊ ပေးသင့်တဲ့ငွေကြေးကိုမပေးဘဲ မင်းအဖေကို ပါ အပြတ်ရှင်းခဲ့တာ'

'လူယုတ်မာကြီး'

ပန်းရသ အံကိုကြိတ်ရင်းပါးစပ်ထဲမှ သွေးစက်တွေပါ စီး ကျလာသည်။

'လူလေး...လူလေး.. သတိထား..ထားဦး'

ပန်းရသကို ဘယ်လိုမှ တားဆီးလို့မရနိုင်တာကို ဦးလေးသောင်းသိထားသူဖြစ်သည်။ ငယ်စဉ်ကတည်းက ပန်းရသ ဟာ ဒေါသဖြစ်လာပြီဆိုရင် အရမ်းကိုကြောက်စရာကောင်းပြီး တားဆီးလို့မရ၊ ဘီလူးတစ်ကောင်ဝင်ရောက်ပူးကပ်သလို ဖြစ်သွား





တတ်သည်။

'ကျုပ် ဒီကောင်တွေကို ပြန်ပြီးလက်စားချေမယ်'

'ရသ...လူလေးရယ်...မင်းဖေဖေဖြစ်စေချင်တဲ့ဘဝကို ရောက်အောင်ပြန်ပြီးသွားပါကွယ်'

'ဖေဖေမရှိတဲ့ ကျွန်တော့်အနာဂတ်ဆိုတာ ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး၊ ဖေဖေ့အတွက် တန်ရာတန်ကြေးကို ပြန်ပြီးယူမယ်'

'ရသ...လူလေး'

ဦးလေးသောင်း၏ခေါ်သံက နောက်တွင်ကျန်ရစ်ခဲ့ပြီဖြစ် သည်။ ပန်းရသတွင် သာမန်လူတွေထက် ထူးခြားသောအစွမ်း တစ်ခုရှိသည်။ မည်သည့်လက်ဖွဲ့၊ အဆောင်တွေမှမရှိဘဲ သေနတ်၊ ဓား၊ လက်နက်တွေနဲ့ တိုက်ခိုက်၍ ဒဏ်ရာပင်မရသောသူတစ် ယောက်ဖြစ်သည်။ ထိုအရာသည် ပန်းရသ၏ အတိတ်ကံ၏ အကျိုးဆက်တစ်ခုပင်ဖြစ်သလား၊ ဂြိုဟ်နက္ခတ်တွေနဲ့ ယှဉ်၍ မွေးဖွားခဲ့သူလားဆိုတာတော့ မသိပေ။

ရသ သွားရမည့်နေရာက ခြေလျင်သွားလို့ မဖြစ်နိုင်တာ ကြောင့် လျှောက်နေသောခြေလှမ်းတို့ကို ရပ်လိုက်ကာ ပတ်ဝန်း ကျင်ကို မျက်လုံးကစားကြည့်တော့ ဝီလီဂျစ်ကားလေးတစ်စီးနှင့် အတ်ဆီဘောက်ဆာကားကြီးတစ်စီး ရှေ့ဆင့်နောက်ဆင့်ရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာကိုတွေ့လိုက်ရသည်။

'ဒီကောင်ကြီးခြံထဲကိုဝင်ဖို့ဆိုရင် ကားသေးတွေနဲ့မရဘူး၊ ဟုတ်ပြီ… ဒင်းတို့ဘဝကိုပါ တစ်ခါတည်း ဖာတ်သိမ်းဖို့အတွက်… '

ဖာတ်ဆီဘောက်ဆာကားကိုရွေးချယ်လိုက်သည်။

'ဟေ့လူ ဒါ‥ဘာလုပ်တာလဲ'

'ခင်ဗျားဆီက အကူအညီတောင်းမလို့'

'ဘာ‥'

'ခင်ဗျားဘဝလေးကိုဆက်ပြီး ရှင်သန်ချင်တယ်ဆိုရင် ကားပေါ်ကနေဆင်းလိုက်ပါ၊ ကျုပ် လူမသတ်ချင်ဘူး'

'မင်း‥မင်း‥ဟေ့‥အု‥ဖြောင်း…'

ကားဒရိုင်ဘာကို အန္တရာယ်မပေးလိုတာကြောင့် မျက်နှာကို ရိုက်ချလိုက်ပြီး အသံကိုတိတ်သွားအောင်လုပ်လိုက်ရသည်။

'ကျေးဇူးအတင်မခံချင်တဲ့လူပဲ၊ ကဲ…ခဏလောက် အိပ်ပြီးလိုက်ခဲ့တော့'

ကားပေါ်မှ ဆွဲချရင် တခြားသူတွေ မြင်နိုင်တာကြောင့် ကားခေါင်းထဲမှာပဲထားပြီး ကားမောင်းထွက်ခဲ့တော့သည်။

'ကျွီ…'





ပန်းရသ‥ကားရပ်ပြီးအဝေးမှလှမ်းပြီးမြင်နေရသော အိမ်ကြီးကို ကြည့်လိုက်သည်။

ရသတို့နေထိုင်သောမြို့တွင် ခမ်းနားထည်ဝါဆုံးအဆောက်အဦကြီးတစ်ခုပင်ဖြစ်သည်။ အိမ်ကြီး၏အတွင်းပိုင်းကို မတွေ့နိုင်အောင် မြင့်မားလှသော အုတ်တံတိုင်းကြီးများကို ကာရံထားပြီး ခြံဝန်းတံခါးမကြီးကို ခေတ်မီနည်းပညာတွေနှင့်အဖွင့်အပိတ်လုပ်ထားသည်ကိုတွေ့နေရသည်။

'မင်းတံခါးကပဲ ခိုင်မလား၊ ငါ့ကားကပဲ ခိုင်မလားဆိုတာ သက်တွေ့စမ်းသပ်ရတော့မှာပဲ၊ ကဲ…ဒေါက်…ဝူး…'

ကားစက်နှိုးပြီး အရှိန်ဖြင့်မောင်းထွက်လာခဲ့သည်။ ခြံတံခါးကြီးနှင့်နီးလာသည်နှင့်အမျှ ကားစက်ကို ပိုပြီးမြှင့်တင်လိုက်သည်။

'ဝူး…ဝုန်း‥'

ခြံတံခါးကြီးနှင့် ကား၏ ပြင်းထန်စွာထိခိုက်မှုကြောင့် ထွက်ပေါ်လာသောအသံကြီးမှာ တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှသည်။ ခြံတံခါးကြီးကတော့ ကား၏တိုက်ခိုက်မှုဒဏ်ကို တောင့်ခံနိုင်စွမ်းမရှိ ပြုတ်ထွက်လွင့်စင်သွားသည်။

ပန်းရသကို မှန်ကွဲစများထိမှန်ပြီး လက်မောင်းနှင့်ပါး•



www.burmeseclassic.com

www.burmeseclassic.com



တွင်ဒဏ်ရာ ရသွားသည်။ ကံကောင်းထောက်မစွာ ကားကြီးမှာ တိမ်းမှောက်ခြင်း၊ ပေါက်ကွဲခြင်းမရှိဘဲ အိမ်ကြီးဆီသို့သွားသော လမ်းအတိုင်း မောင်းဝင်လာခဲ့သည်။

'ကိုယ်ရံတော်တွေ မနည်းပါလား'

ပန်းရသ ကားစက်သတ်ပြီး အိမ်ကြီးပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ သေနတ်သမား၊ ဓားသမား (၁၀)ယောက်ကျော်မျှကိုတွေ့လိုက်ရသည်။

ထို့အပြင် ကိုယ်ရံတော်(၆)ယောက် ဝိုင်းရံပြီး ရပ်နေသော ထွန်းလှဘိုကိုလည်း တွေ့လိုက်ရသည်။

'ဒီကောင်တွေကို လက်နက်မဲ့တိုက်ခိုက်နေလို့ကတော့ အချိန် ကြာသွားနိုင်တယ်၊ ကိစ္စကိုအမြန်ဆုံးဖြတ်ရမယ်'

ကားတံခါးကိုဖွင့်ပြီးအောက်ကို ပန်းရသဆင်းလာခဲ့သည်။ သူ့လက်ထဲမှာ (၃)ပေလောက်ရှိသော သံထုတ်တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။ ပြီးတော့မှ ထွန်းလှဘိုရှိရာကို တည့်တည့်မတ်မတ်လျှောက်သွားခဲ့သည်။

'ဟေ့ကောင်တွေ..မင်း..မင်းတို့ပတွေးကို ရပ်ကြည့်နေကြမှာလား'

ထွန်းလှဘို သူ့ကောင်တွေကို လှမ်းပြီးအော်ပြောလိုက်





တာကြောင့် ရသဆီကို ပြေးဝင်လာကြသည်။

'ဒုတ်...အင့်...ဖြောင်း..အီး..'

အရင်ဆုံးပြေးဝင်လာကြတဲ့သူတွေကတော့ တစ်ယောက်ကို တစ်ချက်နှုန်းဖြင့် မြေပြင်တွင် အသီးသီးမှောက်ကုန်တော့သည်။

'အညွှန့်စားလူမိုက်တွေပဲ..လာကြလေကွာ'

ပန်းရသဆီကို ဒုတိယအုပ်စု တုတ်၊ ဓား ကိုယ်စီနှင့် ဝင်ရောက်တိုက်ခိုက်ပြန်သည်။

'ဖြောင်း..ခွပ်... ဒုတ်..ဟင်...ဟာ...ဟိုက်'

ပန်းရသ ခေါင်းဆီသို့ကျရောက်သွားသော တုတ်ရိုက်ချက်များ၊ ခန္ဓာကိုယ်ပေါ်ဆီက ဓားခုတ်ချက်တွေက ဘာမှအရာမထင်တာကြောင့် အားလုံးအံ့သြသွားကြသည်။

'မင်းတို့ တုတ်တွေ၊ ဓားတွေက ဇာတ်ထဲမှာပဲအသုံးဝင်သလို ဖြစ်နေပြီ၊ အပြင်မှာ အသုံးဝင်တာက ဒီမှာကွ'

'ဒုတ်..ခွပ်..အီး..အား..အင့်..'

လျှပ်တစ်ပြက် မျက်စိတစ်မှိတ်လောက်မှာပဲ စကားသံလေးတောင် ဆက်ပြီးထွက်မလာတော့ဘဲ မြေပြင်တွင်အနားယူခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆ…ဆရာ… ဘယ်လိုလုပ်မလဲ'

'ဒီ…ဒီကောင်က လူ…လူမဖြစ်လောက်ဘူး'

'ဘာ…ဖြစ်ဖြစ်ကွာ…အပြတ်ရှင်း…'

'ဘာနဲ့ရှင်းရမှာလဲ ဆရာ'

'ဟာ…ကွာ…မင်းတို့ကို ပေးထားတဲ့ သေနတ်တွေက ဘာလုပ်ဖို့လဲ၊ ဟန်ရေးပြဖို့လား၊ တယ်…ဒီကောင်တွေတော့'

ပန်းရသရဲ့ တိုက်ခိုက်မှုတွေပေါ်မှာ ထွန်းလှဘိုတပည့် တွေ သွေးပျက်မတတ်ဖြစ်နေလေသည်။

'ပစ်…ပစ်တော့ကွာ…'

'ချောက်…ချောက်…ချောက်…ဟာ…ဟိုက်…ဟင်…'

သေနတ်တွေဆီမှ ကျည်ဆံထွက်ပေါ်လာခြင်းမရှိ၊ ပန်းရသကတော့ သူတို့ဆီကို တည်တည်ငြိမ်ငြိမ်လျှောက်လာတော့သည်။

'ချောက်…ချောက်…ချောက်…'

နောက်တစ်ကြိမ် ထပ်ပြီးကြိုးစားပေမဲ့ သေနတ်ထဲမှ ကျည်ဆံတွေကထွက်ပေါ်လာခြင်းမရှိပေ။

'ဘယ်လိုလဲ ဦးထွန်းလှဘို… ခင်ဗျားလူတွေကို ဒုတိယကမ္ဘာစစ်က သေနတ်တွေကို ကိုင်ခိုင်းထားတာလား၊ ဟား…ဟား…ဟား…'





'မင်း…မင်း…ကဘယ်သူလဲ၊ ဘာကြောင့်ငါ့ကိုရန်မူရတာလဲ'

'ကျုပ်ဘယ်သူလဲဆိုတာကို ခင်ဗျားသိပ်ပြီး သိချင်နေမှာပေါ့၊ သိစေရမယ်…အရင်ဆုံးခင်ဗျားသိရမယ့်သူက ဦးအောင်ခန့်ကျော်'

'ဘာ…'

ထိုအမည်ကိုကြားလိုက်သည်နှင့် ဦးထွန်းလှဘို မျက်နှာပျက်သွားသည်။

'သူ့ကိုတော့ ခင်ဗျားကောင်းကောင်းသိနေမှာပါ'

'မ…မသိဘူး'

'ဒိုင်း…အ…'

ပန်းရသ… သေနတ်နှင့်ဦးထွန်းလှဘို လက်မောင်းကို ပစ်ချလိုက်သည်။

'နောက်တစ်ခါ ထပ်မေးမယ်၊ မသိဘူးဆိုရင်တော့ ကိုယ်ပေါ်ကနေ ခေါင်းကိုကျည်ကလမ်းကြောင်းပြောင်းသွားမှာနော်'

'သိ…သိပါတယ်ကွာ၊ မင်းနဲ့ဘယ်လိုပတ်သက်လို့လဲ၊ သူ့ကို ဒုစရိုက်သမားအချင်းချင်း စကားများပြီး လက်လွန်သွားခဲ့တာပါ'

'ခင်ဗျားက ကလိမ်ကကျစ်ပဲ၊ ခင်ဗျားဝေစုပေးရမှာကို



www.burmeseclassic.com

www.burmeseclassic.com



လောဘတက်ပြီး သတ်ပစ်ခဲ့တာမဟုတ်ဘူးလား’

‘ဟင်..ဟို..မ...မဟုတ်ရပါဘူး’

‘ဒိုင်း..အီး..’

နောက်ထပ်လက်မောင်းတစ်ဖက်ကို ပစ်ချလိုက်ပြန်သည်။

‘သေမင်းနဲ့တော့ အရမ်းကိုနီးစပ်နေပြီနော်..’

‘မင်း..မင်းက သူနဲ့ဘယ်လိုပတ်သက်လို့လဲ’

‘ကျုပ်က သူ့ရဲ့သား’

‘ဟာ...’

‘ငါ..တောင်း...တောင်းပန်ပါတယ်ကွာ၊ သူ့ငွေစုကို ပေးလိုက်ပါ့မယ်’

‘အရမ်းကိုနောက်ကျသွားပြီ ဦးထွန်းလှဘို၊ ကျုပ်အဖေ့ရဲ့ အသက်ကြွေးကိုပဲ ပြန်ယူချင်တာ’

‘မ...မလုပ်ပါနဲ့..ကွာ၊ မင်း ကျေနပ်သလောက် အနစ်နာကြေး ပေးပါ့မယ် မသတ်ပါနဲ့’

‘ဟား..ဟား..ဟား... သိပ်ပြီးရယ်ဖို့ကောင်းနေပြီ လူတစ်ယောက်ရဲ့အသက်ကို ထင်တိုင်းကြဲပြီး သတ်ခဲ့တာတွေ ခင်ဗျားကြီးပြန်ပြီးတော့ မြင်ကြည့်လိုက်... ကျုပ်ခင်ဗျားဆီက ပြန်ပြီးယူချင်တာ ငွေမဟုတ်ဘူး..အသက်... အသက်...’





‘မ...သတ်..မသတ်ပါနဲ့...ကွာ၊ တောင်း...တောင်းပန်ပါတယ်..’

‘ဖြောင်း...အီး..’

ပန်းရသ၏ သံတုတ်ရိုက်ချက်အောက်တွင် ဦးထွန်းလှဘိုတစ်ယောက် ဇီဝိန်ချုပ်ငြိမ်းသွားခဲ့ပြီး...

‘အဖေ..ရေ... အဖေ့အတွက်..သား..အကြွေးပြန်ပြီး ဆပ်နိုင်ခဲ့ပြီ...’

ပန်းရသ...ဖခင်အတွက် တာဝန်တစ်ခုကိုကျေခဲ့ပေမဲ့ သူ့ဘဝကတော့ လမ်းကြောင်းတစ်ခုကိုပြောင်းသွားခဲ့ပြီဖြစ်သည်။ ထိုပြစ်မှုအတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံခဲ့ရပြီး သူ ...ကြောင်းတစ်ခု၏ ဖေးမမှုကြောင့် နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဒီနောက်တော့ ထိုမြို့လေးတွင် ကြေးစားခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ဘဝကို အရောင်ပြောင်းလိုက်တော့သည်။

ပန်းရသတို့မြို့မှာက ရိုးသားခြင်းဆိုတာမရှိပေ။ မှောင်ခို ...သွားရေးသမားတွေ၊ ဒုစရိုက်ဂိုဏ်းအဖွဲ့တွေ၊ ကြေးစားပေါင်းစုံတို့၏ ကျင်လည်ရာ အောင်မြေတစ်ခုဖြစ်နေတာကြောင့် ရိုးသား ...နေခြင်းသည် တိုက်ခိုက်ခြင်းကို အများဆုံးခံရသူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံးကတော့ ပန်းရသကို ကြောက်ရွံ့ခြင်း၊ လေးစား ခြင်း၊ အားကိုးခြင်းတို့နှင့်အတူ အမှောင်လောကကို စိုးမိုးချု ပေးထားခြင်းခံရသူတစ်ဦးဖြစ်သည်။

ပန်းရသသည် မိန်းမ မရှုပ်၊ လောင်းကစားမလုပ်၊ မူးယ ဆေးဝါးမသုံးစွဲ၊ တစ်ခါတလေ အရက်သောက်တတ်တာက လွဲ လို့ ဘာကိုမှ မခုံမင်သူ၊



## အခန်း၊၄၊

ခန့်ညားထည်ဝါလှသော 'မဟာသီရိ' စံအိမ်တော်ကြီးကို န်းရသ သူ့ကိုခေါ်လာသောကားပေါ်မှ လှမ်းကြည့်လိုက်သည်။

ရွှေးစော်ဘွားအဆက်ဆက် ပဒေသရာဇ်စနစ်ကြီးကို သယ်ခဲ့ကြသော နောက်ဆုံးလက်ကျန်ပဒေသရာဇ်စံအိမ်တော် ကြီးပင်ဖြစ်သည်။

'ဝူး…ကျွီ…'

အိမ်ကြီးရှေ့တွင် ကားရပ်သည်နှင့် အနောက်တိုင်းဝတ်စုံ ကို တူညီစွာ ဝတ်ဆင်ထားသော ကြေးစားနှစ်ယောက်တံခါး ကိုပြီးဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'သခင်မကြီးညွှန်ရိပ်သာဆောင်မှာစောင့်နေပါတယ်'

'ကြွပါ..ကိုပန်းရသ'

ပန်းရသကို ခေါ်ဆောင်လာခဲ့သူက ကြေးစားလောက၏ ပွဲစားတစ်ဦးဖြစ်သောမော်ကြီးပင်ဖြစ်သည်။ တစ်ဖက်စီးပွားရေး သမားတွေက ကြေးစားတွေကို ငှားရမ်းချင်ရင် မော်ကြီးဆီက တစ်ဆင့်ဆက်သွယ်ရခြင်းဖြစ်သည်။ မော်ကြီးဆိုသောသူက ပြည်တွင်းတွင်မက ပြည်ပအခြေစိုက်ဒုစရိုက်သမားတွေနှင့်ပါ အဆက်အသွယ်ရှိသူတစ်ဦးပင်ဖြစ်သည်။

'ပန်းရသဆိုတာ မောင်မင်းလား'

ပန်းရသကို ပြောဆိုလိုက်သော သခင်မကြီးဆိုသူ၏အသံ မှာ မာထန်နေပြီး တစ်ဖက်ပေါ်မှာ နှိမ့်ချသော အသံပင်ဖြစ်သည်။ ထိုသို့သော အပြုအမူ၊ စကားသံတွေကို ပန်းရသ အမုန်းဆုံး အထူးသဖြင့် သူတို့နယ်တွင် လက်ကျန်ပဒေသရာဇ်တွေကို ဆ ကျင်နေသူမို့ ခုလို ပဒေသရာဇ်သခင်မကြီးနှင့်ထိပ်တိုက်တွေ့ ရပြီဖြစ်သည်။

'ကျုပ်ကို ခုမှမြင်ဘူးတာနဲ့တူတယ်'

'ဟောကောင်...သခင်မကြီးကို ရိုရိုသေသေပြောစမ်း'

သခင်မကြီးဘေးတွင် ရပ်နေသော ခွန်ထူးနောင်က သခ ကြီးရှေ့တွင် ဟန်ရေးဝင်ပြနေသည်။

'ခွန်ထူးနောင်...နှင့်ပါးစပ်ပိတ်ထားစမ်း၊ ထိုင်ပါဦး အောင်မင်း'

'ကျုပ်ခုထဲကပြောချင်တယ်၊ ကျုပ်ကို ခင်ဗျားအိမ်မှာ နိုင်း ထားတဲ့ ကျေးကျွန်တွေလို သုံးနှုန်းတာမျိုးမသုံးပါနဲ့၊ ကျုပ်က ခင်ဗျားရဲ့လက်ပါးစေမဟုတ်ဘူး'

'တယ်..ဒီကောင်တော့ မဟာသီရိစံအိမ်တော်ကြီးကို ဘာ းမှတ်နေလဲ'

'ခင်ဗျားတို့ စံအိမ်တော်ကို လေ့လာဖို့ ကျုပ်ရောက်လာတာ ဟုတ်ဘူး၊ အလုပ်ကိစ္စစကားပြောဖို့လာတာ၊ မော်ကြီး..ဘယ် လဲ.. ငါ့ကိုပဒေသရာဇ်ကျေးကျွန်စာရင်းထဲကို လာပြီးထည့် တာလား'

'မ...မဟုတ်ပါဘူး..'

သခင်မကြီး စောနန်းသီရိ...ပန်းရသ၏အပြုအမူတွေကို သောတွေ့ပြီး ပြုံးလိုက်သည်။ ထိုင်နေရာမှထလိုက်ပြီး ထူးနောင်ဘက်ကိုလှည့်ကာ..

'ဖြောင်း.. အ...သ..ခင်...မကြီး'

ခွန်ထူးနောင်၏ပါးကို ရိုက်ချလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



'ဒါစကားကို နင်က ဆန့်ကျင်တာလား'

'မ…မဟုတ်ရပါဘူး..'

'သွား..ဟိုမှာရပ်နေ..'

'ဟုတ်…ဟုတ်ကဲ့..'

'အန်တီတောင်းပန်ပါတယ် မောင်ပန်းရသ.. အလုပ်ကိစ္စ စကားပြောကြရအောင်'

စားပွဲရှေ့တွင် ပန်းရသထိုင်ပြီး မျက်နှာချင်းဆိုင်တွင် သခင်မကြီး ထိုင်လျက်..

'ကျုပ်လုပ်ရမယ့်အလုပ်ကဘာလဲ'

'လူတစ်ယောက်ကို ရှာပေးဖို့ပါ'

'အသက်ရှင်လျက်လား'

'အခန့်မသင့်လို့ သေသွားလည်းဖြစ်ပါတယ်၊ အရှင်ရရင်တော့ ပိုပြီးကောင်းတယ်'

'ဘယ်လိုလူလဲ'

'မဟာသီရိစံအိမ်ကြီးကနေ ထွက်ပြေးသွားတဲ့သူ'

'မိန်းကလေး တစ်ဦးပေါ့'

'ဟုတ်ပါတယ်.. ဒီမှာသူ့ဓာတ်ပုံ'

'ဟင်…'





ပန်းရသ…သခင်မကြီးပေးလိုက်သောဓာတ်ပုံကို ကြည့်ပြီး သူ၏သံမဏိနှလုံးသားတစ်ခုလုံးတုန်လှုပ်သွားသည်။ အဲပြစ်အင်းစင်ပြီး တကကယ့်ကို တော်ဝင်သွေးလင်းလက်နေသော အလှမိုင်ရှင်မလေးပင်ဖြစ်နေသည်။

'ဘာကြောင့် သတ်ချင်ရတာလဲ'

'ဒီကိစ္စက မင်းနဲ့မပတ်သက်ဘူးလေ၊ မင်းလုပ်ရမှာက ကြေးစား..ဒီထက်ပိုပြီး သိခွင့်မရှိဘူး'

'ဆောရီးဗျာ..မမေးသင့်တဲ့မေးခွန်းပါ'

ပန်းရသ..သူမကို စိတ်ဝင်စားမှုက သက်ရောက်သွားတာကြောင့် မေးမိလိုက်ခြင်းဖြစ်သည်။

'သူ့အမည်ကရော..'

'ထိပ်တင်လက်ာဒေဝီ..'

'ကျုပ်စဉ်းစားမယ်'

'စဉ်းစားချိန်မရှိဘူး၊ Yes, No တစ်ခုခုပဲ ကြားချင်တယ်'

ပန်းရသ ဓာတ်ပုံလေးကို သခင်မကြီးရှေ့တွင်ပြန်ချပေးပြီး

'ကျုပ်က ပန်းနုနုလေးတွေကို ချူးတဲ့မုဆိုးမဟုတ်ဘူး၊ သားကောင်ဆိုးတွေကို ဖမ်းတဲ့မုဆိုး၊ စိတ်မကောင်းပါဘူး၊ နုနုဖပ်ဖပ်မိန်းကလေးတစ်ဦးကို ကျုပ်မဖမ်းနိုင်ဘူး၊ မသတ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းအတွက်ရမယ့်ကြေးက မနည်းဘူးနော်'

'ငွေဟာ အရာရာတိုင်းကို ပုံသွင်းယူလို့မရဘူး၊ ငွေရဲ့ သားကောင်မဟုတ်ဘူး၊ သခင်မကြီး သွားခွင့်ပြုဦး'

'ဖြောင်း..ဖြောင်း..ဖြောင်း..'

'ဟင်..'

သခင်မကြီးလက်ခုပ်တီးလိုက်သည်နှင့် အိမ်ပေါက်ဝန်းကျင် တွင် လက်နက်ကိုယ်စီကိုင်ထားသော လူမိုက်(၅)ယောက်ရပ် နေသည်။

'ဟား..ဟား..ဟား..ငွေမမက်တဲ့သူကို ခေါင်းညိတ် အောင် လုပ်ကြည့်တာပေါ့'

သခင်မကြီးကို ပန်းရသ တစ်ချက်စိုက်ကြည့်လိုက်ပြီး..

'ပန်းရသရဲ့ရာဇဝင်ကို မလေ့လာထားဘူးနဲ့တူတယ်'

ပန်းရသ...ရပ်နေသော လူမိုက်တွေဆီကို သွေးအေးအေး နှင့်လျှောက်သွားပြီး...

'ကျား...ယီး...ယီး...'

ပန်းရသကို အသံပြုပြီး ဝင်ရောက်တိုက်ခိုက်ကြတော့ သည်။

'ဒုတ်...ဖြောင်း...အင့်...အီး..'





'ဟင်...ဟာ...'

ပန်းရသ၏ တုံ့ပြန်မှုက အရမ်းကိုမြန်ဆန်တာကြောင့် ကြမ်းပြင်တွင် (၅)ယောက်လုံးတုပ်တုပ်ပင်မလှုပ်။

'ချောက်..'

သေနတ်မောင်းတင်သံနှင့်အတူ...

'မင်းခြေလှမ်းတွေ ရှေ့ကို တစ်လှမ်းလှမ်းရင် မင်းရဲ့ကံ ကောင်းဖြစ်သွားမယ်'

'သေချာလား..'

သခင်မကြီး သူ့ကျောပြင်ကို သေနတ်နှင့်ချိန်ရွယ်ထားတာ ကို မသိကျိုးကျွန်ပြုပြီးဆက်လျှောက်လာခဲ့သည်။

'ကဲ..ချောက်..ချောက်...ချောက်...ဟင်..'

သခင်မကြီး သေနတ်ဆီမှ ကျည်ဆံထွက်မလာချေ။

'ဟား..ဟား..ဟား...'



www.burmeseclassic.com

www.burmeseclassic.com

တိမ်တိုက်တွေကို လေရူးတွေက သယ်ဆောင်သွားနေ သော ကောင်းကင်ကြီးကို ပန်းရသ မျက်တောင်မခတ်ပဲစိုက်ကြည့်နေ မိသည်။ ဘဝဆိုတာရွေ့လျားခြင်းတွေနဲ့အတူ ကုန်ဆုံးခဲ့ကြရတာ ပဲလေ။ ကြည်နူးခြင်း၊ ဝမ်းနည်းခြင်းတွေနဲ့ ဒုက္ခ၊ သုခတွေကြား မှာပဲ ဘဝတစ်ခုဟာ ရှင်သန်နေခဲ့ရတာကြောင့် အတိတ်ဆိုတာ လူတစ်ယောက်အတွက် မဖြစ်မနေ ကျန်ရစ်ခဲ့သော ပုံရိပ်ဟောင်း တစ်ခုပင်မဟုတ်လား။

'ရသ…'

'ဪ…ဆလိုင်းသော်'

ပန်းရသ ထောင်ကထွက်လာပြီးနောက်ပိုင်း အတူတကွ နေထိုင်ခဲ့သော သူငယ်ချင်းတစ်ဦးပင်ဖြစ်သည်။

'မင်းကိုငါ ကြည့်နေတာကြာပြီကွ၊ မင်းဘာတွေကို အတွေး





လွန်နေတာလဲ'

'ငါ့ဘဝက ဒီလိုပဲတွေးနေရတာပဲ ဆလိုင်းရာ'

'ဒီတစ်ခါ မင်းအတွေးက နက်နက်ရှိုင်းရှိုင်းထင်တယ်၊ ထားလိုက်ပါဦး‥ဒါနဲ့ မင်းကိုလာပြီးခေါ်တဲ့ပွဲက ပျက်သွားတယ် ဆို'

'ဟုတ်တယ်ဆလိုင်း‥ငါက လက်မခံခဲ့တာ'

'ဈေးကြောင့်လား'

'ဈေးကြောင့်မဟုတ်ပါဘူး…လူကြောင့်‥'

'အလုပ်အပ်တဲ့သူတွေကို မကြိုက်လို့လား'

'သူတို့ကြောင့်က အဓိကမဟုတ်ပါဘူး၊ သူနိုင်းတဲ့သူက အဓိကဖြစ်နေတာ'

'မင်းပြောတာကို ငါသိပ်ပြီး မရှင်းဘူး'

'သူတို့ရှင်းနိုင်းတဲ့လူကို ငါက မရှင်းချင်တာ'

'ရသ‥မင်းဆီမှာ ဝေဒနာတစ်ခုခု ကပ်တွယ်သွားတာလား'

'ဝေဒနာ‥ဝေဒနာ‥'

ဆလိုင်းပြောလိုက်သော စကားပေါ်မှာ ပွဲတင်ရိုက်သွား သည်။ သူ တကယ်ပဲ ဝေဒနာတစ်ခုကို ရရှိလိုက်ပြီလား…၊ ဆိပ်တင်လက်ာဒေဝီဟာ သူ၏ဝေဒနာရုပ်ကြွင်းတစ်ခုလေလား။



www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားလေးလား··မိန်းမလား··'

'မိန်းကလေးတစ်ဦး၊ တော်ဝင်သခင်မ ပန်းတစ်ပွင့်ပဲ'

'မဟာသီရိစံအိမ်ကြီးမှာ သခင်မကြီးကလွဲပြီး တခြား သခင်မဆိုတာ ရှိလို့လား၊ ငါတော့ တစ်ခါမှ မကြားဖူးဘူး'

'သူတို့အတွက် သခင်မ ဟုတ်မဟုတ်တော့မသိဘူး၊ ငါ့ အတွက်တော့ သခင်မ့ တစ်ပါးပဲ'

'ဘုရားသခင်···'

ပန်းရသစကားကို ဆလိုင်းမယုံနိုင်လောက်ပင်ဖြစ်သွား သည်။ နှလုံးသားရေးရာကိစ္စများနဲ့ပတ်သက်ပြီး ပန်းရသဘဝတွင် ကပ်တွယ်ခြင်းကင်းမဲ့နေသူတစ်ဦးဖြစ်သည်။

'ရသ··ငါ့အိပ်မက်မက်နေတာတော့ မဖြစ်နိုင်ဘူး'

'ငါ့ရင်ထဲက သခင်မတစ်ဦးပါကွာ··ဟင်း···'

မွန်းကျပ်မှု သက်ပြင်းလေးတွေ ကပ်တွယ်ပါသွားသည်။

'ရသ··မင်းနဲ့ ဒီအမျိုးသမီးကြားမှာ တစ်ခုခုပတ်သက်နေ သလိုပဲ'

'ပတ်သက်တာမဟုတ်ဘူး'

'ဒါဖြင့်··'

'ဆက်သွယ်နေတာ'





'ဟင်···မင်းစကားတွေကို ငါသိပ်ပြီးတော့ အဓိပ္ပာယ် မဖွင့်ဆိုတတ်ဘူး'

'ငါ့နှလုံးသားကလွဲပြီးဘယ်သူမှ ဘာသာပြန်လို့မရတဲ့ ခံစားမှုတစ်ခုပါပဲလေ·· ကြာခဲ့ပြီလို့ဆိုရမလား၊ ဒါမှမဟုတ် မမေ့ နိုင်တဲ့သူအတွက် မဟောင်းနွမ်းတဲ့အိပ်မက်လေးတစ်ခုဖြစ်နေ မလားပဲ ဆလိုင်းရယ်··'

'ချစ်သူတွေ ဖြစ်ခဲ့ဘူးလို့လား'

'ချစ်သူတွေတော့ မဖြစ်ခဲ့ပါဘူး၊ အဲ··ကိုယ့်ဘက်က ချစ် ခဲ့ရသူတော့ ဖြစ်ခဲ့ဖူးတယ်'

'မင်းချစ်နေတာတော့ သိမှာပေါ့'

'အမှတ်တမဲ့ဆုံဘူးတဲ့ စာရင်းထဲမှာတောင်ပါမယ် မထင် ဘူး'

'ဟာကွာ··မင်းချစ်ခြင်းကြီးက ဘယ်လိုလဲဟ'

'သူနဲ့ငါ မှတ်မှတ်ရရ ဆုံဘူးခဲ့တာ တစ်ရက်ပဲရှိတယ်၊ ငါ ဆယ်တန်းနှစ်က မြို့ကျောင်းမှာဆုံဖြစ်ခဲ့တာ'

'သာမန်တွေ့ဆုံမှုပေါ့'

'သူ့အတွက်တော့ သာမန်ပဲဖြစ်ချင်ဖြစ်မှာပေါ့၊ ငါ့အတွက် တော့ တစ်သက်တာ အမှတ်တရပဲ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဝင်စားတယ်..ပြောပြပါလား'

'တောင်ပေါ်ဒေသမှာ လေပြင်းကျပြီး မိုးတွေသည်းထန်စွာရွာတဲ့တစ်နေ့....'

'××××××× ××××××× ××××××'

ရသ နာရီကိုကြည့်လိုက်တော့ (၁၀း၀၀)နာရီထိုးလုလုဖြစ်နေပြီ.. ဖခင်ဖြစ်သူ ပြန်မလာသေးတာကြောင့် စိတ်ပူမိသွားသည်။ အရင်က အိမ်ပြန်နောက်ကျမယ်ဆိုရင် သူ့ကိုပြောထားခဲ့သည်။ ဒီနေ့ ဘာကိုမှ မပြောခဲ့တာကြောင့်...

'ငါလိုက်သွားရင် ကောင်းမလား၊ မြို့ထိပ်က ကျင်ထတ်ကိုမေးရင်တော့ ဖေဖေ ဘယ်မှာရှိမယ်ဆိုတာကို သိနိုင်မယ်၊ဟုတ်ပြီ...လိုက်သွားမယ်..'

'ဝေါ...ဝုန်း....ဒုန်း..'

အပြင်ဘက်တွင် မိုးရောလေပါ ပြင်းထန်စွာတိုက်ခတ်နေပြီး ဓာတ်ကြိုးတွေ ပြတ်တောက်ကာ အမှောင်ကမ္ဘာကြီးတစ်ခုလိုပင်ဖြစ်နေသည်။ မြင်တွေ့နေရတဲ့ သစ်ပင်ကြီးတွေရဲ့ ကျိုးသံတွေ၊ ယိမ်းထိုးသံတွေက ချောက်ချားဖွယ် ထိတ်လန့်ဖွယ်ကောင်းနေသည်။

ရသ...စက်ဘီးလေးကိုတွန်းပြီး အပြင်ဘက်လေကြမ်းထိုးခိုင်ပြီးထွက်လာခဲ့သည်။ သူ၏အန္တရာယ်ထက် ဖခင်ပေါ်ကိုကျရောက်မည့် အန္တရာယ်ကို ပိုပြီးပူပန်နေမိသည်။ မြို့ပြင်သို့ထွက်ရသောလမ်းပေါ်ကို ခက်ခက်ခဲခဲဖြတ်ကျော်ခဲ့ပြီး လမ်းကြီးပေါ်သို့တက်ခဲ့သည်။

'ဟင်...'

လေပြင်းနှင့်မိုးစက်ကြားတွင် ဓာတ်မီးရောင်တွင် ရသ ရှမ်းမြင်လိုက်ရသောမြင်ကွင်းကြောင့် အံ့အားသင့်နေမိသည်။ ကား တစ်စီးပေါ်ကို သစ်ပင်ကြီး ပိနေခြင်းဖြစ်သည်။

'ကယ်...ကယ်ကြပါ..'

မိုးသံတွေနှင့် မသဲမကွဲကြားလိုက်ရသောအသံကြောင့် ကားနားဆီကို ကပ်သွားလိုက်သည်။

'အီး..အား..ကယ်ကြပါ..'

ကားထဲကို ဓာတ်မီးနှင့်ထိုးကြည့်တော့ ကားရှေ့ခန်းတွင် ကားဒရိုင်ဘာကတော့ သစ်ပင်ကြီးနှင့်ပိမိနေပြီး အော်ဟစ်သံကို ပင်မကြားရတော့။ နောက်ခန်းထဲမှ မိန်းကလေးကတော့ ကား ခိုးနှိုညှပ်နေပြီး အပြင်ကိုထွက်လို့မရဖြစ်နေခြင်းပင်ဖြစ်သည်။

'ငါ...ဘာလုပ်ရမလဲ'

ရသစိတ်က ဖခင်ဆီကို ရောက်သွားပြီး ပူပန်နေသလို







www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ မိန်းကလေးကို ထားခဲ့ဖို့လည်း စိတ်ထဲမှာမလုံ။

'ကျွန်မ…ကို…ကယ်ထုတ်ပေးပါ…ရှင်…'

သူမ၏ ကြေကွဲအက်နေသော အသံလေးကို မိုးစက်သံ

တွေနှင့်ကြားလိုက်ရပြီး…

'မေမေ…ဘာမှမဖြစ်နိုင်ပါဘူး၊ တစ်နေရာရာမှာရှိနေမှာပါ

သူ့ကိုကယ်မှဖြစ်မယ်…'

'မင်းကားထဲမှာ ငြိမ်ငြိမ်လေးနေနော်…ငါ ကားတံခါးကို

ဆွဲဖွင့်ကြည့်မယ်'

'ဟုတ်…ဟုတ်ကဲ့'

'ကဲကွာ…အီး…ကျွိ…ကျွတ်…ကျွတ်…'

ကားတံခါးမှာ အပေါ်ကနေပိပြီး ညှပ်နေတာကြောင့် သူ

အားနှင့်ဘယ်လိုမှ ဆွဲပြီးဖွင့်လို့မရဖြစ်နေသည်။

'ဟူး…ဒီအတိုင်းဆိုရင်တော့မဖြစ်ဘူး၊ ဘေးပတ်ဝန်းကျင်

ကို အကူအညီတောင်းဖို့ဆိုတာ ခုချိန်မှာဘယ်လိုမှ မဖြစ်နိုင်ဘူး'

ခတ်မီးလေးနှင့်ဘေးဘက်တွေကိုထိုးကြည့်လိုက်တော့

'ဟင်…'

လက်တစ်လံလောက်ရှိသော သံပိုက်လုံးတစ်လုံးကိုတွေ့

လိုက်ရသည်။ ရသ…သံပိုက်လုံးကိုသွားယူပြီး ဟနေသော ကား





တံခါးကြားထဲကို ထိုးသွင်းပြီး သူ့မှာရှိတဲ့ ခွန်အားအားလုံးကို

ညှစ်ထုတ်ပြီး တွန်းကန်ဖွင့်လိုက်သည်။

'ဒုန်း…ဝုန်း…အ…'

ကားတံခါးပွင့်သွားပြီး ရသပါ နောက်ကို အားနှင့် လွင့်

စင်သွားသည်။

'ကျွီ…ကျွီ…ကျွီ…'

'ဟာ…'

သစ်ပင်ကြီးမှာထပ်ပြီး အိပြိုဆင်းလာပြီး ကားကို ပြား

ချပ်သွားအောင် ပိတော့မယ့်အခြေအနေကို ရောက်နေသည်။

'မင်း…မင်း…ထွက်ခဲ့တော့လေ…'

'ခြေ…ခြေထောက်ညှပ်နေတယ်'

'ဟာ…'

ရသပါ ကားထဲကိုဝင်ပြီး ဖင်ထိုင်ခုံနှင့်ညှပ်နေသော ခြေ

ထောက်ကိုဆွဲထုတ်ရသည်။

'အား…နာတယ်…'

'ခဏလောက် သည်းခံလိုက်ပါ၊ ရခါနီးပြီ…ကဲ…'

သူမ၏ နဖပ်နေသော ခြေထောက်လေးကို ခပ်ကြမ်းကြမ်း

ကိုင်တွယ်ပြီးဆွဲထုတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွီ…ကျွီ…'

'မြန်မြန်ထွက်မယ်'

သူမလက်ကိုဆွဲပြီး ကားအပြင်ဘက်ကို ရုန်းထွက်လိုက် သည်နှင့်….

'ဝုန်း…ဖြောင်း..'

ကားကို သစ်ပင်ကြီးက လွှမ်းခြုံလိုက်ပြီဖြစ်သည်။ ရ နှင့်သူမအတွက် မျက်လုံးတစ်မှိတ်စာလောက်သာ သီသီလေး လွ မြောက်သွားသည်။ မိုးရေထဲမှာ နှစ်ယောက်တိုင်နေရင်း လေ က ပိုပြီးကြမ်းကြမ်းရမ်းရမ်းဖြစ်လာနေတာကြောင့်…

'ဒီမှာဆက်နေရင် နှစ်ယောက်လုံးကိစ္စချောသွားမယ်'

'ဘယ်ကိုသွားမှာလဲ..ဟို..ဟို..ဦးလေး စံကောင်းကို မကယ်တော့ဘူးလား'

'သူ့အတွက် ကံကောင်းစရာမရှိတော့ဘူး၊ မင်းလိုက် လား၊ နေခဲ့မှာလား၊ လေတွေက အရမ်းကြမ်းလာပြီ..'

'ကျွန်မ..လိုက်ပါ့မယ်.. အ..ကျွတ်..ကျွတ်..'

သူမ ခြေထောက်မှာ တော်တော်လေးကို နာကျင်သလို နေတာကြောင့် လမ်းလျှောက်လို့မရဖြစ်နေသည်။

'ကဲပါ..မထူးပါဘူး၊ ငါ့ကျောပေါ်ကိုတက်..'





'ရှင်..'

'အားနာတာတွေ ဘာတွေ စဉ်းစားမနေနဲ့၊ ဒီလမ်းပေါ်က နေ ခွာမှရတော့မယ်၊ တက်မှာသာတက်ကွာ..'

'ဟုတ်..'

သူမကို ကျောပေါ်သို့တင်ပြီး အနီးဆုံးအိမ်တစ်လုံးဆီကို ပြေးလာခဲ့ရတော့သည်။

'အိမ်ရှင်တို့..အိမ်ရှင်တို့…'

ခြံတံခါးတွေမှာ လေတိုက်ခတ်မှုကြောင့်ကျိုးပဲ့နေပြီး အိမ် တံခါးမကြီးကတော့ ပိတ်ထားသည်။

'ဟာ…'

ရသ…တံခါးမကြီးကို သတိထားပြီးကြည့်တော့မှ သော့ ခတ်ထားသည်ကိုတွေ့လိုက်ရသည်။

'တစ်နေရာရာကို ရှောင်ပြေးသွားတာဖြစ်မယ်'

သူမကို အိမ်တံစက်မြိတ်အောက်တွင် နေခိုင်းပြီး သော့ ကို ဖွင့်လို့ရမည့် လက်နက်ကိုရှာသော်လည်း ဘာမှမတွေ့..

'မထူးဘူး..ဒီခဲလုံးနဲ့ပဲ ထုဖွင့်ရမှာပဲ..ကဲကွာ..ဒုတ်.. ဒုတ်..အီး..ကျွတ်..ကျွတ်..'

ရသလက်တွေမှာ အေးစက်ပြီး မိုးရေတွေကြောင့် အတံခဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆုပ်ကိုင်ပြီးထုပေမဲ့ လွဲချော်မှုကြောင့် သော့နှင့်ရိုက်မိကာ လက်တွင် သွေးများဖြာကျနေသည်။

'ရှင့်…ရှင့်‥လက်မှာ‥သွေး‥'

'ရတယ်‥ဘာမှမဖြစ်ဘူး၊ ကဲ‥ကဲ‥ ဒုတ်‥ဒုတ်… ဖြောင်း'

နာကျင်နေသော ဝေဒနာကို ကြိတ်မှိတ်ခံစားပြီး သော့ကို ထုချလိုက်တော့မှ ပြုတ်ထွက်သွားသည်။

'ရပြီ‥ ဝင်ကြရအောင်‥'

'အင်း‥'

သူမလက်မောင်းကိုတွဲပြီး အိမ်ထဲသို့ဝင်ခဲ့သည်။ အိမ်ထဲမှာတော့ မှောင်မဲနေပြီး စမ်းတဝါးဝါး ဓာတ်မီးနှင့်ထိုးကြည့်ပြီး ညှော်ခန်းထိုင်ခုံတွင် ထိုင်ချလိုက်သည်။

'ဝုန်း‥ဖြောင်း‥ဒုန်း‥'

အိမ်၏အပြင်ဘက်တွင် လေပြင်း၏ ကြိမ်းဝါးသံတွေကို ကြားနေရသည်။

'ဟီ…အီး‥အီး…'

သူမဆီမှ ညည်းသံကိုကြားနေရသည်။ သူကိုယ်တိုင်လည်း ချမ်းစိမ့်စိမ့်လေးဖြစ်နေပြီ။





'မင်း‥ဒီမှာထိုင်နေဦး'

'ရှင် ဘယ်သွားမလို့လဲ'

'အမှောင်ထဲမှာ ထိုင်နေတာထက် အလင်းတစ်ခုခုရအောင် …ရှာရမယ်‥ပြီးရင် မင်းရေစိုတွေကိုလဲရမယ်လေ'

'ရှင်‥'

ရသ‥ထိုင်နေရာမှထပြီး ဓာတ်မီးအလင်းနှင့်ရှာဖွေရတော့ …သည်။

'ဟုတ်ပြီ…ချောက်‥'

အရေးပေါ်သုံး မီးအိမ်ကြီးကိုတွေ့လိုက်ရသဖြင့် ဖွင့်လိုက် …တော့မှ ဧည့်ခန်းတစ်ခုလုံး လင်းလက်သွားသည်။

'ကဲ‥အခု… ဗီရိုထဲမှာ ဘာတွေရှိလဲမသိဘူး၊ မင်းဝတ် …အဆင်ပြေတာကို ယူပြီးလဲထား‥'

'ဟို‥ဖြစ်ပါ့မလား၊ သူများပစ္စည်းတွေ မကောင်းပါဘူး'

'ခက်နေပြန်ပြီ‥ ခုအခြေအနေက ဒီလိုမဖြေရှင်းရင် မင်း …အခြေအနေက ပိုပြီးဆိုးသွားလိမ့်မယ်၊ ငါတို့က ပိုင်ရှင်မသိအောင် …မဟုတ်ဘူး၊ တကယ်ဒုက္ခရောက်လို့ မဖြစ်မနေ ဖြေရှင်းရ… ဝတ်မှာသာ ဝတ်စမ်းပါ၊ ငါ ရင်ဆိုင်မယ်'

'ဒါဆို ဘယ်မှာလဲရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အခန်းထဲမှာဝင်ပြီးလဲဝေါ့ကွာ၊ ငါ့ကိုစိတ်ချ..'

သူမ...ချမ်းသည့်ဒဏ်ကို မခံနိုင်တော့ဘဲ အခန်းထဲတို့ဝင်ကာ အဝတ်အစားလဲတော့သည်။ သူမ အဝတ်အစားလဲနေချိန်မှာ ရသ နောက်ဖေးဘက်ကိုဝင်ကြည့်တော့ ဓာတ်ဘူးတစ်ဘူးနှင့် ကော်ဖီမစ်ထုပ်တွေကို တွေ့လိုက်ရသည်။ ဓာတ်ဘူးထဲမှရေနွေးက ပူနေဆဲဖြစ်သည်။ ခွက်နှစ်ခွက်ထဲကို ကော်ဖီမစ် ဖောက်ထည့်ပြီး ဖျော်လိုက်သည်။

'ဟင်..'

သူမ ရှပ်အင်္ကျီပွပွလေးနှင့် ဂျင်းဘောင်းဘီဝတ်ထားပြီး ရေစိုဆံပင်တွေကို ခြောက်အောင် ဖြန့်ကျဲထားသော မျက်နှာလေးကို ဂရုပြုပြီးကြည့်လိုက်မိချိန်မှသည် အပြင်တွင်တိုက်ခတ်နေသော လေပြင်းထက်အဆပေါင်းများစွာပြင်းထန်သော တိုက်ခိုက်မှုတစ်ခုကို ရသ အတိုက်ခံလိုက်ရသလိုဖြစ်သွားသည်။

'ရှင်လက်ထဲက ဘာတွေလဲ'

'ကော်..ကော်ဖီလေ...အချမ်းပြေသွားအောင် သောက်လိုက်'

'ရှင့်အိမ်ကျနေတာပဲနော်'

'မတတ်နိုင်ဘူးဗျာ၊ နောက်တော့မှပဲ တောင်းပန်တော့မယ်ဗျာ..'

ကော်ဖီခွက်လေးကို ကိုယ်စီကိုင်ပြီး မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။ သူမမျက်နှာတွင် တစ်ခုခုကြေကွဲရိပ်သန်းသွားသည်။

'မင်း စိုးရိမ်နေတာလား'

'ကျွန်မ...ကားဆရာ ဦးလေးစံကောင်း..'

'ဒါတော့ မတတ်နိုင်ဘူးကွာ၊ မင်းကိုရွေးပြီးထုတ်ခဲ့ရတာ ဆိုလည်း မင်းကားဆရာအတွက် ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ အခြေအနေကြောင့်ပါ'

'ဟုတ်ပါတယ်လေ..'

'ကော်ဖီတွေပူတုန်း သောက်လိုက်၊ မနက်လင်းမှပဲ မင်း အိမ်ကိုပြန်လို့ရမှာ..ခုအခြေအနေကတော့ တစ်မြို့လုံးဘာတွေဖြစ်နေလဲဆိုတာကို မသိနိုင်ဘူး'

'ရှင့်ကျေးဇူးကိုမမေ့ပါဘူး'

'ကြုံကြိုက်ခြင်းနဲ့တိုက်ဆိုင်ခြင်းပါပဲလေ'

တစ်ဦးနှင့်တစ်ဦး စကားသံလေးတွေတိတ်ဆိတ်သွားပြီးမှ

'ရှင့်နာမည်ဘယ်လိုခေါ်လဲဟင်'

'ပန်းရသ..'







www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မက လက်ာပါ၊ ဒီမြို့ကမဟုတ်ပါဘူး၊ မြောက်ပိုင်းဘက်ကပါ၊ ကျွန်မ အဒေါ်ဆီကို အလည်သွားပြီးအပြန်မှာ ခုလိုဖြစ်ခဲ့တာပါ..'

ရသ...နှလုံးသားအိမ်ထဲတွင်လက်ာဆိုသော အမည် ကလေးတိုးညှင်းစွာ ဝင်ရောက်သွားခဲ့တော့သည်။

'မှတ်ထားပါ့မယ်၊ မင်းအိပ်ချင်တဲ့ဆန္ဒရှိရင်အိပ်လေ'

'ရှင်ကရော..'

'ရာသီဥတုပုံမှန်မဖြစ်သေးတော့ အိပ်လို့မသင့်ဘူးလေ၊ ပြီးတော့ ငါတို့ရောက်နေတဲ့နေရာက အကာအကွယ်မယ်တဲ့ ကုန်းထိပ်မှာဆိုတော့ သတိလေးနဲ့နေရမယ်၊ ဩော်..နေဦး၊ ခုနက ဆေးအိတ်တွေ့လိုက်တယ်၊ မင်းခြေထောက်ကိုဆေးစည်းရင် ကောင်းမယ်'

'ရှင့်လက်ကိုလည်း ဆေးထည့်ပါဦး'

လေပြင်းည၏ အကြည့်လေးတွေက ဘယ်သောအခါမှ ဘယ်သို့သောအကြောင်းအရာနဲ့မျှ မပျောက်နိုင်ဘူးဆိုတာကို..



'မင်းဓာတ်လမ်းက ပြီးသွားပြီလား'

'ပြီးသွားပြီ ဆလိုင်း..'

'ဘယ်လိုကြီးလဲကွာ.. တစ်ညတာပုံပြင်ဖြစ်နေပြီ..'

'ငါတို့နှစ်ယောက်အတွက် တစ်ညတာ ပုံပြင်လေးပဲထားလိုက်တယ်ဆိုပေမဲ့ ခုချိန်ထိ သူ့မျက်နှာလေးကို ဖျောက်ဖျက်လို့ နေဘူး'

'ဒါနဲ့ မနက်မိုးလင်းတော့ သူ့ကိုအိမ်ပြန်ပြီးပို့ပေးခဲ့တယ် ဆို ဟုတ်လား'

'မနက်မိုးလင်းတော့ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ သူ ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားတယ်လေ‥'

'မင်းကိုနှုတ်ဆက် ခဲ့သေးလား'

'နောက်ပြန်ဆုံမယ်တဲ့'

'ဆုံဖြစ်ကြသေးလား'

'ခုချိန်ထိပဲလေ‥'

'ခုနေမြင်ရင်ရော မှတ်မိပါ့မလား'

'သူ့ဘက်ကတော့မပြောတတ်ဘူး၊ ငါ့ဘက်ကတော့ ခေတ်ပုံလေးမြင်တာနဲ့တင် မှတ်မိနေတယ်'

'မင်း အစွဲအလမ်း တယ်ကြီးတာပဲ'

'သူဟာ ငါ့ဘဝရဲ့ ညှို့ငင်မှုအားအကောင်းဆုံးလမင်းလေး တစ်စင်းပဲ ဆလိုင်းရေ…'



## အခန်း၊၅၊

'မင်းပြောတာ သေချာလား ဆလိုင်း'

'လုံးဝ မလွဲတဲ့သတင်းပဲရသ‥'

'မဟာသီရိ' စံအိမ်သခင်မကြီးကတော့ လက်ာကို အပြတ်ရှင်းဖို့ကြေးစား(၂)ယောက်ကို ငှားရမ်းလိုက်ပြီဖြစ်သည်။

'ရှုန်‥'

ကြေးစားလောကတွင် ကြောက်စရာအကောင်းဆုံးလူ တစ်ယောက်၊ သွေးအေးပြီးနှလုံးသားမဲ့ ရက်စက်တတ်သူ၊ ငွေကလွဲပြီး ဘာကိုမှ မမြင်တတ်သူ၊ မြန်မာပြည်တင်မက တခြားနိုင်ငံဆွေတစောင် သူ့ကိုကြေးစားငှားရမ်းရတဲ့အထိ ကြေးစားလောက ထွင်နှာမည်ရသူ…



www.burmeseclassic.com

www.burmeseclassic.com



'စတန်း..'

သူကတော့ ကြေးစားလောကတွင် မြေခွေးလိုလူ..အနုံခံ ကောင်းပြီးလူပျောက်ရှာဖွေရေးတွင် ကျွမ်းကျင်သူ၊ သူများတွလို့ သေနတ်မကိုင်၊ ဓားမြှောင်များစွာတို့၏သခင်လို့ပင် ခေါ်လောက် အောင် ဓါးဝိဇ္ဇာတစ်ဦးပင်ဖြစ်သည်။

'သူတို့(၂)ယောက်တည်းလား'

'ခွန်ထူးနောင်တို့က နောက်ကနေခြိရုံသဘောပဲ'

'ဟင်း...'

ပန်းရသ သက်ပြင်းပူတွေကို မှုတ်ထုတ်လိုက်ပြီး ခေါင်း ထဲတွင် အတွေးများစွာနှင့်လက်ဘက်ကို ကာကွယ်ပေးရန် နည်းလမ်း ကို စဉ်းစားနေရတော့သည်။

'ဆလိုင်း..'

'ပြောလေ ရသ...'

'မင်းဆီက အကူအညီလိုတယ်'

'ငါဘာကို ကူညီရမလဲ ဆိုတာကိုပြော'

'လက်ဘက်နဲ့ပတ်သက်တဲ့ သဲလွန်စကို ငါတို့အရင်ဦးအောင် ရမှဖြစ်မယ်၊ မင်းကူညီနိုင်မလား..'

'ကူညီရမယ့်ကိစ္စတွေက မင်းနဲ့ငါကြားမှာ ပြောရမယ့်





ကားတွေမဟုတ်ဘူးရသ..အင်း...စတန်းလို အနံ့ခံကောင်း တဲ့မြေခွေးထက် အရင်ဦးအောင် သတင်းရဖို့ကတော့ခက်တယ်၊ ခုကိစ္စမှာ ဒီကောင်က ငါတို့ထက်သာတယ်'

'မင်းပြောတာကို ငါလက်ခံပါတယ်၊ ဒီအတွက် ငါတို့ဘက် ဘာတွေလုပ်သင့်သလဲဆိုတာကို စဉ်းစားရမှာ'

'ဟုတ်ပြီ..'

'ဘာဟုတ်တာလဲ'

'ငါတို့အတွက် ဇုက်ဖဲတစ်ချပ်ကိုတွေ့ပြီ'

'ဘယ်သူလဲ'

'ဖျံလေး..'

'လွတ်ငြိမ်းနဲ့ပါလာတဲ့ ချာတိတ်မဟုတ်လား'

'ဟုတ်တယ်.... သဲတင်းရောင်းစားနေတဲ့အလုပ်ဘက်မှာ တော့ ပြိုင်ဘက်ကင်းပဲ'

ဖျံလေးဆိုသည့်ချာတိတ်က အသက်(၂၀)ဝန်းကျင်လောက် ပြီး ငယ်စဉ်ကတည်းကသတင်းယူ သတင်းပေးတဲ့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်သူဖြစ်ပြီး..လွန်ခဲ့တဲ့(၂)နှစ်လောက်က ထိုးမှုနှင့်အပြစ်ဒဏ်ကျသွားသူဖြစ်သည်။

'ဖျံလေးကို စတန်းတို့အသုံးချမှာသေချာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဖျံလေးဆီကို 'လက်ဦးမှုရအောင်သွားရမယ်'

'သွားဆို ခုသွားမယ်ကွာ'

'ရသ..'

'ဘာလဲ ဆလိုင်း..'

'မင်းအရင်လိုမဟုတ်ဘူး'

'ငါက ဘာတွေဖြစ်နေလို့လဲ'

'မင်းနဲ့ငါ လက်တွဲလာခဲ့တာကြာပြီ၊ မင်းခုလို စိတ်မြန်ဆန္ဒတွေစောတာကို ခုတစ်ခါပဲတွေ့ဘူးတယ်'

'ဒါကတော့ကွာ..'

'ငါသဘောပေါက်ပါတယ် ရသရယ်၊ နှလုံးသားရဲ့ဆန္ဒတန်ခိုးရှင်ရဲ့စေခိုင်းမှုတွေကြောင့် မဟုတ်လား'

ဆလိုင်း၏စကားကို သူမငြင်းခဲ့ပေမဲ့ ဝန်ခံဖို့ကတော့ အင်အားမဲ့နေခဲ့သည်။ ငွေကြေးနဲ့ပတ်သက်ပြီး အမှောင်လောကထဲကို ဖြတ်သန်းနေခဲ့ရတဲ့ ယန်းရသဆိုတဲ့သူဟာ ခုတော့ အခ အမှောင်လောကမှာ တာဝန်ထမ်းဆောင်နေရသည်။ ဒါဟာ ချ ခြင်းတရားတို့၏ စွမ်းအားတွေပင်ဖြစ်မည်။



'ဘာပြောတယ် ဖျံကလေးကို သူပုန်အဖွဲ့ကဖမ်းထား ယ်'

'ဟုတ်တယ်ရသ.. သူပုန်ဆိုပေမဲ့ တောတွင်းလက်နက် အုပ်စုတွေလို အင်အားတောင့်တင်းတဲ့အဖွဲ့တော့မဟုတ်ဘူး၊ ရှိလိုင်းတွေကို ဆက်ကြေးယူပြီး နယ်စပ်ကနေလမ်းကြောင်း းတဲ့ကောင်တွေ'

'ဘာကြောင့် ဖမ်းသွားတာလဲ'

'ဒီကောင်တွေသတင်းကို အစိုးရဘက်ကိုပေးလို့'

'ဟူး..'

လက်ဘ်နဲ့ပတ်သက်သောအခက်အခဲတွေကို စတင်ပြီးကြုံရ နေရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းဘာဆက်လုပ်မလဲ ရသ'

'လက်ာအတွက် တစ်ခုတည်းသော ကယ်တင်နိုင်ရေး

ဖျံလေးဆိုတဲ့ကောင်ပေါ်မှာမူတည်နေတယ် ဆလိုင်း..'

'ဒီတော့..'

'ဖျံလေးကို ကယ်ရမယ်'

'ရသ... ဒီကိစ္စက မလွယ်ဘူးနော်'

'လွယ်ကူအောင် လုပ်ရမှာပဲ..မင်းနေခဲ့ပါ'

'ရသ... ဒီကောင်တွေနေထိုင်တဲ့နေရာက ခရီးကြမ်း

ထက် စခန်းတည်ဆောက်ထားပုံက ခိုင်ခန့်တယ်၊ အစိုးရ

တပ်တောင် ထိုးစစ်ဆင်ဖို့ခက်တယ်'

'ရွေးစရာမရှိတော့ဘူး ဆလိုင်း'

'မင်းဘက်က ဒီလောက်တောင်ဆန္ဒတွေကြီးနေမှတော့

မတားတော့ဘူး၊ မင်းသဘောအတိုင်းပဲ ရသရေ'

'မင်းဆန္ဒကရော..'

'လူပေါင်းများတယ်လို့ပဲ သဘောထားရမှာပဲလေ...

တဲ့အပိုင်းကတော့ ဘုရားသခင်ရဲ့အလိုအတိုင်းပဲပေါ့ကွာ'

'ဘယ်နေ့လောက်ခရီးထွက်မလဲ ဆလိုင်း'

'အစီမံသက်သက် ချဉ်းကပ်ဖို့တော့မလွယ်ဘူး၊





ကြောင်းတစ်ခုနဲ့ရောပြီးဝင်မှဖြစ်မယ်'

'ဒီအပိုင်းကို မင်းပဲစီစဉ်ကွာ'

'အင်း...ဟုတ်ပြီ၊ မနက်ဖြန် နယ်စပ်ဘက်ကို ပစ္စည်းပို့

ယ်အဖွဲ့တစ်ဖွဲ့ရှိတယ်၊ အလုပ်သမား(၅)ဦးလောက်လည်းလိုနေ

ကြတယ်၊ မင်းနဲ့ငါကယ်ရီသဘောလိုက်သွားကြရမယ်'

'လိုက်တာတော့ဟုတ်ပြီ၊ ဒီကောင်တွေဆီကိုရောက်ပါ့

လား'

'မရောက်မှာတော့မပူနဲ့၊ မှောင်ခိုလမ်းကြောင်းဆင်းလာပြီ

ဆိုရင် ဒီကောင်တွေက မဖြစ်မနေရောက်လာကြတာပဲ၊ သူတို့

နေတဲ့စခန်းကိုရောက်ဖို့ကတော့ နောက်တစ်ပိုင်းဆက်ပြီးကြံစည်

ရမှာပေါ့'

'ဒါဆိုရင် ကယ်ရီလိုက်ဖို့ကို မင်းသွားပြီးပြောတော့လေ'

'ဒီအတွက် မပူနဲ့ရသ၊ လမ်းကြောင်းဦးဆောင်မယ့်ကောင်

ငါ့ကောင်ပဲ၊ ဖုန်းဆက်ပြီးပြောထားလိုက်မယ်၊ တစ်ခုတော့

ထဲမှာ ကာသီကအောက်ဖြစ်တယ်'

'ဘာဖြစ်လို့လဲ'

'ဖျံလေးဆိုတဲ့ကောင်မျိုးကို ကယ်ရလို့ပေါ့'



www.burmeseclassic.com

www.burmeseclassic.com

တောလမ်းခရီးကို တစ်ညနှင့်တစ်ရက် ခရီးဆက်ခဲ့ကြရင်း ထံတားတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။ ထိုလမ်းတွေကို တစ်ချို့က အမဲရောင်နယ်မြေသတ်မှတ်စဉ်က သေနတ်သံတွေနဲ့ တိုက်ပွဲတွေ နေ့စဉ်ကြုံတွေ့နေသော နေရာတစ်ခုဆိုပေမဲ့ ယခုအချိန်မှာတော့ ကုန်သွယ်မှုလမ်းကြောင်းတစ်ခုဖြစ်နေပြီဖြစ်သည်။

မူးယစ်ဆေးဝါး၊ လက်နက်၊ လူမှောင်ခိုကူးမှုကလွဲပြီး တခြားသော မှောင်ခိုလုပ်ငန်းတွေကို တင်းတင်းကြပ်ကြပ်တော့ မကိုင်တွယ်သဖြင့် မှောင်ခိုလမ်းကြောင်းမှာ လွယ်ကူသလိုရှိနေသည်။ ရသနှင့်ဆလိုင်းအပါအဝင် ဆယ်ဦးတို့မှာ ကျောပိုးအိတ်ကိုယ်စီဖြင့်လိုက်ပါလာခြင်းဖြစ်သည်။

'ဆလိုင်း..'





'ဘာလဲ..ရသ'

'ခုငါတို့သယ်လာတဲ့ပစ္စည်းတွေက ဘိန်းတွေတော့ မဟုတ်လောက်ပါဘူး'

'ရသရေ...ဘိန်းဆိုရင် ဒီထိတောင်ရောက်မှာမဟုတ်ဘူး၊ အဖမ်းခံရတာကြာပြီ၊ ငါတို့ထဲမှာ အစိုးရဘက်ကလူလည်းပါတယ်'

'ဟင်...'

'ဘာမှ စိတ်မပူနဲ့၊ ဒီပစ္စည်းတွေက သာမန်မှောင်ခိုပစ္စည်းတွေပါ၊ ဥပဒေနဲ့သိပ်ပြီး မငြိပါဘူး'

'ဒါဆို တရားဝင်ကူးသန်းပေါ့ကွာ'

'တရားဝင်ဈေးကွက်နဲ့မှောင်ခိုဈေးကွက်က မတူဘူး'

'မင်းပြောတာ သိပ်ပြီးနားမရှင်းဘူး'

'ရှင်းရှင်းပြောရရင် အခွန်ရှောင်တဲ့သဘောလောက်ပါ၊ ပြီးတော့ ဈေးကွက်မှာလည်း အောက်ဈေးနဲ့ ပစ္စည်းဖြန့်ရတာမြန်တယ်လေ၊ အများဆုံးငြိရင် အခွန်ဥပဒေနဲ့ပဲငြိမှာပါ၊ ဒီအတွက် သူဌေးက အစိုးရနဲ့ သူ့ဘာသာသူရှင်းနိုင်တယ်၊ ပူမနေနဲ့ရသ'

ရသဆိုတဲ့သူက ကြေးစားလောကထဲမှာ ကျင်လည်နေခဲ့ မူးယစ်ဆေးဝါး၊ လူမှောင်ခိုကူးခြင်းတွေ လွန်စွာရွံမုန်းသူတစ်

www.burmeseclassic.com



ဦးဖြစ်သည်။

'ဒိုင်း..ဒိုင်း..ဒိုင်း..'

'ဟင်...ဟာ..'

တံတားတစ်ဖက်တောင်ကုန်းပေါ်ဆီမှ သေနတ်သံကို ကြား လိုက်ရသည်နှင့် ခြေလှမ်းအားလုံးရပ်တန့်သွားသည်။

'ရှသ..ငါတို့ပစ်မှတ်တွေဆီရောက်ပြီ..'

'အင်း..'

ရှသ ခေါင်းညိတ်ပြလိုက်ပြီးအခြေအနေကို စောင့်ကြည့်ေ သည်။ ခဏအကြာတွင်တောင်ကုန်းပေါ်မှ သေနတ်သမား(၅) ယောက်ဆင်းလာကြသည်။

'မင်းတို့ထဲမှာ တာဝန်ခံဘယ်သူလဲ'

'ကျွန်..ကျွန်တော်ပါ'

ရှသတို့ကိုခေါ်ဆောင်လာသော ထီးကလော်ဆိုသော လက်ထောင်ပြီး သေနတ်သမားဆီကိုသွားသည်။ ပြီးတော့မှ ဆေ ရမည့်ဆက်ကြေးကိုလှမ်းပေးလိုက်သည်။

'နောက်တစ်ခေါက် ဆက်ကြေးခွန်တွေကို ဒီထက်ပိုပြီး ပေးရမယ်ဆိုတာကို မင်းတို့သူဌေးတွေကိုပြောပြလိုက်'

'ဟုတ်ကဲ့..'





ဆက်ကြေးကောက်ခံသောအဖွဲ့တောင်ကုန်းပေါ်သို့ တက်သွား သည်ကိုရှသတို့ စိုက်ကြည့်နေပြီး လွှပ်ရှားရမည့်အခြေအနေကို သင့်ပြင် ထားလိုက်သည်။

'ရှသ..'

'အေး... ငါသဘောပေါက်တယ်၊ ရှေ့ကကောင်တွေကို ခြည်ဖြတ်ပြီးတာနဲ့ ဒီကောင်တွေနောက်ကိုလိုက်မယ်'

'အင်း...'

တောင်ကြောအဆင်းတွင် ကယ်ရီသမားတွေ တစ်ယောက် တစ်ယောက် အလှမ်းဝေးသွားသည်နှင့် ရှသနှင့်ဆလိုင်း အထုပ် တွေကိုချလိုက်ပြီး သူပုန်တွေနောက်ကို ခပ်သွက်သွက်လေး လိုက် သွားကြသည်။

'ဟို..ဟိုမှာ လှမ်းမြီးတွေ့ရပြီ ရှသ..'

'သိမ်ပြီးအနီးကပ်လိုက်လို့မဖြစ်ဘူး'

နှစ်နာရီနီးပါးလောက် သူပုန်တွေနောက်ကနေနောက် ယောင်ခံလိုက်ရင်း ခိုင်ခိုင်ခန့်ခန့် ဆောက်ထားသော စခန်းတစ်ခု တွေ့လိုက်ရသည်။ အချိန်ကလည်း ညနေခင်းဘက်ကို ကူး ပြောင်းနေပြီဖြစ်သည်။

'ညကိုစောင့်ပြီးဝင်ကြမယ်'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ ဒင်းတို့နောက်ကိုလိုက်ရ
ခြေကုန်လက်ပန်းကျနေပြီ၊ နားချိန်ရတော့ ပိုပြီးကောင်းတာ
ကွာ..'

နှစ်ယောက်သား သက်ရင့်အပင်ကြီးပေါ်သို့တက်ပြီး ည
စောင့်နေမိသည်။ အသင့်ပါလာသော စားစရာတွေကို ထုတ်
အားဖြည့်ကြသည်။ အပင်ကြီး၏ သစ်ခွဆုံတွေက လူတစ်ယော
အတွက် ကျောခင်းပြီးအနားယူလို့ရသည်။ တစ်ယောက်တစ်
စီမှာ ကျောမှီပြီး အနားယူကြသည်။ တော၏ သစ်ရွက်ခတ်
တွေ၊ ကျေးငှက်တွန်ကျူးသံတွေက သံစဉ်လေးတွေလို ရိုက်
နေလေသည်။

အမှောင်ထုက ညဆီကို ခရီးဆက်လာပြီးတောကြီးတ
လုံးတိတ်ဆိတ်သွားသည်။ ကောင်းကင်ယံတွင် လခြမ်းကွေး
က တိမ်မဲကြားမှ ရှန်းထွက်စပြုနေလေသည်။

'ဆလိုင်း..စခန်းနားကိုကပ်မယ်'

'အင်း..မင်းသေနတ်သုံးဦးမှာလား'

'မသုံးဘူး'

'ငါကတော့ အခြေနေပေါ်မူတည်ပြီးသုံးရမယ်'

သစ်ပင်၊ သစ်ရိပ်တွေကို အကာအကွယ်ပြုပြီး စခန်း





တို ချဉ်းကပ်ပြီး အရိပ်အခြည်ကိုစောင့်ကြည့်လိုက်ကြသည်။

'ရှူး..'

တောလမ်းအတိုင်းမောင်းလာသော ကုန်တင်ကား..ရသ
တို့နှင့်မလှမ်းမကမ်းတွင် ရပ်တန့်သွားသည်။

'ကားကဘာဖြစ်သွားတာလဲ မသိဘူး'

'ဆလိုင်း...ငါတို့အတွက် စခန်းထဲကိုဝင်ဖို့ အခွင့်အရေး
တစ်ခုပဲ..'

'မင်းဆိုလိုတာက ကားနဲ့လိုက်မယ်ပေါ့..'

'သေချာတဲ့စကားပဲ'

'ဒါဆို ဝင်ကြစို့'

ကားနောက်ဘက်ကို တာလပတ်တွေပိတ်ထားပြီး ကားရှေ့
ခန်းတွင် ကားမောင်းသူနှင့်ဘေးမှသေနတ်သမားတစ်ဦးပါသည်။
ကားမောင်းသမားက ရှေ့ကားစက်ဖုံးကိုဖွင့်ပြီး ကားကို ပြင်နေ
သည်။ ရသနှင့်ဆလိုင်းတို့ ကားနောက်ဘက်ဆီသို့တက်လိုက်ကြ
သည်။

'ဟင်... လက်နက်တွေ..'

'မှောင်ခိုဈေးကွက်ကနေ ဝင်လာတဲ့လက်နက်တွေဖြစ်မယ်၊
ဒီအတိုင်းဆို ဒီကောင်တွေက လျှော့တွက်လို့မရဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်..သို့ပုန်အဖွဲ့မဟုတ်တော့ဘူး၊ လက်နက်မှောင်ခိုဂိုဏ်းလိုဖြစ်နေပြီ..'

'ရပြီဟေ့...သွားကြရအောင်..'

'အောင်ဘု..ရေ...မင်းကားက ချက်ချင်းပြန်ပြီးထွက်ရမှာမဟုတ်လား..'

'ဟုတ်တယ်...ပစ္စည်းတွေချပြီးချက်ချင်းပြန်ထွက်ရမှာ ကျွ ဟိုမှာထပ်ဖြီးတင်ရမယ့်ပစ္စည်းတွေ ရှိသေးတယ်'

'သွားကြမယ်..'

ကားရှေ့ခန်းတွင်ပြောနေသောစကားတွေကို ရသတို့ကြား နေရပြီး ခေါင်းထဲတွင် အတွေးတစ်ခုဝင်လာသည်။

'ဆလိုင်း..ငါတို့အမြန်ဆုံးလုပ်ရားဖို့တော့လိုမယ်'

'ဒီကားနဲ့ပြန်ပြီးထွက်မို့လား'

'အင်း..'

ကားမှာ စတင်မောင်းနေပြီဖြစ်သည်။

'ဝူး...ကျွီ...'

ကားထိုးရပ်သည်နှင့်ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်တော့ အန္တရာယ်ကင်းတာကြောင့် ကားပေါ်မှနှစ်ယောက် သားအမြန်ဆုံးခုန်ဆင်းလိုက်ပြီး အမှောင်ထုထဲတွင် ပုန်းလျှိုးနေ



လိုက်ကြသည်။

'ရသ..အခြေအနေကတော့ မလွယ်တော့ဘူး၊ ဖွဲလေးကို ဘယ်မှာထားတယ်ဆိုတာကို စုံစမ်းဖို့တော့ မဖြစ်နိုင်တော့ဘူး'

'ဆလိုင်း...မင်းပါးစပ်ပိတ်ပြီးနေစမ်းကွာ'

ရသ ဖြစ်နိုင်ခြေရှိသော အခေါက်အဦတွေကိုလှေ့လာ အကဲခတ်ပေမဲ့ဘာမှ မထူးခြားပေ။

'မြန်မြန်ခေါ်ခဲ့စမ်းကွာ'

'ဟင်..ဟာ..'

လူတစ်ယောက်ကို ကြိုးတုပ်ပြီးသေနတ်သမား(၃)ယောက် အတင်းဆွဲခေါ်လာသည်။

'ဒါ...သတ်မလို့ခေါ်သွားတာ ရသ..'

'တောက်..လူတစ်ယောက်အသက်ကိုကွာ.. တနာမှုမဲ့စွာ သတ်ဖြတ်နေတဲ့ကောင်တွေပဲ'

'ရ...သ..ဟို...ဟိုမှာ..ဖမ်းပြီးခေါ်လာတဲ့သူက ဖွဲလေး'

'ဟ...'

ဖွဲလေး ထိုသေနတ်သမားလက်ထဲတွင် ရုန်းကန်နေတာ တွေ့နေရသည်။

'ကျွန်တော့်ကိုမသတ်ပါနဲ့ တောင်းပန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတောင်းပန်လည်း ဘာမှမထူးဘူး၊ ငါတို့မှာ မင်းကို ပြန်ပြီးလွှတ်ပေးနိုင်တဲ့အာဏာမရှိဘူး'

ဖျံလေးကို ဆွဲခေါ်လာသော သေနတ်သမားတွေ ရသတို့နှင့်အနီးဆုံးသို့ရောက်ရှိလာသည်။ ဘေးပတ်ဝန်းကျင်မှာလည်း မြင်ကွင်းက ရှင်းနေသဖြင့် ဆလိုင်းကိုအချက်ပြလိုက်ပြီးအသင့် ပြင်ထားလိုက်သည်။ အနီးဆုံးသို့ရောက်သည်နှင့်...

'ဖြောင်း..အီး...ခွပ်.အင့်..ဒုတ်...အား..'

နှစ်ဦးလုံး လက်ညီသောကြောင့်သေနတ်သမား(၃)ယောက် လုံးပြန်လည်လှုပ်ရှားချိန်မရလိုက်တော့ဘဲ မြေပြင်တွင်မှောက်သွား ကြသည်။

'ဟာ...'

ဖျံလေး အံ့အားသင့်စွာနှင့် ငေးကြည့်နေသည်။

'ရသရေ..လစ်ကြရအောင်'

'ဟေ့လူ..ဒါ,.ဒါ...ဘာလုပ်တာလဲ'

'မင်းကိုဆွဲခေါ်တာလေ'

'ဘာ..ဘာလုပ်ဖို့လဲ'

'စကားရှည်တဲ့ကောင်ပဲ၊ လိုက်မှာသာလိုက်ခဲ့ကွာ'

ဆလိုင်း..ဖျံလေးကိုဆွဲခေါ်ပြီး ရပ်ထားသောကားနား သို့ခေါ်ခဲ့သည်။





'ပစ္စည်းတွေကုန်ရင် သွားမယ်'

'ကုန်သွားပြီ..လစ်တော့'

ကားနားတွင် လူရှင်းသွားပြီဖြစ်တာကြောင့် ကားနောက် ဘက်နားသို့ကပ်ပြီး...

'ကဲ..မြန်..မြန်တက်'

'ကျွန်...ကျွန်တော့်ကိုဘယ်..ခေါ်..'

'ဒီကောင်ကတော့ကွာ၊ တက်မှာသာတက်စမ်း'

'ဟုတ်..'

ဆလိုင်း..စိတ်မရှည်တော့သဖြင့် ကားထဲကို တွန်းတင် လိုက်ပြီး ကားပေါ်သို့တက်ခဲ့သည်။

'ဂူး..'

လက်နက်တွေတင်ဆောင်ထားသောကားမှာ စခန်းထဲမှ ထွက်ပြီးထွက်လာပြီဖြစ်သည်။

'ခင်ဗျားတို့ဘယ်သူတွေလဲ'

'မင်းပထွေးတွေ၊ ပါးစပ်ပိတ်ထားလို့ပြောနေတယ်၊ နောက်တစ်ခွန်းလုံး မသာပေါ်ကုန်မယ်'

'ရှီ...ကားရပ်လိုက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်..ဟာ..'

နောက်ဘက်မှ ခရာမှုတ်သံနှင့်အတူ ကားကိုရပ်ခိုင်းနေသောကြောင့် ပြဿနာပေါ်ပြီဆိုတာကို သဘောပေါက်လိုက်သည်။

'ကျွိ....'

ကားရပ်သည်နှင့် ရသ ကားဘေးတာလပတ်မှ အမြန်ဆုံးအောက်သို့ဆင်းလိုက်သည်။ လှုပ်ရှားမှုမှာ အရမ်းကိုမြန်တာကြောင့်နှင့်အမှောင်ထုကြောင့် ရသတို့ကို ဘယ်သူမှမတွေ့လိုက်ကြပေ...။

'ဘာဖြစ်လို့လဲကွ'

'မင်းတို့ကားပေါ်မှာ မသင်္ကာစရာတွေပါနေလို့'

'ဟင်..'

ကားမောင်းသမားနှင့်ဘေးမှ သေနတ်သမား ကားအောက်ကိုဆင်းသွားသည်နှင့် ရသ တစ်ဖက်ကားတံခါးမှ ကားထဲကိုဝင်လိုက်သည်။

'တာလပတ်ကိုဖွင့်စမ်းကွာ'

အမိန့်ပေးသံနှင့်အတူတာလပတ်ကို ဆွဲပြီးဖွင့်မည်အပြု...

'ဝူး...ဟာ..ဟင်...ဝုန်း...'

ကားမှာ ချက်ချင်းမောင်းထွက်သွားသဖြင့် ကားပေါ်ကိုတက်ဖို့ပြင်ဆင်နေသူတွေ ပြုတ်ကျကျန်ခဲ့သည်။

'ဝူး...ဝူး..'

ရသ..ကားကိုစက်ကုန်နင်းပြီးမောင်းထွက်လာသည်။

'ပစ်..ပစ်...ဒိုင်း..ဒိုင်း...ဒိုင်း...'

သေနတ်သံတွေ ဆူညံပွက်လောရိုက်ပြီး ထွက်ပေါ်လာတော့သည်။

'ဝုန်း...'

စခန်းတံခါးမကြီးကို ကားနှင့်တိုက်ဖွင့်ပြီးမောင်းထွက်ခဲ့တော့သည်။ တစ်ဖက်ရန်သူတွေ နောက်ကနေ ချက်ချင်းလိုက်ဖို့အတွက် အသင့်မဖြစ်သေးတာကြောင့် မျက်ခြည်ပြတ်ပြီးကျန်ရစ်ခဲ့ကြတော့သည်။

'ဟူး..ဟင်း..'

သက်ပြင်းကိုယ်စီချပြီးအနောက်ကိုကြည့်လိုက်တော့ လိုက်လာသောအရိပ်အယောင်ကိုပင် မတွေ့ရပေ။

'ခင်ဗျားတို့ ကျုပ်ကိုလာပြီး ကယ်တာလားဟင်'

'ဟုတ်တယ်.. မင်းကိုသိပ်ပြီးချစ်လို့အသက်စွန့်ပြီးလာကယ်တာပေါ့..'





www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

'ငါ့အတွက် အချိန်တွေကို ကြာကြာမပေးနိုင်ဘူး'

'မဟာသိရိ'စံအိမ်ကြီး၏ သခင်မကြီးအသံက ဖြတ်ရှလှ သောဓားသွားတစ်ခုပမာ ထွက်ပေါ်လာနေသည်။ သခင်မကြီးရှေ့ တွင် ခွန်ထူးနောင်၊ ဟိန်းရာဇာနှင့်ကြေးစားတွေဖြစ်သော ရှမ်း နှင့်စတန်းတို့ရှိနေကြသည်။

'သခင်မကြီးက အချိန်ကိုဘယ်လောက်သတ်မှတ်ချင်လို့လဲ'

'ငါ့ဘက်ကဖြစ်နိုင်ရင် မနက်ဖြန်တောင် ငါ့ရှေ့ကို ရောက် စေချင်တာ'





'ဒီလောက်ထိတော့ မမြန်နိုင်ပါဘူး၊ စတန်းသူ့ကိုအမြန်ဆုံး ...နိုင်ဖို့က မင်းပေါ်မှာအများကြီးမူတည်နေတယ်'

'ဒီနယ်မြေမှာ ရှိနေမယ်ဆိုရင် အများဆုံး(၃)ရက်ပဲစောင့်၊ ...ဟဲ.. တစ်ခုတော့ရှိတယ်၊ သာမန်ကြေးထက်တော့ နည်းနည်း ...ား‌ပြောတယ်'

စတန်း စီးကရက်ကို နှုတ်ခမ်းကနေ မချအဲပြောနေခြင်း ...သည်။

'ငွေကြေးကဏ္ဍကို မင်းပြောစရာမလိုဘူး၊ မင်းပြောတဲ့ ...က်ကိုသာ ရောက်မယ်ဆိုရင် ခုပြောထားတဲ့ဈေးထက် (၃)ဆ ...ပေးမယ်'

'ဟင်..ဟ'

သခင်မကြီးစကားကြောင့် အားလုံးအံ့ဩသွားသည်။ ...ဘာဆိုသည့်မိန်းကလေး၏တန်ဖိုး အရမ်းကိုကြီးမားနေသည် ...ို့ သတိပြုမိလိုက်ကြ၏။

'ဘယ်လိုလဲ..ကတိပေးနိုင်ရဲ့လား'

'စောင့်ကြည့်နေလိုက်ပါ..သခင်မကြီး'

'မင်းတို့အတွက် လူအင်အားလိုအပ်သေးလား'

'စတန်းဆိုတဲ့ကောင်အတွက် မလိုအပ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ရွှန်..မင်းရော'

'လူ(၅)ယောက်၊ ကားတစ်စီး၊ လက်နက်အပြည့်သော
ရမယ်ဆိုရင်တော့ကောင်းမယ်'

'မရဘူးဆိုရင်ရော..'

ရွှန်...ခပ်ရေးရေးလေးပြုံးလိုက်ပြီးမှ...

'ဒါလည်းဖြစ်ပါတယ်၊ ဒါဆိုသွားခွင့်ပြုပါဦး'

'ကောင်းပါပြီ..'

ခွန်ထူးနောင်တို့ အိမ်ရှေ့ထိကိုလိုက်ပို့ပေးဖို့ ခြေလှမ်းအပြ

'ခွန်ထူးနောင်..'

'ဗျာ...သခင်မကြီး..'

'ရွှန်တောင်းတဲ့ကိစ္စကို မင်းလုပ်ပေးလိုက်'

'ဟုတ်..'

'တစ်ခုတော့မှာလိုက်မယ်၊ ငါ့ဘက်က မငြိုငြင်ဘဲပြ
ဆည်းပေးသလို မင်းတို့ဘက်က ဘာတစ်ခုမှ အတိမ်းအစော
မခံဘူးနော်'

'ဟုတ်..'

ညှော်ခန်းဆောင်ကြီးထဲမှ အားလုံးထွက်သွားပြီး ကျ
သူက ဟိန်းရာဇာ..





'ဟိန်းရာဇာ..'

'ဗျာ...သခင်မကြီး'

'မင်း..ခွန်ထူးနောင်ကိုဘာကြောင့်ကူညီရတာလဲ'

'ဟို..ဟို.. သူ့အခြေအနေက သခင်မကြီးဘက်က မကူ
ညီဘူးဆိုရင် လက်ဘဲဆိုတဲ့ကောင်မကိုဖမ်းမိဖို့က မလွယ်ကူလို့ပါ'

'မင်းပြောတဲ့အကြောင်းပြချက်က ဒီတစ်ခုပဲရှိတာလား'

'အကြောင်းပြချက်မဟုတ်ရပါဘူး၊ ဦးရီးတော်အတွက်
ကူညီပေးရုံသက်သက်ပါ..သခင်မကြီး'

'တခြားအကြောင်းတွေ မရှိဘူးပေါ့'

'ဟုတ်ကဲ့...မရှိပါဘူး..'

'မင်းက မရှိဘူးဆိုတော့လည်း မရှိဘူးလို့ပဲ ငါသတ်မှတ်
လိုက်တယ်..ဟိန်းရာဇာ..၊ ဒါပေမယ့် ဒေဝီဟာ မျက်လုံး
ကောင်းတဲ့မိန်းမတော့မဟုတ်ဘူးနော်၊ မနက်ခရီးသွားရမယ်၊
ပြင်စရာရှိတာကို သွားပြီးပြင်ထား'

'ဟုတ်..'

သခင်မကြီး..ဟိန်းရာဇာကျောပြင်ကိုကြည့်ပြီးပြုံးလိုက်
သည်။

'ဟိန်းရာဇာ..ဟိန်းရာဇာ..မင်းတို့ကိုမင်းတို့ ဟုတ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တာကို..သိရိဆိုတဲ့မိန်းမက မျက်လုံးတစ်ထောင်၊ နားတစ်
ထောင်ရှိနေတာကို မင်းတို့မသိနိုင်ဘူးလေ...ဟား..ဟား..
ဟား..'

သခင်မကြီး ရယ်မောသံမှာ ညှော်ခန်းမကြီးတစ်ခုလုံးထဲ
ပဲ့တင်ရိုက်ခတ်သွားသည်။ ထိုနည်းတူစွာ..ဟိန်းရာဇာမှာလည်း

'ခင်ဗျားကြီးအတွက် ထာဝရကျေးကျွန်မဟုတ်ဘူးဆိုတာ
တော့ တစ်နေ့နေ့ ကောင်းကောင်းကြီးသဘောပေါက်လာမှာပါ..'

ကောက်ကျစ်စဉ်းလဲသော အကြံကိုယ်စီဖြင့် တစ်ခန်း
တည်းသွားနေကြသူတို့၏အနောဂတ်ကြီးမှာ..

✱ ✱ ✱

တိမ်တိုက်ကြားမှ လွင့်မျောနေတဲ့ ငှက်ကလေးတွေ၏
...ာင်ပံခတ်သံတွေက လက်ာအတွက် အနာဂတ်သံစဉ်များကဲ့သို့
...ားမိသည်။

သူ့ဘဝအတွက် နောက်သို့လှည့်စရာမရှိသော၊ ခြေလှမ်း
...အတွက် အင်အားတွေရှိဖို့တော့လိုအပ်နေပြီဖြစ်သည်။

'ငါကြောက်ရွံ့ခြင်းတွေ၊ အားငယ်မှုတွေကို ငါ့စိတ်အာရုံ
...ထနေ မောင်းထုတ်ပစ်ရမယ်'

ကိုယ့်စိတ်ကို ပြန်ပြီးအားပေးစကားတွေအကြိမ်ကြိမ်
...ပြောနေရသောလက်ာ.. မနက်ဖြန်တွေကို တစ်ခါတစ်ခါ ကြောက်
...နေမိသည်။





www.burmeseclassic.com

www.burmeseclassic.com



'နင်ကြောက်တတ်ရင် မဟာသီရိစံအိမ်ကြီးကနေ ထွက်လာ ဖို့မသင့်ဘူး၊ နင့်ဘဝတစ်သက်လုံး ပဒေသရာဇ်စနစ်အုပ်ချုပ်မှု အောက်မှာနေသင့်တယ်'

'ငါ..ငါ မနေဘူး..မနေဘူး..'

'မနေချင်ဘူးဆိုရင် နင်ဘာကိုကြောက်နေရမှာလဲ၊ သတ္တိ ရှိရှိ ရင်ဆိုင်လိုက်စမ်းပါ..လက်ဘ်..'

သူ့ကိုယ်သူပြန်နှိုးပြီး ပုံရိပ်ထင်ဟပ်မှုက သတ္တိတွေကို မွေး ဖွားပေးနေလေပြီ။

'ဟုတ်တယ်..ငါဘာကိုမှမကြောက်ဘူး၊ မကြောက်ဘူး..'

သူ့နှုတ်ဖျားဆီကနေ အကြိမ်ကြိမ်ရွတ်ဆိုနေမိတော့သည်။ လက်ဘ်..ထင်းရှူးအိမ်ကလေးကိုရောက်နေသည်မှာ(၃)ရက်မြောက် ခဲ့ပြီ...သူရောက်နေသောအိမ်မှာလက်ဘ်ကိုမွေးဖွားပေးခဲ့သော သားဖွားဆရာမ နော်ထူးဆေးပင်ဖြစ်သည်။

မိဘနှစ်ပါးရှိစဉ်က ဒီထင်းရှူးအိမ်ကလေးကို မကြာ ခဏ ရောက်တတ်ပြီး လက်ဘ်ကို သမီးလေးတစ်ယောက်လိုချစ်သော ဆရာမ နော်ထူးဆေးသည် လက်ဘ်အတွက် အင်အားတစ်ခုပမာ

'သမီးလေး..နိုးပြီလား'

'ဟုတ်ကဲ့မေနော်..'





'သမီးအတွက် မနက်စာပြင်ထားတယ်၊ သွားစားဦး'

'မေနော်..'

'သမီးဘာကိုပြောချင်လို့လဲ ပြောလေ..'

'သမီးဒီမှာဆက်ပြီးနေလို့မသင့်တော့ဘူးထင်တယ်'

'ဟင်..သမီးက ဒီမှာဆက်ပြီးမနေလို့ဘယ်ကိုဆက်သွား မလဲကွယ်..၊ တခြားနေရာမှာ အသိမိတ်ဆွေရှိနေတာမှ မဟုတ် တာကွယ်..'

'သခင်မ သီရိဟာအနေးနဲ့အမြန် ဒီကိုရောက်လာနိုင်တယ် မေနော်..သူဘယ်လိုလူဆိုတာ မေနော်အသိဆုံးပဲ'

'အင်း..ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးကို မေနော် လွှတ်ချင်ဘူး၊ တစ်ခုခုတော့ စဉ်းစားကြတာပေါ့'

လက်ဘ်ရောက်နေသောနေရာမှာ သခင်မကြီးနန်းစောသီရိ ၏ လောင်းရိပ်မလွှတ်ကင်းတဲ့နယ်မြေဖြစ်နေခြင်းကြောင့် လက်ဘ် အတွက် လုံခြုံမှုက စိတ်ချလို့မရ။

'အမိုး...အမိုးရေ..'

'ဟဲ့ထီးကောင်..ငါတို့အိမ်ပေါ်မှာ..တက်ခဲ့'

'ဟုတ်ကဲ့..'

ထီးကောင်မှာ မေနော်ငယ်ငယ်လေးတည်းက မွေးစား



www.burmeseclassic.com

www.burmeseclassic.com



ထားသောလှူငယ်လေးပင်ဖြစ်သည်။

'ထီးကောင်..နင်စုံစမ်းတာ ဘာတွေသိခဲ့လဲ'

'မမရေ...ဒီနယ်ကနေထွက်ဖို့ကတော့ မလွယ်ဘူး'

'ဟင်...ဘာလို့'

'ကားဂိတ်တွေနဲ့ မြို့ထွက်ဂိတ်နေရာတွေမှာ သခင်မကြီး လူတွေက စောင့်ကြည့်နေကြတယ်'

'ဟယ်..'

'နောက်တစ်ခုသတင်းကြားတာက မမကိုလူပျောက်မှုနဲ့ ရဲစခန်းမှာ အမှုဖွင့်ထားတယ်'

'သမီးရေ...သီရိကတော့ ဘက်စုံသမီးလေးကို ဝိတ်ဆွဲ ပြီး ဖမ်းဖို့လုပ်ထားတာပဲကွယ်..'

'ကျွန်တော့်အထင်ပြောရရင် ဒီနေရာကိုတောင်ရောက်လာ နိုင်မယ်..'

'ဟင်..ဘာကြောင့်လဲ'

'ဒီရွာက ရှမ်းကောက မမ..အမိုးအိမ်ရောက်နေတာကို သိထားတယ်၊ ဒီကောင့်ပါးစပ်က ငွေသာရမယ်ဆိုရင် ထွက် ပြောမှာ..'

'မေနော်..'





'သမီး...ခဏနေဦးမေနော်...စဉ်းစားလိုက်ဦးမယ်၊ ဟုတ်ပြီ..ထီးကောင်..မင်းမမကို ဒီည တောင်စွန်းရွာကိုခေါ်သွား'

'ဆိုင်ကယ်နဲ့သွားရမှာလား'

'အင်း..ပြီးတော့ တောလမ်းကနေသွား..ကြားလား.. တောင်စွန်းကိုရောက်ရင် ဖထီးစောဆီမှာနေခိုင်း..နောက်နေ့မှ ငါ လာခဲ့မယ်..'

'မေနော်..'

'သမီးလေးကို ဘုရားသခင်က စောင့်ရှောက်မှာပါ'

'ကျေးဇူးတင်ပါတယ် မေနော်..'

'ဝူး...'

'ဟင်...'

ထိုအချိန်တွင် အိမ်ရှေ့ဘက်မှမောင်းဝင်လာသောကားသံကို ကြားလိုက်ရတာမို့..

'ထီးကောင်..ထွက်ပြီးကြည့်စမ်း..ဘယ်ကကားလဲ'

'ဟုတ်ကဲ့..'

ထီးကောင် အပြင်ကုန်းမြင့်လေးပေါ်ကနေထွက်ပြီးကြည့် တာ အိမ်ထဲကိုအပြေးကလေးဝင်လာသည်။

'ထီးကောင်..ဘယ်သူတွေလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သခင်မ သိရိရဲ့လူတွေဖြစ်ဖို့များတယ် အမိုး'

'ဘုရားသခင်..'

လက်ာလည်း ဘာလုပ်ရမှန်းပင်မသိ ဖြစ်သွားသည်။ မေနော် ခဏမျှစဉ်းစားပြီး...

'ထီးကောင်.. မင်းမမကို အနောက်လှိုဏ်နေ ခေါ်ထုတ်သွားတော့၊ ငါအခြေအနေကြည့်ပြီးလိုက်ခဲ့မယ်..သွား..သွားတော့'

'မေနော်..'

'သမီးလေး..သွားတော့..ထီးကောင်..မင်းမမကို ဂရုစိုက်ပြီးခေါ်သွား..'

'စိတ်ချပါအမိုး.. ကျုပ်အသက်နဲ့ရင်းပြီးကာကွယ်ပါ့မယ်.. မမ..သွားကြရအောင်'

လက်ာကျောပိုးအိတ်ကို ထီးကောင်လွယ်ပြီး အနောက်ဘက်လှိုဏ်လမ်းဆီသို့ပြေးထွက်ခဲ့ကြသည်။

'ကျွိ..'

အိမ်ရှေ့တွင် ကားရပ်သည်နှင့် ဂျွန်နှင့်စတန်း ခေါင်းဆောင်သောကြေးစားတွေ ကားပေါ်ကနေဆင်းလာကြသည်။ သူတို့ထဲတွင် ရှမ်းကောကိုပါ တွေ့လိုက်ရသည်။

'အဘွားကြီး'





'မောင်ရင်တို့ ဘာကိစ္စနဲ့လာကြတာလဲ'

'ခင်ဗျားအိမ်မှာ မိန်းကလေးတစ်ယောက်ရောက်နေတယ်ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဆို ခုထုတ်ပေးပါ'

'မောင်ရင်တို့ရောက်လာတာ အရမ်းကိုနောက်ကျနေပြီ ကွဲ့'

'ဘာဖြ..'

'မနေ့ကညပဲ သူ့သူငယ်ချင်းရှိတဲ့ လားရှိုးဘက်ကိုသွားပြီ'

'ဆရာ..ဆရာ..ဒီအဘွားကြီးပြောတာမဖြစ်နိုင်ဘူး၊ မနက်တင် ကျွန်တော်တွေ့လိုက်တယ်'

'အဘွားကြီး.. ရှမ်းကောပြောတာဟုတ်လား'

'ရှမ်းကောက ငယ်ငယ်ရွယ်ရွယ်နဲ့မျက်စိမကောင်းဘူးနဲ့ တူတယ်..အမိုးက မညာတတ်ဘူး၊ မနေ့ညထဲကထွက်သွားတာ'

'ဟေ့ကောင်တွေ တစ်အိမ်လုံးကို ရှာကြစမ်း'

မေနော်..အိမ်ထဲရော အိမ်ပတ်ဝန်းကျင်ရော ရှာပေမဲ့ ချွန်စပင်မတွေ့ရသဖြင့်...

'ခင်ဗျားကြီး ဘယ်မှာဝှက်ထားလဲ..ပြောစမ်း'

'မဝှက်ထားပါဘူးကွယ်.. အမိုးပြောတာကိုယုံပါ'



www.burmeseclassic.com

www.burmeseclassic.com



'စတန်း..ဘယ်လိုလုပ်မလဲ'

'ဗျန်..ငါကတော့ ဒီအဘွားကြီးပြောတာကိုမယုံဘူး၊ သူ ဟိုကောင်မရှိတဲ့နေရာကို သိကိုသိရမယ်'

'ဒီတော့..'

'နည်းနည်းပါးပါး ဆုံးမလိုက်ရင်တော့ ဘယ်မှာလဲဆိုတာ ကိုသိနိုင်မယ်'

'မင်း..မင်းတို့ ဥပဒေမဲ့မလုပ်နဲ့နော်'

'အဘွားကြီးက အသက်ကြီးမှ ရိုက်နှက်တာကိုခံချင်တာ နဲ့တူတယ်'

'ဒိုင်း...အ..'

မေနော်နားကို ကစ်သွားသောကြေးစားတစ်ယောက်၏ လက်ကို သေနတ်ထိမှန်သွားသည်။

'ကြေးစားထဲမှာ စိတ်ဓာတ်စုတ်ပြတ်တဲ့ကောင်တွေပဲ၊ ဂါရ တရားနဲ့ယဉ်ကျေးမှုမရှိဘူး'

'ဟင်..မင်း..မင်းတို့က'

သေနတ်ကို ဆလိုင်းကိုလှမ်းပေးလိုက်ပြီး အေးအေးဆေး ဆေးလျှောက်လာသူက ရသ..

'ငါဘယ်သူလဲဆိုတာကို သိချင်လို့လား'





'မင်းအသက်ကို မနှမြောရင် ဒီကနေလှည့်ပြန်သွား..'

'ဟားဟားဟား...'

ရသ၏ရယ်မောသံကြောင့် ဗျန်တို့အဖွဲ့အားသင့်သွားကြ သည်။ ရသကတော့ ဂရုမစိုက်ဘဲ ဗျန်နှင့်အနီးကပ်ဆုံးကိုလျှောက် လာခဲ့သည်။

'ချောက်..ချောက်..ချောက်..'

စတန်းနှင့်ကြေးစားကောင်တွေအားလုံး သေနတ်ကိုယ်စီ ထုတ်ပြီးရသကိုချိန်ရွယ်ထားလိုက်သည်။

'ချောက်..ဟင်..ဟာ..ချောက်..ချောက်..'

ဗျန်သေနတ်မှ ကျည်မထွက်တာကြောင့် အဆက်မပြတ် ဆက်ပြီးပစ်တော့လည်း ကျည်ကမထွက်သဖြင့်...

'ဟော့ကောင်တွေ..'

သူ့နောက်ကလူတွေကို ပစ်ဖို့အမိန့်ပေးလိုက်ပေမယ့်ထို နည်းတူစွာပင်..ကျည်ဆံတွေက အပြင်ကိုမထွက်လာကြပေ။

'ဖြောင်း..အား..'

ဗျန်လက်ထဲကသေနတ်ကိုရသဆွဲယူပြီး မျက်နှာကို ရိုက်ချ လိုက်သည်။

'ဒိုင်း..'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ..'

ဂျွန်ပစ်စင်က ကျည်မထွက်သောသေနတ်ကို ရှသပစ်ပြ[illegible] လိုက်ခြင်းဖြစ်၏။

'မင်း..မင်း..'

'ကျုပ်ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ မင်းတို့ရဲ့ ရိုင်းစိုင်းမှုကို ဘာဆက်ပြီးလုပ်မှာလဲဆိုတာကိုပြော..'

'ယောကောင်တွေ ပြန်မယ်'

'ဟုတ်..'

ကားပေါ်ဆီသို့ အားလုံးပြန်တက်ပြီးမောင်းထွက်သွားကြ[illegible] တော့သည်။ သူတို့မျက်နှာပေါ်မှာတော့ ကျေနပ်မှုတွေ မရှိကြ[illegible]

'ကျေး...ကျေးဇူးတင်ပါတယ်..ကောင်လေးတို့ရယ်..'

'ရပါတယ်အမိုး..ဩော်...ဒါနဲ့ ဒီကောင်တွေ အမိုး[illegible] ရောက်လာကြတာ လက်ာဆိုတဲ့မိန်းကလေးကို လာဖမ်းကြတာ[illegible] မဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ်ကွယ်.. ဒါနဲ့မောင်ရင်တို့ကရော[illegible] သမီးလေးကိုလာပြီး ရှာကြတာလား'

'မဟုတ်ပါဘူးအမိုး'

လက်ာနှင့်ပတ်သက်ပြီး ရှသပြောချင်ပေမဲ့ သူ့အပေါ်[illegible]





သိသယဝင်သွားမှာကြောင့် လက်ာနှင့်ပတ်သက်ပြီး စကားမဆက်တော့ဘဲ ပြန်ထွက်လာခဲ့ကြသည်။

'ရှသ..ဘာလို့ဆက်ပြီးမမေးတာလဲ'

'ငါတို့ဆက်ပြီးမေးလည်း အမိုးကပြောမှာမဟုတ်ဘူး ဆလိုင်း'

'ဒါဆိုဘယ်လိုဆက်ပြီးရှာဖွေမလဲ..'

'လက်ာဟာ အမိုးပရဝုဏ်ထဲမှာပဲရှိနေမှာသေချာတယ်'

'ဒီတော့..'

'အမိုးလှုပ်ရှားမှုပေါ်မှာပဲ စောင့်ကြည့်ရမှာပေါ့ကွာ'

'ရှသ...'

'မင်းဘာကိုပြောချင်တာလဲ ဆလိုင်း..'

'လက်ာနဲ့ပတ်သက်ပြီး မင်းဘက်က စောင့်ရှောက်နေတဲ့ [illegible]စိတ်က သိပ်ပြီးတော့ မဟုတ်သေးဘူး'

'ဘာလို့..'

'လက်ာရဲ့ဦးတည်ချက်ကဘာလဲ'

'လွှတ်မြောက်မှု...မဟာသီရိစံအိမ်တော်ကြီးကနေ လွှတ်မြောက်ရေး..'

'ဒါဟာ အမှားကြီးတစ်ခုပဲ ရှသ..'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုမှားနေတာလဲ'

'မင်းစဉ်းစားကြည့်လေ…ကိုယ်ပိုင်တဲ့ဘ၀ကို အနိုင်ကျင့်ပြီးအသိမ်းလည်းခံရတယ်…ပြီးတော့လူကိုလည်း သိမ်းပိုက်ဖို့လုပ်တယ်ဆိုတာ အဓမ္မကြီးအနိုင်ကျင့်တာပဲ'

'လက်ာလို မိန်းကလေးက ဘယ်လိုလုပ်ပြီး သူတို့ကိုရင်ဆိုင်နိုင်မှာလဲ၊ တော်လှန်ဆန့်ကျင်တယ်ဆိုတာ နောက်ခံအင်အားတောင့်မှဖြစ်တာလေ'

'မင်းပြောတာကို ငါလက်ခံပါတယ်၊ ခုလိုသူတို့လက်ကလွတ်မြောက်ဖို့ ပြောနေတော့ရော…လွတ်မြောက်မယ်ထင်လို့လားသခင်မသီရိက အလွတ်ပေးမှာမဟုတ်ဘူး… မိုးဆုံးမြေဆုံးရှာမှာမြေကြီးလက်ခတ်မလွဲဘူး'

'အင်း…မင်းပြောတာ စဉ်းစားစရာပဲ'

ဆလိုင်းပြောသောစကားမှာ တကယ်ကိုစဉ်းစားစရာဖြစ်နေသည်။

'ငါတို့ဘက်က လက်ာနောက်ကိုဘယ်ချိန်ထိလိုက်ပြီးကာကွယ်ပေးနိုင်မှာလဲ၊ သူတို့ဘက်က အင်အားများတယ်၊ ပြီးတော့လှုပ်ရှားမှုတွေက ကိုယ့်ထက်ပိုပြီးဦးတယ်၊ တစ်ချက်လေးလွဲသွားတာနဲ့လက်ာဘ၀က ဇာတ်သိမ်းသွားမှာပဲ ရှာ…'





ဆလိုင်း၏စကားကို မငြင်းနိုင်အောင်ဖြစ်နေသည်။ လက်ာပေါ်မှာ ကာကွယ်ပေးချင်တဲ့ဆန္ဒတစ်ခုကလွှဲပြီး ချဉ်းကပ်မှုတွေကလွဲချော်နေတာကို သဘောပေါက်လိုက်မိသည်။

'ငါဘာလုပ်သင့်လဲ ဆလိုင်း'

'ပထမဦးဆုံး လက်ာကို ဒီကောင်တွေထက် တွေ့အောင်ရှာပြီး မင်းဆန္ဒအမှန်ကိုဖွင့်ပြောပြပေါ့'

'သူက လက်မခံရင်ရော…'

'လက်ာအတွက် ဒီအချိန်ဟာ ငြင်းလို့မရတဲ့အခြေအနေတစ်ခုပါ'

'သူလက်ခံပါစေလို့ ဆုတောင်းရမှာပဲ'

'လက်ခံဖို့ထက် အရင်ဆုံးတွေ့ဖို့က ပိုပြီးအရေးကြီးတယ်'

'ကိုရှာ…'

'ဟာ…ဖျံလေး…'

ရှာတို့ဆီသို့ ဖျံလေးလာနေတာကိုတွေ့လိုက်ရသည်။

'မင်းငါတို့ဆီလိုက်လာတာလားဖျံလေး'

'ဟုတ်တယ်ကိုရှာ… ကျွန်တော်ပေးတဲ့သတင်းမှန်ရဲ့ လား'

'မင်းပေးတဲ့သတင်းမှန်ပါတယ်၊ ဒါပေမဲ့လူကိုတော့ မတွေ့လိုက်ရသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…လူကဘယ်ကိုရောက်သွားလို့လဲ ကိုရှသ…ဟိုလူ တွေလက်ထဲကိုရောက်သွားလို့လား'

'ဘယ်သူ့လက်ထဲကိုမှမရောက်သေးပါဘူး၊ ဆက်ပြီးတော့ ပျောက်ဆုံးနေဆဲပဲ'

'ကိုရှသ ဆက်ပြီးရှာရဦးမှာပေါ့'

'သေချာတာပေါ့ ဖျံလေးရာ၊ မင်းပဲဆက်ပြီးကူညီဦးလေ'

'ဩော်…ကိုရှသကိုပြောစရာရှိတယ်'

'ဘာကိစ္စလဲ'

'မလက်ာ ဒီမှာရှိနေတာကို ဟိုတစ်ဖက်ကိုသတင်းပေး တဲ့ကောင်ရှိတယ်'

'ဘယ်သူလဲ'

'ရှမ်းကော…ဒီကောင်က ငွေရမယ်ဆိုရင် ဘာမဆိုလုပ်မယ့် ကောင်'

'ဒီရှာသားလား'

'ဟုတ်တယ် ဒီရှာသား ကိုရှသ'

'ဒါဆိုရင် ဒီကောင် ငါတို့ကိုပါခြေရာခံဖို့ ရှိနေဦးမှာ'

'လုံးဝသေချာတုံးပဲ၊ လက်ာကို ဟိုကောင်တွေ မတွေ့ဘူး သေးဘူးဆိုတော့ အမိုးနဲ့ပတ်သက်ပြီးခြေရာဆက်ပြီးခံနေဦးမှာပဲ၊





…တော့ ငါတို့အတွက်ပါ ဒုက္ခပေးနိုင်တယ်'

'ဒီတော့…'

'ကြိုပြီးရှင်းထားတာကောင်းမယ်'

'ရှသ… ခုလောလောဆယ် ငါတို့ဘယ်မှာအထိုင်ချရမယ် …ဘာကို စဉ်းစားဦး'

'နေဖို့ကိစ္စအတွက်စိတ်ပူမနေနဲ့ ကိုဆလိုင်း'

'မင်းမှာနေရာရှိလို့လား'

'ဟိုမှာတွေ့လား ဘုရားကျောင်း'

ဖျံလေးလက်ညှိုးထိုးပြလိုက်သော တောင်ကုန်းပေါ်က ခုရစ် …န်ဘုရားကျောင်းကြီးကိုတွေ့လိုက်ရသည်။

'ဒုတိယကမ္ဘာစစ်ထဲက ရှိနေခဲ့တဲ့ဘုရားကျောင်း'

'နေခွင့်ပေးပါ့မလား'

'ပြောကြည့်ကြတာပေါ့'

'ဒါဖြင့် သွားကြရအောင်ကိုရှသ၊ ကျွန်တော် ကြားရ …လောက်တော့ ဒီဘုရားကျောင်းမှာ ဘုန်းတော်ကြီးတစ်ပါးပဲ …တယ်'

ရှသတို့အားလုံး တောင်ကုန်းပေါ်က ဘုရားကျောင်းဆီသို့ …ဆက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မေနော်တစ်ယောက် ရသတို့ကို သစ်ပင်ကွယ်တစ်ခုက အခြေအနေကို စောင့်ကြည့်ရင်း…

'သူတို့လည်း လက်ာကိုလာပြီးရှာကြတာလား၊ သူတို့ က ကောင်လေးတစ်ယော်က်ကတော့ အရမ်းစွမ်းတယ်၊ ပြီးတော့ မျက်နှာပေါ်မှာမကောင်းတဲ့ အသွင်အပြင်မျိုးကိုမတွေ့ရဘူး… ဘုရားသခင်‥ လူသူတော်ကောင်းတွေပဲဖြစ်ပါစေ‥သမီးလေး လက်ာကို ကယ်တင်ပေးသူတွေဖြစ်ပါစေ‥'

မေနော် နှုတ်ဖျားမှ တဖွဖွဆုတောင်းရင်း ရသတို့ကို မျှော် စိတစ်ဆုံးကြည့်နေမိတော့သည်။

ထို့အပြင် မေနော်အိမ်နှင့်အဝေးဆုံးတောလျှိုလမ်းပေါ်မှာ တော့ လက်ာနှင့် ထီးကောင်တို့ပြေးလွှားနေဆဲ‥

'ထီးကောင်‥ငါအရမ်းမောနေပြီ'

ထီးကောင် နောက်ဘက်သို့လှမ်းကြည့်ပြီး မည်သည့်အရိပ် အယောင်မှ မတွေ့သဖြင့်…

'ဒီကောင်တွေဆက်ပြီး မလိုက်လာဘူး'

'မေနော် တစ်ခုခုဖြစ်နေပြီလား မသိဘူး'

'အမိုးအတွက်သိပ်ပြီး စိတ်မပူပါနဲ့မမ၊ ဘုရားသခင်က အမိုးကိုကာကွယ်ပေးမှာပါ'





'မင်းပြောသလိုဖြစ်ပါစေ‥'

အနောက်ဘက်မှ တိမ်တိုက်ကြီး ညို့မှိုင်းတက်လာတာ ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းသွားသည်။

'မမရေ‥ မိုးရွာတော့မယ်နဲ့တူတယ်'

'ဟင်…'

'ဒီတောထဲမှာတော့ မိုးမိလို့မဖြစ်ဘူး'

'ဘာလို့လဲ ထီးကောင်'

'မမ…အအေးဒဏ်ကို ခံနိုင်မှာမဟုတ်ဘူး‥'

'မိုးလွတ်အောင် ဘယ်လိုလုပ်မလဲ'

'ခရီးစဉ်ပြောင်းရမယ်'

'ဘာ‥ခရီးစဉ်ပြောင်းရမယ်'

'ဟုတ်တယ်…အမိုးသွားခိုင်းတဲ့နေရာကို ဆက်ပြီးသွားရင် တောထဲမှာပဲ ဒုက္ခတွေ့သွားနိုင်တယ်'

'ဒီတော့‥'

'ရှေ့ဖြတ်လမ်းကနေ တောင်ပေါ်ဘုရားကျောင်းကို သွားပြီး သီဥတုကောင်းမှ ခရီးဆက်ရမယ်'

'ဟဲ့…ဟိုလူတွေလိုက်လာကြရင် ဘယ်လိုလုပ်မလဲ'

'ဒီရာသီဥတုနဲ့ ဒီနေရာကို ဘယ်သူမှမလာရဲကြဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားကျောင်းကရောလက်ခံပါ့မလား'

'ဒါတော့မပူနဲ့မမ··ဖာသာကြီးနဲ့ အမိုးကအရမ်းကိုခင်

တာ၊ ကဲ··စကားတွေနောက်မှပြော··မိုးမရွာခင်သွားကြမယ်

ထီးကောင့်မှာ တောလမ်းကျွမ်းကျင်တာကြောင့် ဘု

ကျောင်းဆီသို့ အနီးဆုံးဖြတ်လမ်းကနေ လာခဲ့ကြရသည်။ တစ်

နီးပါးခရီးနှင်ပြီးနောက် ဘုရားကျောင်းဆီသို့ရောက်ခဲ့ကြသ

'ဖာသာ··ဖာသာ··ဒုန်း···ဒုန်း··'

ထီးကောင် တံခါးကိုဆင့်ပြီးထုလိုက်သည်။ ခဏ

တော့ ဘုရားကျောင်းထဲမှ ဘုန်းတော်ကြီးမယ်လာဒမ်ထွက်လာ သ

'ဟ···ထီးကောင် ဘာဖြစ်လာတာလဲ'

'ကျွန်တော်တို့ ဒုက္ခရောက်လာကြလို့'

'ဟင်···'

'ဝေါ···'

တောကြီးဆီကနေ ကြောက်မက်ဖွယ်ကောင်းလှသော

သံကြီးနှင့် မိုးရွာချတော့သည်။

'စကားနောက်မှပြောကြတော့ ကျောင်းထဲကိုအရင်ဝင်

'ဂျိုင်း···'

လက်ဘတို့အထဲကိုရောက်မှ တံခါးကိုပြန်ပြီးပိတ်လိုက်သ





ထို့နောက် ထီးကောင်မှ လက်ဘနှင့်ပတ်သက်ပြီးဖြစ်ပျက်နေတာ

တွေကို ရှင်းပြလိုက်သည်။

'အင်း··လောဘသားတွေရဲ့အမိုက်ဓာတ်တွေကတော့

ဘုရားသခင်ကို မျက်ကွယ်ပြုကုန်ပြီ···ကြောက်စရာကောင်းလှ

ပေတယ်··သမီးလေး···ဖာသာရဲ့ဘုရားကျောင်းကိုရောက်ပြီဆိုမှ

တော့ အကြောက်တရားတွေကိုမေ့လိုက်ပါ··ဖာသာကူညီပါ့မယ်'

'ကျေးဇူးတင်ပါတယ် ဖာသာ··'

'ရပါတယ်ကွယ်·· ဘုရားသခင်ရဲ့အလိုတော်အတိုင်းပေါ့··

ဖာသာ နောက်ကိုလိုက်ခဲ့ကြ··'

'ကျွိ···'

'ဟင်···ဟာ···'

ဘုရားကျောင်းနံရံတံခါးချပ်ကြီးပွင့်သွားပြီး အောက်ဆီသို့

ဆင်းသော ကျောက်လှေကားကိုတွေ့လိုက်ရသည်။ ဘုန်းတော်ကြီး

ထရှေ့ကနေ မီးအိမ်ဆွဲပြီးဆင်းသွားတဲ့နောက်ကိုလိုက်ခဲ့ကြသည်။

လှေကားဆုံးတော့ ခုတင်(၂)လုံးနှင့်ပြင်ဆင်ထားသော အခန်းလေး

တစ်ခုကိုတွေ့လိုက်ရသည်။

'ဒီညတော့ ဒီမှာပဲ စိတ်ချလက်ချ အိပ်··မနက်ကျမှ နောက်

ကိစ္စတွေကို ဆက်ပြီးစီစဉ်ကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့..'

'ခဏနေရင် ဖာသာ စားစရာတွေယူလာခဲ့မယ်'

'ရပါတယ် ဖာသာ..'

'ခရီးရှည်ကြီးကိုသွားမယ်ဆိုရင် အင်အားတော့ရှိဖို့လိုတယ်'

လကီ္ကတို့အားနာလို့သာငြင်းနေရပေမဲ့ ဗိုက်ကတော့ဆာလောင်နေပြီဖြစ်သည်။ ဘုန်းတော်ကြီး အပေါ်ကိုပြန်ပြီးတက်သွားသည်နှင့် ခုတင်ပေါ်တွင် ခြေစုံပစ်ပြီးလှဲချလိုက်တော့၏။

'ဟူး..'

တစ်နေ့လုံး မောပန်းမှုတွေကို စိတ်လွှတ်ပြီးမျက်လုံးစုံ မှိတ်လိုက်တော့သည်။ သူ၏ကံကြမ္မာက မည်သို့သောသမိုင်းကြောင်းတွေကို ဆက်ပြီးရေးဆွဲမလဲဆိုတာကို မတွေးဝံ့တော့ချေ။ အဆိုးဘဝတစ်ခုကနေ ရုန်းထွက်ခဲ့သော လကီ္ကအတွက်တော့ မည်သည့်ခရီးကြမ်းမဆို သတ္တိရှိစွာနင်းကျော်ဖြတ်ရတော့ဖြစ်သည်။

ပဒေသရာဇ်လောင်းရိပ်ကြီးကို စီးချင်းထိုးမည့်ရာဇဝင်အတွက်တော့ လကီ္ကအားမာန်အပြည့်နှင့်ရင်ဆိုင်တော့မည်။



'ဘုရားသခင်ရဲ့အရိပ်အောက်မှာ လူသားအားလုံး သတ္တဝါအားလုံး ခိုလှုံခွင့်ရှိကြပါတယ်။ ဒါပေမယ့် လူလေးတို့ကိုမေတ္တာထားခံချင်တာကတော့ ငြိမ်းချမ်းတဲ့နယ်မြေထဲမှာတော့ မီးလောင်ကိုက်တွေ မသွင်းစေချင်ဘူး'

'ဖာသာဘာကိုရည်ရွယ်ပြီးပြောတာလဲ'

'ဘာရယ်မဟုတ်ပါဘူး၊ အန္တရာယ်တွေကို သယ်ဆောင်လာမှာကိုပြောလိုက်တာပါ..ကဲ..ကဲ..အထဲကိုဝင်ကြ၊ အပြင်မှာအအေးကိုအေးနေပြီ'

'ဟုတ်ကဲ့..'

ဖာသာ ခေါ်ဆောင်ရာနောက်ကိုလိုက်ခဲ့ကြသည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဘေးဘက်အခန်းတစ်ခုတွင် သူတို့(၃)ယောက်ကိုနေရာ
ပေးလိုက်သည်။

'ဘာလိုအပ်သေးလဲ'

'ကျေးဇူးတင်ပါတယ် ဖာသာ'

'ဒါဆိုရင်တော့ သက်သက်သာသာအနားယူကြပါ'

'ဟုတ်ကဲ့..'

ဘုန်းတော်ကြီး သူတို့ကို နေရာချထားပေးပြီး ပြန်ထွက်
သွားသည်။

'ဆလိုင်း'

'ဘာလဲ ရသ'

'ဖာသာပြောသွားတဲ့စကားက အဓိပ္ပာယ်တစ်ခုခုရှိနေသလ
ပဲ'

'မင်းက ဘယ်လိုထင်လို့လဲ'

'အင်း..ငါ့အထင် ဘုရားကျောင်းမှာ လက်ာတို့ရ
ရောက်နေသလားလို့'

'ဟင်..ဟာ.. မင်းဘာကြောင့်ကောက်ချက်ချနိုင်ရ
လဲ ရသ..'

'ပထမဦးဆုံး ငါသတိထားမိတာက ဖာသာရဲ့မျက်လုံး





က တစ်စုံတစ်ခုကို စိုးရိမ်နေသလိုပဲ၊ ဒုတိယအချက်က ငါတို့
အခြေအနေကို အကဲခတ်ပြီးနေပုံရတယ်'

'တတိယအချက်ကရော..'

'တကယ်လို့သာ ငါတို့သာ လက်ာကိုရှာနေသူ၊ ရန်မူတဲ့
သူဖြစ်နေခဲ့ရင် သူ့စကားက မေတ္တာရပ်ခံတဲ့စကားပဲ'

'အင်း..မင်းကောက်ချက်ချတာဖြစ်နိုင်ခြေရှိတယ်'

'ကိုရသ...သူတို့ဒီမှာရှိနေရင်ရော..'

'အခြေအနေတစ်ခုပေါ်မှာ ကြည့်ပြီးတော့ လက်ခံနိုင် အောင်
ရှင်းပြရမှာပဲ'

'လက်ာနဲ့မင်းကြားက ရေစက်တစ်ခုကတော့သေချာနေ
ပြီ.. သြော်..ဒါနဲ့မင်းကိုလက်ာက မှတ်မိနိုင်ပါ့မလား'

'မမှတ်မိဖို့က များပါတယ်'

'မင်းက အတိတ်ကိုပြန်ပြီးပြောပြရင်ရော..'

'ငါဘယ်တော့မှပြန်ပြောပြမှာမဟုတ်ဘူးဆလိုင်း..'

'ဘာလို့'

'သူကိုယ်တိုင်သတိရစေချင်လို့'

'တစ်သက်လုံးသတိမရဘူးဆိုရင်ရော'

'ငါ့ရဲ့ကံပဲပေါ့ကွာ၊ ကဲ...အိပ်ကြရအောင်၊ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းမိတယ်'

'ဘာအတွက်'

'ဒီဘုရားကျောင်းမှာလက်ဘ်ရှိနေပါစေ'

သူ၏ဆုတောင်းနှင့်အတူ...



အရှေ့ဦးအလင်းတို့၏ လေတိုက်ခတ်သံတွေကြောင့် မြတင်းပေါက်ဆီသို့ ရသထွက်လာခဲ့သည်။ အပြင်တွင်လှမ်း၍ မြင်နေရသော တောင်တန်းမြင်ကွင်းတို့နှင့် ထင်းရှူးပင်၊ ယူကလစ်ပင်တို့ရဲ့ နံနက်ခင်း အလှတရားတို့သည် ရင်ကိုကြည်နူးလန်းဆန်းစေသော်လည်း သူမအတွက် သောကပူပန်စိတ်ကလေးတို့ကတော့ မီးစလေးပမာလောင်ကျွမ်းနေသည်။

'ဟင်..'

'ပူး...'

ဘုရားကျောင်းဆီသို့ တည့်တည့်မတ်မတ်မောင်းဝင်လာသော ကား(၃)စီးကို တွေ့လိုက်ရသည်။ ထိုကားများသည် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုးပြုဖို့ ရောက်လာကြသော ကားများမဟုတ်ဘူးဆိုတာကို မြင်တာနှင့်သိနိုင်သည်။

ရှေ့ဆုံးက ကားပေါ်တွင်ထိုင်ပြီးလိုက်လာသူက ဥက္ကာနှင့် သေနတ်သမားများ၊ နောက်ကား(၂)စီးတွင် သေနတ်၊ ဓား၊ လက်နက်အပြည့်အစုံနှင့် ကြေးစားတွေလိုက်ပါလာကြသည်။ ကား(၃)စီးပေါ်မှအရင်ဆုံးဆင်းလာသူ (၃)ဦးကတော့ ဥက္ကာ၊ စံတန်းနှင့်ရှမ်းကောတို့ဖြစ်ကြသည်။

'ဆလိုင်းနဲ့ ဖျံလေး'

'ဟင်..ဘာဖြစ်လို့လဲ ကိုရသ'

'ဘာဖြစ်တာလဲဆိုတာကို နောက်ထား၊ ဒီမှာလာပြီးကြည့်ကြဦး'

'ဟာ..'

'ဒီကောင်တွေ ငါတို့နောက်ကိုလိုက်လာတာလား'

'မဖြစ်နိုင်ဘူး ဆလိုင်း၊ လက်ာနောက်ကိုလိုက်ကြတာပဲဖြစ်မယ်'

'ဒါဆို..ဒီကျောင်းမှာလက်ာရှိနေတာပေါ့'

'သေချာသလောက်ပဲ'

'ဖျံလေး..'





'ဗျာ...ကိုဆလိုင်း'

'မင်းပြောတဲ့ ရှမ်းကောဆိုတာ ဟိုကောင်လား'

'ဟုတ်တယ် ကိုဆလိုင်း..ဥက္ကာဘေးမှာရပ်နေတဲ့ကောင်'

'ရသ..ငါတို့ဘာဆက်ပြီးလုပ်မလဲ'

'ခဏလေးစောင့်ကြည့်လိုက်၊ အခြေအနေကိုစောင့်ကြည့်တော့ လှုပ်ရှားမယ်'

'ဒိုင်း..ဒိုင်း...ဒိုင်း..'

ဥက္ကာဆိုတဲ့သူက သေနတ်ကို မိုးပေါ်ထောင်ဖောက်လိုက်ပြီး

'ဖာသာ..အပြင်ကိုထွက်ခဲ့နော်.. ကျုပ်တို့က ဘုရားကျောင်းထဲကိုဝင်ရင် အမြင်တွေမကောင်းဘူးဖြစ်သွားမယ်'

ဥက္ကာ၏ ခြိမ်းခြောက်ပြီးအော်ပြောလိုက်တာကြောင့် ဘုန်းကြီးအပြင်ကိုထွက်လာခဲ့သည်။

'ဘာ...ဘာကိစ္စများလဲကွယ်..'

'ကျုပ်တို့ဘာကြောင့် လာတယ်ဆိုတာကို ခင်ဗျားကြီးယ်မသိတာလား၊ မသိချင်ယောင်ဆောင်ပြီးမေးနေတာလား'

'တ..တကယ်မသိတာပါကွယ်'

'ရှမ်းကော..ပြောပြလိုက်စမ်း'

'ခင်ဗျားကြီးဘုရားကျောင်းမှာ လက်ာဆိုတဲ့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ထီးကောင်ကို ခေါ်ထားတယ် မဟုတ်လား'

'မှ…မဟုတ်ပါဘူး'

'တယ်… ခင်ဗျားကြီးတော့ သေချင်နေပြီ'

စတန်းမှ ဘုန်းတော်ကြီးကို သေနတ်ဒင်နှင့်ရိုက်ဖို့ပြင်လို

စဉ်…

'စတန်း··လက်ပါရမယ့်အချိန်မဟုတ်သေးဘူး၊ မေးစ

ရှိတာကိုမေးရဦးမယ်'

'ကဲ··အဘိုးကြီး··ကျုပ်တို့ကသိပ်ပြီးစိတ်ရှည်တတ်

လူမျိုးတွေ မဟုတ်ဘူးနော်'

'မင်းတို့ကျုပ်ကိုသတ်လိုက်·· ဘာမှထပ်ပြီးမေးမနေနဲ့တော

'တယ်··'

'စတန်း··ငါပြောနေတယ်··မင်းနောက်ကိုဆုတ်လိုက်'

'ဂျွန်··ခုကိစ္စကသိပ်ပြီးနေနေလို့မရဘူးနော်'

'စတန်း…မင်းခေါင်းကိုသုံးစမ်းပါ၊ ဟော့··အဘွားကြီး

ခေါ်ထုတ်ခဲ့စမ်း'

'ဟင်…'

မေနော်ကို လူမိုက်(၂)ယောက်ခေါ်လာကြသည်။

'ဖာသာ··'





'မေ··နော်'

'ချောက်…'

မေနော်ခေါင်းကို ဂျွန်သေနတ်နှင့်တေ့ချိန်လိုက်သည်။

'ဟိုဘုန်းကြီး…ခင်ဗျားမညာနဲ့တော့၊ ကျုပ်တို့လူမသတ်

ဘူး·· ကျုပ်တို့ပြောတဲ့ကောင်မလေး ဘယ်မှာရှိနေတယ်

တာကို ပြော··'

'ဖာသာ··မပြောနဲ့··ကျွန်မကိုသတ်ချင်သတ်ပါစေ'

'မေ··နော်··'

'အလွှမ်းခန်းတွေရပ်လိုက်တော့·· တစ်ကနေ တစ်ဆယ်

အချိန်ရမယ်၊ ကြိုက်တာကိုရွေးချယ်တော့'

'တစ်··နှစ်··သုံး··လေး··ငါး··ခြောက်··ခုနစ်··ရှစ်··

…'

'ဟော့ကောင်ဂျွန်·· ရပ်လိုက်'

'ဟင်··ဟာ··'

ဘုရားကျောင်းထဲမှထွက်လာသူက ရသ··ခပ်အေးအေးပဲ

ထွက်လာခဲ့သည်။

'မင်းတို့ခြေလှမ်းတွေက ကြေးစားမပီသဘူး'

'ဘာကွ··'



www.burmeseclassic.com

www.burmeseclassic.com



'စတန်းဆိုတဲ့မြွေခွေးကလည်းအရမ်းကိုနောက်ကျပြီး
သိရတာကို စိတ်မကောင်းစရာပဲ..'

'မင်း..မင်း..ငါတို့ကိုဒုက္ခပေးတာလွန်ပြီနော်'

'အားလုံးက တိုက်ဆိုင်သွားတဲ့သဘောပါ'

'အေး..ဒီတစ်ခါတော့ မင်းရဲ့ပဥ္စလက်တွေကိုငါတို့ကျည်
ဆံတွေက နှုတ်ဆိတ်ပြီးနေမှာမဟုတ်ဘူးနော်'

'ဟား..ဟား...ဟား..'

ရသတစ်ယောက်အားပါးတရ ရယ်မောလိုက်ပြီးမှ..

'ငါ့ကိုရအောင်ရှင်းရင် မင်းတို့ရှာနေတဲ့သူကိုတွေ့ရမယ်'

'တောက်...အားလုံးပိုင်းပြီး ပစ်စမ်းကွာ..'

'ဒိုင်း..ဒိုင်း..ဒိုင်း..'

သေနတ်သံတွေနှင့်အတူ ကျည်ဆံတွေက ထွက်သွား
မဲ့ ကျည်ဆံတွေက ရသကိုထိမှန်ခြင်းမရှိ..

'ဂွန်..ငါ့မှာ အင်းနဲ့လုပ်ထားတဲ့ဓားမြှောင်ရှိတယ်'

'သေနတ်နဲ့တောင်မသေတာ မင်းဓားမြှောင်က ဘာအသုံး
ဝင်မှာလဲ'

'ငါ့ဓား ဘယ်လောက်စွမ်းသလဲဆိုတာ မင်းကိုလက်တွေ့
ပြမယ်၊ စောင့်ကြည့်နေ..ကဲ..ရှောင်ပေတော့ဟေ့..'





စတန်း ဓားမြှောင်ကိုဆုပ်ကိုင်ပြီး ရသဆီသို့ပြေးဝင်တိုက်
ခိုက်တော့သည်။

'ဖြောင်း..အီး..'

စတန်း၏ဓားချက်က တစ်ချက်အငေ့မှာပင် ရသ၏တိုက်
ခိုက်ခြင်းကိုခံလိုက်ရသည်။

'အား..ကျိုးပါပြီ..'

စတန်းလက်ကို နောက်သို့လိမ်ချိုးထားပြီး စတန်း ခါး
ကြားမှ သေနတ်ကိုထုတ်ယူပြီး ဂျွန်ကို ချိန်ထားလိုက်သည်။

'မင်းလူကို ငါမသတ်ချင်ဘူး၊ အေးအေးဆေးဆေးပြန်
သွားဖို့ပဲ လိုအပ်တယ်'

'သူတို့ပြန်ပေမဲ့ ကျုပ်ကမပြန်ဘူး၊ ဒီမှာတွေ့လား..'

'ရှမ်းကော..'

မနော် လည်ပင်းကို ဓားမြှောင်နှင့်တေ့ပြီး ရှမ်းကော
မိုက်မိုက်ကန်းကန်းလုပ်ဆောင်နေသည်။

'မင်းက မနော်ကို သတ်မလို့ပေါ့'

'ဟိုမိန်းကလေးကို ထုတ်မပေးရင်သေချာပေါက်သတ်မယ်'

'ခွေးကောင်...အမျိုးယုတ်'

'တယ်..အတွားကြီး ပါးစပ်ပိတ်ထားစမ်း၊ ကြားလား



www.burmeseclassic.com

www.burmeseclassic.com



ခုထုတ်ပေး…’

‘ထုတ်ပေးမှာပေါ့ကွာ…’

‘ဒိုင်း…အ…’

ဆလိုင်း၏သေနတ်ပစ်ချက်က ရှမ်းကောလက်ဆီကို တည့်တည့်မတ်မတ် ရောက်သွားသည်။

‘ကဲ…ဘယ်လိုသဘောရလဲ…မင်းတို့ခေါင်းတွေကို ချိန်ထားတဲ့ သေနတ်တွေရှိနေတာကို သဘောပေါက်ပြီထင်တယ်’

ဂျွန်ရော…စတန်းပါ၊ သွေးပျက်သလိုဖြစ်သွားသည်။

‘ဟေ့ကောင်တွေ…သွားကြမယ်…’

ဒုတိယအကြိမ် ကျဆုံးခြင်းနှင့်အတူ ဂျွန်တို့နောက်ပြန်ဆုတ်သွားကြသည်။ ရှမ်းကောက ဂျွန်တို့နှင့်ပြန်လိုက်သွားဖို့ပြင်တော့

‘ရှမ်းကော…’

‘ဗျာ…’

‘မင်းနေခဲ့’

‘ခင်ဗျာ…ကျွန်…ကျွန်တော်…တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ…’

‘ခွင့်လွှတ်ပေးရမှာပေါ့ကွာ… အေးအေးဆေးဆေး နေပါဦး… စကားလေးဘာလေးပြောကြတာပေါ့’





ဖျိုလေးနှင့်ဆလိုင်းတို့က ရှမ်းကောကိုဆွဲခေါ်လာပြီး ဒူးထောက်ခိုင်းလိုက်သည်။

‘မင်းအပြစ်က သိပ်ကိုကြီးလွန်းတယ်၊ ဖာသာနဲ့မေနော်က ခွင့်လွှတ်ရင်တောင် ငါတို့က ခွင့်မလွှတ်နိုင်ဘူး’

‘ဗျာ…’

‘မင်းလိုကောင်မျိုးတွေ လူ့လောကကြီးထဲမှာဆက်ပြီး အသက်ရှင်ခွင့်ပေးရင် ကျန်တဲ့လူတွေအတွက်အန္တရာယ်ကြီးတယ်’

‘နောက်…နောက်…ဒါမျိုးတွေ…မ…မလုပ်တော့ပါဘူး’

‘လူလေးရယ်…အမိုးကြားက တောင်းပန်ပါတယ်…လွှတ်ပေးလိုက်ပါကွယ်’

‘ဟုတ်ပါတယ်…ဖာသာလည်း မေတ္တာရပ်ခံပါတယ်’

မေနော်ရော…ဖာသာပါတောင်းပန်နေတာကြောင့် ရှမ်းကောချက်နှာကိုစေ့စေ့ကြည့်ပြီ…

‘မင်းတော်တော်ကို ကံကောင်းသွားတယ်၊ နောက်တစ်ကြိမ်မင်းဆက်ပြီး ယုတ်မာမယ်ဆိုရင် ခွင့်လွှတ်ခြင်းဆိုတာမရှိတော့ဘူးလို့ မှတ်ထားလိုက်’

‘ဟုတ်…ဟုတ်ကဲ့’

‘သွားတော့…’



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကော နောက်ပင်လှည့်မကြည့်တော့ဘဲ သုတ်ခြေတင်ပြီးထွက်သွားလေသည်။

'ဘုရားသခင် စောင့်ရှောက်သလိုပါပဲကွယ်၊ အရမ်းကိုကျေးဇူးတင်ပါတယ်၊ ဒါနဲ့လူလေးတို့ကလက်ာနဲ့ပတ်သက်နေလား'

'ဟုတ်ကဲ့ ပတ်သက်နေပါတယ်'

'ဖာင်..ဟာ.. ဘယ်လိုပတ်သက်တာလဲ၊ သူတို့လိုမ်သမီးလေးကို လိုက်ပြီးဖမ်းနေကြတာလား'

'ကျွန်တော်တို့က သူတို့နဲ့ဆန့်ကျင်ဘက်၊ လက်ာကို ကာကွယ်ပေးမယ့်သူတွေပါ'

'ဟာင်..'

ရှသစကားကြောင့် အံ့အားသင့်သလို အချိုသတ်ပြီး ဖမ်းဆီးဖို့ကြံစည်နေသလားဆိုပြီး သံသယဖြစ်နေတဲ့အကြည့်တွေကိုပါတွေ့လိုက်ရသည်။

'ကျွန်တော့်စကားကို ယုံကြည်မှုလက်ခံပါ၊ စိတ်ထဲမှာသံသယရှိနေမယ်ဆိုရင်တော့ ထားလိုက်ပါ၊ ကျွန်တော်တို့ သွားမယ်'

'နေ..နေပါဦး..သမီးလေးနဲ့ပတ်သက်ပြီး စိုးရိမ်စရာတွေ





ာ အရမ်းကိုများနေတော့ ချက်ချင်းအဖြေမပေးနိုင်တာပါ'

'အမိုးပြောတာကို ကျွန်တော်နားလည်ပါတယ်၊ ခုချိန်မှာ
ဆက်အတွက် စိတ်ချရတဲ့လူဆိုတာ မရှိဘူးလေ၊ ကျွန်တော့်
ဘက်က ပြောနိုင်တာကလည်း ယုံပေးပါဆိုတဲ့ စကားကလွဲပြီး
ဘာမှမရှိပါဘူး'

'မေနော်..'

'ရှင်..ဖာသာ..'

'သူတို့ကို ယုံပေးလိုက်ပါ'

'ဟုတ်ကဲ့..'

'ကဲ..အားလုံး ဘုရားကျောင်းထဲမှာ စကားပြောကြတာ
ပေါ့.. ကလေးမလေးကို ဖာသာသွားပြီးခေါ်လိုက်ပါ့မယ်'

ရှသတို့ကို အဝေးကနေ မှန်ဘီလူးဖြင့်ပွန်တို့အုပ်စု ကြည့်နေသည်ကို ရှသတို့မသိလိုက်ချေ။

'ဆရာပွန်..ဘယ်လိုဆက်ပြီးလုပ်မလဲ'

'ဟိုခွေးကောင်ကို ဘယ်လိုရှင်းရမလဲဆိုတာက ပိုပြီးအရေးကြီးတယ်'

'ဟုတ်တယ်.. သေနတ်နဲ့ပစ်လည်းမရ၊ ဓားနဲ့ခုတ်လည်းမရ၊ ဘာအဆောင်တွေကောင်းနေလဲမသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'စတန်း‥'

'ဘာလဲဗျွန်‥'

'ခွန်ထူးနောင်ကို ဆက်သွယ်ပြီး နောက်ထပ်တစ်ခုခု
ကြံရတော့မယ်၊ ဟိုကောင်မ ဒီဘုရားကျောင်းထဲမှာပဲရှိနေ
သေချာတယ်'

'သခင်မကြီးက ကျုပ်တို့ကို သိပ်ပြီးအမြင်ကြည်လင်
မဟုတ်ဘူးနော်'

'မကြည်လင်လည်းမတတ်နိုင်ဘူးဟေ့၊ သူတကယ်လို
ရင် ဒီထက်မကတော့ ထပ်ပြီးလုပ်ရမှာပဲ'

'ဒီထက်ထပ်ပြီးလုပ်ရမယ်ဆိုတာ ဘာကိုပြောတာ
စတန်း'

'ငါတို့ အခုအခြေအနေနဲ့ ဒီကောင့်ကိုရင်ဆိုင်ဖို့ဆိုတာ သ
ကိုမလွယ်ဘူး၊ ဒီကောင်က ဘာအဆောင်တွေနဲ့စွမ်းနေလည်း
မသိဘူး'

'ဟုတ်တော့ ဟုတ်တယ်ကွ၊ ဒီကောင့်အစွမ်းအစတွေ
ငါတို့ယှဉ်ဖို့ ခက်နေတယ်၊ ဒါနဲ့ မင်းမှာ ဘာအကြံအစည်တွေ
နေလို့လဲ'

'ထိုင်းနယ်စပ်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ခုံ





တ အင်းပြီးတုတ်ပြီး ဆေးတွေလုပ်နေတဲ့ ဆရာတစ်ယောက်နေတယ်'

'စတန်း‥ဓားပြီး တုတ်ပြီးလို့မရဘူး'

'ဘာလို့လဲ'

'ဒီကောင်က သေနတ်ပါပြီးနေတယ်ကွာ'

'အင်း‥ နောက်တစ်ခုရှိသေးတယ်'

'ဘာလဲ'

'ကောက်ချိုင်းဝှပ်ဆိုတဲ့ ကြေးစားလူသတ်သမား၊ ဒီကောင်
ဟာ အင်းဆေးတွေနဲ့ကြေးစားလောကမှာ နာမည်ကြီးနေတာ'

'မင်းဆိုလိုတာ ဒီကောင်ကို ငှားမယ်ပေါ့'

'ဒီအဆင့်ပဲ စဉ်းစားစရာရှိတော့တယ်၊ သခင်မကြီးလက်ခံ
မြို့ပဲ အရေးကြီးတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ရှင်နဲ့ကျွန်မ ဆုံဘူးသလိုပဲနော်'

လက်ာ သူ့မျက်နှာကိုသေချာစွာစိုက်ကြည့်ပြီး ပြောလိုက်တဲ့စကားကို ရသပြုံးလိုက်မိသည်။

'ရှင်ဘာလို့ပြုံးတာလဲ'

'ဘာရယ်မဟုတ်ပါဘူး၊ စိတ်ထဲမှာပြုံးချင်တဲ့စိတ်ပေါ်လာလို့ပါ'

'ရှင်နဲ့ဆုံဘူးလား'

သူမ မေ့နေသောအတိတ်ဆုံရက်ကလေးကို သူ့နှုတ်ဖျားမှ ထုတ်ဖော်မပြောချင်တော့ပေ..ဒါကြောင့်...

'ငါကတော့ မင်းကို ငါပထမဦးဆုံးတွေ့ဘူးတာပါ'





'ဟင်...'

ရသစကားကြောင့် သူမနှုတ်ခမ်းပါးလေး ဝိုင်းစက်သွားသည်။

'ကျွန်မကို ဘာကြောင့်ကူညီချင်ရတာလဲ'

'ငါတို့ကကြေးစားတွေ'

'ရှင်...'

'ဒါဆို မင်းသဘောပေါက်မှာပေါ့'

'ရှင့်စကားအရဆိုရင် ကျွန်မကိုကာကွယ်ပေးဖို့တစ်ယောက်ယောက်က ငွေကြေးနဲ့စေခိုင်းခဲ့တာပေါ့'

'အင်း..'

ရသခေါင်းလေးပဲ ညိတ်ပြလိုက်သည်။

'ဘယ်သူလဲ'

'စိတ်မကောင်းပါဘူးလက်ာ.. ငါတို့မှာပြောပြပိုင်ခွင့်မရှိဘူး၊ ဒါဟာ ငါတို့ကြေးစားလောကရဲ့ စည်းကလေးတစ်ခုပဲ'

'ရှင်တို့မသိစေချင်တဲ့ကိစ္စကို မမေးတော့ပါဘူး၊ ဘာကြောင့်ဖြစ်ဖြစ် ရှင်တို့ကိုကျေးဇူးတင်ပါတယ်'

'ကြေးစားတွေအတွက် ကျေးဇူးမလိုအပ်ပါဘူး'

'ကျွန်မဘက်ကတော့ ပေးစရာငွေကြေးကတော့မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းဆီက ငါတို့ကလည်း မတောင်းပါဘူး၊ တစ်ခုတော့ မင်းကိုပြောထားမယ်၊ မင်းလုံခြုံရေးအတွက် ငါ့စကားကိုတော့ နားထောင်ရလိမ့်မယ်'

သူမထံမှ စကားသံလေးထွက်မလာပေမဲ့ မျက်လုံးဝိုင်း ဝိုင်းလေးနှင့်နှာခံမှုလေးကို ပြသနေသည်။

'ကဲ…စကားဝိုင်းလေးကိုခဏဖြတ်ပြီးထမင်းစားကြ အောင်'

ဖာသာက ပြောလိုက်သဖြင့် ဘုရားကျောင်းနောက်ဘက် ဆီသို့ အားလုံးထွက်လာခဲ့ကြသည်။

'ရှသ..'

'ဘာလဲ ဆလိုင်း'

'ငါတို့ခရီးစဉ်ကိုဘယ်လိုဆက်မလဲ၊ဒီမှာဆက်ပြီးနေ တော့မကောင်းဘူး'

'ဒါက လက်ာ့ပေါ်မှာ မူတည်တယ်'

'ရှင်…ကျွန်မပေါ်မှာ မူတည်တယ်ဟုတ်လား'

'ဟုတ်တယ်..မင်းဘယ်ထိအောင် သွားမလဲဆိုတာ အရေးကြီးတယ်၊ ငါတို့ဘက်က မင်းသွားချင်တဲ့ခရီးဆုံး အန္တရာယ်အကင်းဆုံးနဲ့ပို့ပေးနိုင်တဲ့အဆင့်ပဲရှိတာ..'





'ကျွန်မ..ကျွန်မ…'

မဟာသီရိစံအိမ်တော်ကြီးကနေ လွတ်မြောက်ဖို့တစ်ခု ည်းနဲ့ထွက်လာခဲ့တဲ့လက်ာ်အတွက် ဘယ်ကိုသွားရမယ်ဆိုတာ ိုသေး…

'မင်းဘာကိုစဉ်းစားနေတာလဲ'

'ကျွန်မ…အမှန်အတိုင်းပြောရရင် သူတို့လက်ကနေ လွတ် ောင်ပြေးခဲ့တာကလွဲပြီး ဘယ်ခရီးကိုသွားရမယ်ဆိုတာကို မသိ ေသး..'

'ဟော…ဟာ…ဟင်…'

လက်ာ်စကားကြောင့် ဘာပြောရမှန်းမသိဖြစ်သွားကြသည်။

'အင်း…ဒီလိုလုပ်ပါလား သမီး'

'ဘာကိုလဲ မေနော်..'

'မြောက်ပိုင်းဒေသမြို့တစ်မြို့မှာ ညီမတစ်ယောက်ရှိတယ်၊ ဆီမှာ သမီးဘဝကိုဆက်ပြီးရပ်တည်လို့ရမယ်၊ သွားရမယ့် ကတော့ဝေးတယ်'

'သူတို့နဲ့ဝေးတဲ့နေရာမှာပဲနေချင်တယ်'

'လူလေးတို့ဘက်က ပို့ပေးနိုင်မလား'

'ပို့ပေးရမှာပေါ့မေနော်၊ ဒါပေမဲ့ဒီနေရာကနေ မြောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသွားရမယ့်ခရီးကြားမှာတော့အခက်အခဲနဲ့အန္တရာယ်တွေက များမယ်'

'ရသပြောတာအမှန်ပဲ၊ အပြင်လမ်းကနေသွားမယ်ဆိုရင် သခင်မကြီးလက်ကနေလွတ်ဖို့မလွယ်ဘူး'

'ဒါဆို‥'

'တောင်ကြားလမ်းတွေကနေ သွားမှဖြစ်မယ်'

'ဆလိုင်း‥‥မင်းပြောတဲ့တောင်ကြားလမ်းက လက်ာ အတွက် ခရီးကြမ်းကြီးကွ၊ သဘာဝအန္တရာယ်တွေကြီးတယ် ပြီးတော့လမ်းပြလိုမယ်'

'လမ်းပြအတွက်တော့မပူနဲ့၊ ငါ့ဆီမှာရှိတယ်'

'ချက်ချင်းကြီးသွားလို့မရဘူး၊ လိုအပ်တာတွေကို စုဆောင်း ပြီးမှသွားလို့ရမယ့်ခရီး‥အမိကကတော့ဆေးဝါးပဲ၊ ရိက္ခာတွေ ကတောထဲမှာ ရှာကြံစားသောက်လို့ရတယ်‥ဖျံလေး‥'

'ဗျာ‥ကိုရသ'

'မင်းပြန်မယ်ဆို ပြန်လို့ရတယ်'

'ကျွန်တော်ဟာ အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ဒီခရီး ကိုဆက်ပြီးလိုက်ချင်ပါတယ်'

'ကြိုဆိုရမှာပေါ့ကွာ၊ ကဲ‥‥ဒါဆိုရင် ဆလိုင်းရေ ငါ





ခရီးထွက်ဖို့အတွက် ပြင်ဆင်တော့ကွာ၊ ဖာသာအနေနဲ့ လက်ာ တိုကာကွယ်ပေးခဲ့တဲ့ မေမှော်နဲ့ထီးကောင်ကိုဆက်ပြီး ကာကွယ် ပေးမှဖြစ်တော့မယ်၊ ဒီကောင်တွေသေချာပေါက်ဒုက္ခပေးကြတော့ မှာ'

'အင်း‥‥ဖာသာလည်းဒါကိုစဉ်းစားပြီးပါပြီ၊ ဒီကောင်တွေ ရဲ့ရန်ကနေလွတ်ကင်းတဲ့နေရာတစ်ခုကိုရွေးထားပါတယ်'

'လူလေး‥အမိုးတို့အတွက်နောက်ဆံမတင်းနဲ့၊ သမီးလေး ကိုသာ လွတ်အောင်ကူညီပေးကြပါ'

'ဟုတ်ပါတယ် အစ်ကို၊ မမကို ဒီလူတွေလက်ထဲ မရောက် အောင်စောင့်ရှောက်ပေးကြပါ'

'စိတ်ချ ထီးကောင်‥‥မင်းမမကို ငါတို့အသက်တွေနဲ့ ထပ် တူကာကွယ်သွားကြမှာပါ'

'အရမ်းကိုကျေးဇူးတင်ပါတယ် လူလေးတို့ရယ်'

လက်ာအတွက် ကြေးစားသက်သက်ကာကွယ်ပေးတဲ့ ဓန်ရသ စကားကြောင့် မှင်သက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟိုမှာတွေ့နေရတဲ့သူပဲ ခွန်ထူးနောင်'

'အဲ…'

မီးလျှံတွေဘေးမှာ ဝိုင်းရံပြီးအလယ်တွင် အပေါ်အင်္ကျီ မပါဘဲထိုင်နေတဲ့သူကိုတွေ့လိုက်ရသည်။

'သူ့နာမည်က ဂျင်ဒူးရျောင်…'

'ထိုင်းလူမျိုးပဲလား ဥျန်…'

'ထိုင်းစစ်စစ်တော့မဟုတ်ဘူး၊ တရုပ်စပ်တယ်၊ ရက်စက်တဲ့နေရာမှာတော့ တကယ့်ကိုကြောက်စရာကောင်းတယ်'

'ဟ…ဘာတွေသောက်နေတာလဲ'

'သွေး…'





'ဟော…သူ…သူက သွေးစုပ်ဖုတ်ကောင်ကြီးလား… လူစစ်စစ်တော့ ဟုတ်ပါတယ်နော်…'

'လူမှလူစစ်စစ်ပါဗျာ၊ တစ်ခုတော့ရှိတယ်၊ သာမန်လူတွေနဲ့တော့မတူဘူး၊ သွေးဝိညာဉ်တွေကို ပိုင်ဆိုင်ထားတဲ့လူတစ်ယောက်ပဲ'

'သူ့အတွက် သွေးတွေကိုပါရှာပေးနေရဦးမှာပေါ့'

'သူက နေ့တိုင်းမသောက်ပါဘူး၊ တစ်လတစ်ခါတော့ သောက်တယ်၊ သွေးသေမသောက်ဘူး၊ သွေးရှင်ပဲသောက်တယ်'

'ဘာ…သွေးရှင်၊ သွေးသေဟုတ်လား၊ ငါသိပ်နားမရှင်းဘူး ဥျန်…'

'သွေးသေဆိုတာ သေတဲ့လူတွေရဲ့သွေးကိုပြောတာ၊ သွေးရှင်ဆိုတာ အရှင်လတ်လတ်လူရဲ့သွေး'

'ဟင်…ဒါဆို သူသွေးသောက်ဖို့လူတစ်ယောက် သေပေးဦးမှာပေါ့'

'ဟုတ်တယ်…'

'ဥျန်…သိပ်တော့မလွယ်ဘူးနော်၊ လက်ာကိုလိုက်ပြီးရှင်းသာယက်ခုကိစ္စက ပိုပြီးပြဿနာရှိတယ်'

'ရှသဆိုတဲ့ကောင်ကို ရင်ဆိုင်ဖို့က ဒီလူပဲရှိတယ်၊ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးကိုပြောခဲ့သလိုပဲ၊ ကျုပ်တို့အစွမ်းအစနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

'ဟူး…'

ခွန်ထူးနောင် သက်ပြင်းချပြီး ဂျွန်နောက်ကိုလိုက်ခဲ့သည်။ သူတို့ရောက်နေတဲ့နေရာကတော့ ရှေးဟောင်းသချိုင်းကြီးတစ်ခု ပင်ဖြစ်သည်။

'ရှမ်…ဆက်ပြီးတော့ခြေလှမ်းတွေကို မတိုးလာနဲ့၊ မင်းတို့ အတွက်ကံကောင်းဖို့ဆိုတာမရှိဘူးနော်'

'ဆ…ဆရာဂျင်ဒူးကျောင်းအတွက် အလုပ်ပါလာလို့ပါ'

'လူသတ်ပေးရမှာလား'

'ဟုတ်ပါတယ်…'

'မင်းတို့မသတ်နိုင်တဲ့ကောင်ဆိုတော့ မင်းတို့ထက်သာနေ လို့နေမှာပေါ့'

'သေချာတာပေါ့ ဆရာဂျင်ရယ်၊ ဒီကောင့်ဆီမှာ ဆေးစွမ်း ကောင်းတွေရှိနေတယ်၊ သေနတ်ပြီး ဓားပြီးပဲဆရာ'

'ဟား…ဟား…ဟား…

ဂျင်ဒူးကျောင်း၏ရယ်မောသံမှာ ကြောက်မက်ဖွယ်ကောင်း လှသောအသွင်ကိုဆောင်နေသည်။





'ငါဆိုတဲ့ကောင့်က အစွမ်းအစရှိတဲ့ကောင်တွေနဲ့ပဲ တွေ့ချင် …၊ ငါတွေ့ခဲ့ရတဲ့ကောင်တွေက ငှက်တွေ၊ ကြက်တွေကို သတ် …ရသလိုပဲ၊ ဖျင်းဖို့ကောင်းတယ်'

'ခုကောင်ကတော့ ဆရာဂျင်ဒူးကျောင်းအတွက် ဖြိုင်ဘက် …ာင်းပါ၊ တကယ်ကိုစွမ်းတယ်ဗျာ'

'ကောင်းပြီ…မင်းတို့အလုပ်ကို ငါလက်ခံလိုက်ပြီ'

'ကျေးဇူးတင်ပါတယ်၊ ဒါနဲ့လုပ်အားခကြေးကဘယ် …ာက်ပေးရမှာလဲ'

'ဘတ်ငွေ…တစ်သန်း'

'ဗျာ…ဟင်…'

ဂျင်ဒူးကျောင်း တောင်းကြေးမှာအရမ်းကိုကြီးမားနေသည်။

'ဘယ်လိုလဲ၊ ငါတောင်းတဲ့ဈေးကိုပေးနိုင်မှာလား'

'ခဏလေးနော်…ဖုန်းဆက်ပြီး မေးပါရစေ'

ခွန်ထူးနောင်…သခင်မကြီးဆီသို့ဖုန်းလှမ်းဆက်ပြီး မေး …က်သည်။ သိပ်မကြာလိုက်ဘဲ ခွန်ထူးနောင်ပြန်ရောက်လာ …

'တောင်းတဲ့ဈေးကို မစစ်ပါဘူး၊ ဒါပေမဲ့ လိုချင်တဲ့ (၂) …တ်လုံးကို အမြန်ဆုံးလိုချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အရှင်လား..အသေလား..'

'အရှင်ရမယ်ဆိုရင်အရမ်းကိုကောင်းပါတယ်၊ လုပ်ငန်းက
ဘယ်နေ့စပြီးဝင်မှာလဲ'

'မနက်ဖြန်..'



တောင်ကြားလမ်းပေါ်တွင် ဂျစ်ကားတစ်စီးမောင်းနှင့်သွားနေသည်ကိုမြင်တွေ့နေရသည်။ ထိုကားပေါ်တွင် ပန်းရှသ၊ သင်္ကာ၊ ဆလိုင်း၊ ဖျံလေးနှင့်လမ်းပြမှုဆိုး ထောလန်းတို့ပင်ဖြစ်သည်။ ကားကိုမောင်းလာသူက ထောလန်းပင်ဖြစ်သည်။

'ကားကို ဘယ်အထိမောင်းသွားမှာလဲထောလန်း...'

'မြစ်ဆိုင်အထိမောင်းရမှာ'

'ဟင်...'

မြစ်ဆိုင်ဆိုသောစကားကို ကြားသည်နှင့် ရှသတို့အားလုံး ဆုံလှုပ်သွားကြသည်။ ထိုမြစ်ရေသည် ကြောက်မက်ဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လှသော ရေစီးကြောင့် ဖြတ်သန်းသွားလာသူတို့ ရှောင်ရှား

သည်။ မလွဲသာမရှောင်သာသွားကြရလျှင်လည်း အသ

အန္တရာယ်နှင့်ရင်း၍သွားလာကြရသောမြစ်ပင်ဖြစ်သည်။

'ထောလန်း··ဒီမြစ်အတိုင်းသွားကြမှာလား'

'အင်း··ဟုတ်တယ်၊ ဒီလမ်းကြောင်းကလွဲပြီး တခြာ

လမ်းကိုရွေးလို့မရဘူး··· ဒီလမ်းကြောမှာက သေနတ်ကိုင်

တွေ အရမ်းများပြီးလက်ာအတွက် လုံခြုံမှုမရှိဘူး··'

'ရင်ဆိုင်မယ်ဆိုရင်ရော··'

'မလွယ်လှဘူး၊ အင်အားတွေက အရမ်းကောင်းပြီး လ

နက်စုံတယ်၊ ရသအတွက်တော့ အဆင်ပြေပေမဲ့ ကျန်တဲ့သူ

အတွက် သေမင်းလမ်းကြောင်းပဲ'

ထောလန်းပြောလိုက်သော စကားမှာငြင်းစရာမရှိ

ကြောင့် တခြားလမ်းရွေးချယ်မှုကို လက်လျှော့လိုက်သည်။

'မြစ်ရေစီးကြောင်းအတိုင်း သွားတာတော့ ဟုတ်ပါ

ဘာနဲ့သွားကြမှာပဲ'

'ဖောင်ဖွဲ့ပြီးသွားကြမယ်'

'ထောလန်း···စက်လှေတွေ၊ မော်တော်တွေတော

ဒီမြစ်ရေထဲမှာ ခရီးသွားရတာအရမ်းကိုအန္တရာယ်ဖြစ်နေတာ





'ဒါက အထူးလျှို့ဝှက်ချက်တစ်ခုပဲ ရသ··'

'လျှို့ဝှက်ချက်ဟုတ်လား'

'ဟုတ်တယ်·· ဒီမြစ်ရဲ့ရေကြောက ဦးချွန်တိုက်ပြီးရေ

ကိုခွဲသွားလေ ရေစီးကြောင်းက ထိုးနှက်မှုကြီးလေပဲ'

'ဖောင်နဲ့ကတော့ရော··'

'အရမ်းကို အဆင်ပြေတယ်၊ ငါကိုယ်တိုင်စမ်းသပ်ပြီး

သွားလာထားတာ၊ ဘယ်သူမှ သတိမထားမိကြဘူး'

'ထောလန်း··ခင်ဗျားကို ဒီလမ်းကြောင်းနဲ့ပတ်သက်ပြီး

သုံးသုံးကြည့်ကြည့်နဲ့အပ်လိုက်ပြီဗျာ··'

'ဝူး···ကျွီ···'

'ဟင်···ထောလန်း···ကားကိုဘာလို့ရပ်လိုက်တာလဲ'

'ရှေ့တောင်ကြောကွေ့မှာ အန္တရာယ်အနံ့အသက်ရတယ်'

'ဘာ···'

'ဟိုမှာမြင်နေတဲ့သစ်ပင်ကိုကြည့်လိုက်၊ အလင်းပြန်နေ

တယ်'

ထောလန်းပြလိုက်သော သစ်ပင်ကိုကြည့်လိုက်တော့ မှန်

ဘီ အလင်းတန်းတစ်ခုကိုတွေ့လိုက်ရသည်။

'စနိုက်ပါသေနတ်သမားဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'သေချာတာပေါ့'

'ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ'

'ဒီအတိုင်းဖြတ်ကျော်ဖို့ကတော့ မလွယ်ဘူး၊ ဒီကောင်တွေ အနည်းဆုံး လူ (၁၀)ယောက်ထက်မနည်းသုံးမှာ'

'လက်နောက်ကိုလိုက်ကြတဲ့သူတွေလား'

'ဒါတော့ သေသေချာချာမပြောတတ်ဘူး၊ ဒီနယ်မှာ သူပုန်အဖွဲ့တွေရှိနေကြတာလေ'

'ထောလန်း..ကားကိုဆက်ပြီးမောင်းသွား.. ကျုပ်က တောင်ကြောအောက်ကနေ ဒီကောင်တွေဆီကို ရောက်အောင်သွားမယ်..'

'အင်း..မင်းအစီအစဉ်မဆိုးဘူး၊ ရှင်းစရာရှိတာကို ရှင်းပစ်လိုက်ကွာ'

'စိတ်ချ..'

ရသတို့ကားကလေး ဟန်မပျက်ဆက်ပြီးမောင်းထွက်လာသည်။ ရသတစ်ယောက်ကတော့ တောင်ခြေဆီသို့ အပြေးကလေး သွားပြီး သူပုန်တွေစောင့်စားနေသော နေရာသို့အမြန်ဆုံးရောက် အောင်သွားခဲ့သည်။ ကားမှာ တောင်ကြောကိုကွေ့ပတ်ပြီးမောင်း နေတာကြောင့် ရသထက် နောက်ကျနေသည်။





'သစ်ပင်ပေါ်ကကောင်ကို အရင်ရှင်းရမယ်'

သစ်ပင်ပေါ်မှ သေနတ်သမားကတော့ သူ့အန္တရာယ်ကို သူ ဂရုမပြုမိ။ ရှေ့ကိုသာမဲနေသည်။ ရသ သစ်ပင်၏အခြေအနေကို လေ့လာပြီး သစ်ပင်ပေါ်သို့တက်သွားခဲ့သည်။

'ချွတ်..'

'ဟင်..'

သစ်ကိုင်းခြောက်လေးကျိုးသံကြောင့် သေနတ်သမား ရသကိုမြင်သွားသည်။ ဒါပေမယ့် မြင်တဲ့အချိန်က အရမ်းကို နောက်ကျနေပြီဖြစ်၏။

'ဒုတ်...အီး..'

ရသ..သူပုန်ကို ခပ်ဆတ်ဆတ်လေးရိုက်ချလိုက်ရာ သစ်ပင်ပေါ်မှ မကျအောင်ဆွဲထားလိုက်ရသည်။ သူပုန်လက်ထဲမှ စနိုက်ပါသေနတ်ကိုယူပြီး ကားလမ်းဘက်ဆီသို့ ချိန်ရွယ်လိုက်သည်။ သူပုန်အဖွဲ့တွေက စုစုပေါင်း(၁၀)ယောက်တိတိ၊ ကားလမ်းတစ်ဖက်ဆီမှနေပြီး ကားကိုတားနေသည်။

'ကားပေါ်ကနေ ဆင်းကြစမ်း'

'ဟုတ်..ဟုတ်ကဲ့.. ကျွန်တော်တို့ကိုမသတ်ပါနဲ့ဗျာ'

'သတ်ချင်အောင်မလုပ်ရင်မသတ်ဘူး၊ မင်းတို့ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားမှာလဲ၊ ပြောစမ်း'

'မြောက်ပိုင်းဘက်ပါ'

'ဘာသွားလုပ်မှာလဲ'

'မှုကြီး မင်းမလိုအပ်တာတွေကို မမေးနဲ့ကွာ၊ ဒါကုမ္ပဏီ အင်တာဗျူးနေတာမဟုတ်ဘူး၊ ဆက်ကြေးတောင်းနေတာ၊ ကြာ တယ်ကွ၊ မင်းတို့ပါတာတွေ အကုန်လာပြီးပေးစမ်း'

'ဆရာတို့ရယ်·· ခရီးစရိတ်လေးတော့ ချန်ထားပေးပါ'

ဆလိုင်း ချေးဆစ်လိုက်သည်။

'အရေးထဲလာပြီးဈေးဆစ်နေသေးတယ်၊ တစ်ပြားမှ ချန် မထားဘူးကွာ··'

'မှုကြီး··နေဦး'

'ဘာလဲ'

'ဟိုမိန်းကလေးက ငါတို့ဆီကိုဓာတ်ပုံပို့ပြီး ရှာခိုင်းထား တဲ့ ကောင်မမဟုတ်လား'

'အဲ··နေဦး··ဓာတ်ပုံနဲ့တိုက်ကြည့်လိုက်ဦးမယ်'

ခေါင်းဆောင်လုပ်တဲ့သူက သူ့အိတ်ကပ်ထဲမှ ဓာတ်ပုံကို ထုတ်ယူပြီး လက်ာမျက်နှာနှင့်တိုက်ကြည့်လိုက်သည်။

'ဟေး··ပွပေါက်တိုးတာပဲကွာ'





'ဆရာ··လုံးဝသေချာလား'

'သေချာတာမှ လွဲကိုမလွဲဘူး၊ မင်း··လက်ာမဟုတ်လား'

'ရှင်··ဟို··ဟို··မဟုတ်ပါဘူး'

'မင်းညာဖို့ မစဉ်းစားနဲ့၊ ငါ့ကောင်တွေ ခေါ်ခဲ့တော့'

'ဆရာ··ဒီကောင်တွေရော ခေါ်မှာလား'

'ဘာလို့ခေါ်ရမှာလဲ၊ ပြန်ခိုင်းလိုက်'

'ခင်ဗျားတို့ ငွေကိုပဲယူပါဗျာ၊ လူကိုတော့ ဒုက္ခမပေးကြ ပါနဲ့'

'ပါးစပ်ပိတ်ပြီး နေလိုက်နော်၊ လူမသတ်ချင်ဘူး၊ ဆွဲခေါ် ခဲ့ကြ··'

'ဒုတ်··အီး··· ဒုတ်···အား'

လက်ာကို ဆွဲခေါ်ဖို့ပြင်တဲ့နှစ်ယောက်မြေပြင်တွင်မှောက် သွားသည်။

'ဟင်··'

သူပုန်ခေါင်းဆောင်အံ့အားသင့်သွားသည်။

'ဟားဟားဟား···ကဲ···သဘောပေါက်တယ်နော်'

ဆလိုင်း အားရပါးရရယ်မောလိုက်ပြီး သူပုန်ခေါင်းဆောင် အားကို ကပ်ပြီးပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့လူတွေက မင်းတို့နောက်မှာ အသင့်ရှိနေတာ မယုံဘူးဆို ထပ်ပြီးခေါ်ကြည့်လိုက်လေ'

'ငါကိုယ်တိုင်ခေါ်မယ်ကွာ..'

'ရှင်...လွှတ်..လွှတ်...နော်'

'ဒုတ်...အား..'

သူပုန်ခေါင်းဆောင် ပခုံးကို သေနတ်ထိမှန်ပြီး ခြေလှမ်း တန့်သွားပြီး လက်ာကို သေနတ်နှင့်ကပ်ပြီးချိန်ထားလိုက်သည်။

'ပစ်ရဲရင် မစ်လေကွာ..ဟားဟားဟား...'

ရသအတွက် ပစ်မှတ်ရွေးချယ်မှုဟာ စိတ်လှုပ်ရှားစရာ ဖြစ်သွားသည်။ သူ၏ ပစ်ချက်တစ်ခုခု တိမ်းစောင်းသွားပါက လက်ာ အသက်အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်။

'ဟူး...'

ရသ သက်ပြင်းရှည်တစ်ခုကိုချလိုက်ပြီး လက်ာနှင့်သူပုန် ခေါင်းဆောင်ကို ချိန်ရွယ်ထားလိုက်သည်။ ဆလိုင်းတို့လည်း ဘာ လုပ်ရမှန်းမသိဖြစ်နေသည်။

'ဒုတ်..အား..ဟင်...ဟာ..အမေ့..'

သူပုန်ခေါင်းဆောင် နဖူးဆီသို့ ကျည်ဆံဖောက်ဝင်သွားပြီး နောက်လှန်ကျသွားသည်။ ခေါင်းဆောင်လုပ်သူကျသွားသည်နှင့်





ကျန်တဲ့သူတွေပါ ခြေကုန်တင်ပြီးပြေးကြတော့သည်။ ပွဲစဉ်လေး ကတော့ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

ပန်းရသ..သစ်ပင်ပေါ်မှပြန်ဆင်းလာပြီး ;ကားဆီသို့ လျှောက်လာခဲ့သည်။

'ဟူး..တဏယ်ကို ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ပွဲပဲဟေ့' ထောလန်း သက်ပြင်းချရင်းပြောလိုက်သောစကားဝင်ဖြစ် သည်။

'ရှင်..ဘယ်လိုလုပ်တာလဲ'

'ဟင်...'

ရသ..သူ့နားကိုရောက်လာပြီးရန်တွေ့စကားဆိုနေသော လက်ာကြောင့် နားမလည်နိုင်အောင်ဖြစ်သွားသည်။

'ငါ..ဘာလုပ်မိလို့လဲ'

'ရှင်..သေနတ်ပစ်ချက်လွဲသွားတာနဲ့ ကျွန်မအတွက် သေမင်းဆီကို တန်းပြီးရောက်မှာရှင့်..'

'ကြေးစားလုပ်စားနေတဲ့လက်ကွ၊ ခပ်ညံ့ညံ့တော့ မဟုတ် ဘူး'

'ရှင်က တကယ်ကို အကြင်နာတရားမဲ့တဲ့သူပဲ'

'မင်းစွဲချက်ကြီးက ပြင်းလှချည်လား၊ ဘာကြောင့်ဒီစကား



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောနိုင်တာလဲ'

'ရှင်သာ ကျွန်မပေါ်မှာ သံယောဇဉ်မကင်းဘူးဆိုရင်ဒီလူကို ပစ်မှာမဟုတ်ဘူး၊ ရှင့်လက်က ဘယ်လောက်ပဲတော်နေပါစေ၊ ဒီလိုအခြေအနေမျိုးကို ရွေးချယ်ဖို့ အရမ်းခက်တယ်၊ ရှင်ရွေးချယ်ပြီးပစ်လိုက်တာရှင်းပါတယ်၊ မတော်တဆ လွဲချော် သွားရင်တောင် ရှင့်အတွက် ထိခိုက်စရာမလိုတဲ့ကိစ္စတစ်ခုပဲလေ၊ အဆိုးဆုံးဖြစ်ရင် စိတ်မကောင်းရုံပဲပေါ့'

လက်ာ၏ စွဲချက်တွေက သူ့ရင်ကို တိုက်ရိုက်ထိုးနှက်နေသလိုခံစားလိုက်ရသည်။ ဒါပေမဲ့ သူမ၏စွပ်စွဲချက်ကိုတော့ မဖြေရှင်းချင်တော့ပါ။

'ရှင့်ဘက်က စကားပြောဦးလေ'

'ငါပြောမယ့်စကားတွေကို မင်းယုံကြည်မှာမဟုတ်လို့ မပြောချင်တော့ပါဘူး၊ ကဲ…သွားကြရအောင်'

ကားပေါ်သို့ အားလုံးပြန်တက်ပြီးကားမောင်းထွက်လာခဲ့ကြတော့…

'ထောလန်း…ဝေးသေးလား'

'အင်း…လမ်းမှာထပ်ပြီးအနှောင့်အယှက်မရှိရင်တော့ ညနေခင်းလောက်တော့ရောက်နိုင်တယ်'





တောင်ပြာကြီးတွေ ဝိုင်းရံထားသောတောင်ကြားလမ်းလေးဆီမှ တိတ်ဆိတ်နေမှုလေး၏ နောက်ကွယ်တွင် ရင်မောလေးတွေရှိနေသူ(၂)ဦးကတော့ ဖန်းရှသနှင့်လက်ာပင်ဖြစ်သည်။

'ဟာ…ပြသနာတက်ပြီ'

'ထောလန်း…ဘာဖြစ်လို့လဲ'

'ဟိုမှာတွေ့လား'

ထောလန်း လှမ်းပြီးပြ လိုက်သောအရာက တောင်တန်းကြီးနောက်ကွယ်ဆီ တိမ်နီတိုက်ကြီးတွေပင်ဖြစ်သည်။

'ဒါ…ဒါ…ဘာဖြစ်မှာလဲ ထောလန်း'

ဆလိုင်း…စကားထစ်ထစ်ငေါ့ငေါ့နှင့်မေးလိုက်သည်။

'လေနီကြမ်းတစ်ခုဖြစ်မယ့်လက္ခဏာပဲ ဆလိုင်း…'

'ဟာ…ဒါဆို…'

'လွတ်ကင်းမယ့်နေရာတစ်ခုကိုသာအရင်ရှာရမယ်'

ဘေးပတ်ဝန်းကျင်တွင် တောင်တန်းတွေနှင့်သစ်ပင်တွေသာတွေ့နေရသည်။

'သစ်ပင်ကွယ်မှာနေရင်ရော…'

'ပိုပြီးတောင် အန္တရာယ်ကြီးတယ်၊ သဲဒဏ်အပြင် သစ်ပင်ပြိုလဲကျတဲ့ဒဏ်ပါခံရမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ထောလန်း…ဟိုမှာအိမ်တစ်လုံး'

တောင်ကုန်းလေးပေါ်မှာအိမ်ကလေးတစ်လုံးကို တွေ့လိုက်ရသည်။

'ဘုရားသခင် ကယ်မတော်ပဲ'

ထောလန်း ကားကိုစက်ကုန်တင်ပြီးမောင်းရတော့သည်။

'ဝေါ…'

တောင်ကုန်းလေးနားကိုကားမရောက်မီ ရှေ့မြေးလေကြွင်းက စတင်ပြီးတိုက်ခတ်နေပြီဖြစ်သည်။

'ဝေါ…ဝေါ…'

လေနီကြမ်းနှင့်အတူ သဲစလေးတွေပါလာတာကြောင့် မျက်နှာကိုဖော်လို့မရအောင်ဖြစ်နေသည်။

'ဝူး…ကျွိ…'

တောင်ကုန်းအောက်ခြေတွင် ကားကိုထိုးရပ်လိုက်သည်။

'ဆလိုင်း…မင်းတို့အိမ်ကိုအရင်ဆုံးသွားကြတော့'

'မင်းကရော…'

'ငါလက်ာကိုတွဲခေါ်ရမှာ…'

လေနီကြမ်းက အင်အားအကြီးမားဆုံးသို့ရောက်လု ဖြစ်နေချိန်မှာ အားစိုက်ပြီး အိမ်ဆီသို့ပြေးတက်ခဲ့ကြသည်။





'အား…အရမ်းစပ်တယ်…'

လက်ာ သဲစတွေကြောင့် မခံရပ်နိုင်အောင်ဖြစ်နေသည်။

'ရော့…ငါ့အင်္ကျီကိုခေါင်းကနေခြုံထားလိုက်'

'ဟင်…ရှင်ကရော…'

'ရတယ်…'

လက်ာကို အင်္ကျီပေးလိုက်ပြီး သူမဘေးကသဲဒဏ်ကို ခံ ရင်းလက်ဆွဲကာတက်ခဲ့သည်။

'အိမ်ထဲကို အမြန်ဝင်ကြ'

'ဝေါ…ဝုန်း…ဂျုန်း…'

ထိတ်လန့်ဖွယ်ကောင်းလှသော လေတိုက်ခတ်မှုနှင့်သဲစ ၏ ရိုက်ခတ်မှုသည် အကယ်၍အပြင်ဘက်တွင်ရှိနေပါက ယက်ရှင်ဖို့ဆိုတာ မဖြစ်နိုင်ချေ။ အိမ်ထဲတွင် သူတို့(၅)ယောက် လွဲရင် ဘယ်သူမှ မရှိကြ။

'ကိုရသ… ကိုယ်…ကိုယ်ပေါ်မှာသွေးတွ…'

'ဟင်…'

လက်ာကို အင်္ကျီချွတ်ပေးပြီး စွပ်ကျယ်လေးနှင့်ပြေးရတဲ့ ထဲက သူ့ကိုပါကာပြီးတက်ရသော ရသ ခန္ဓာကိုယ်တွင် ရှမှုကြောင့် သွေးများစီးကျနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်ကွာ..နည်းနည်းပါးပါးပါ'

'ရှင်တို့ဆီမှာ ဆေးအိတ်ပါလာသေးလား'

'မပါလာဘူး.. စိတ်စောပြီးပြေးလာရတော့ ယူလာဖို့ကို မစဉ်းစားမိဘူးဗျာ..'

'ဒီဒဏ်ရာတွေနဲ့ နေရမှာပေါ'

'ခဏနေဦး..အိမ်ထဲမှာရှာကြည့်ဦးမယ်'

အပြင်တွင် အမှောင်ထုက စိုးမိုးထားတာကြောင့် အိမ်ကြီးတစ်ခုလုံးပိတ်မှောင်နေသည်။

'တွေ့ပြီ..ဟော့..'

အခန်းတစ်ခုထဲကို ဖျလေးဝင်သွားပြီးထွက်ပေါ်လာသော အသံပင်ဖြစ်သည်။

'ဘာတွေ့တာလဲကွ'

'ဆေးအိတ်နဲ့မီးအိမ်...နေဦးဖွင့်ကြည့်လိုက်ဦးမယ်'

'ချောက်...'

ဖျလေး မီးပျက်လျှင်အရေးပေါ်သုံးမီးအိမ်လေးဖွင့်လိုက်တာကြောင့် တစ်ခန်းလုံးလင်းထိန်သွားသည်။

'ရှင့်ဒဏ်ရာတွေကို ဆေးလိမ်းရအောင်..သောက်ဆေးတွေတော့ ပါတယ်၊ ကျွန်မတော့ မကျွမ်းကျင်ဘူး'





'ဘယ်ဆေးလိမ်းရမယ်ဆိုတာရော သိလား'

'ဟင့်အင်း..'

'ဒါဆို ငါကိုမင်းက ဘာဆေးလိမ်းပေးမှာလဲ'

ရသစကားကြောင့် သူမ ဆေးပုလင်းလေးတွေကိုကိုင်ကြည့်ပြီးပြုံးစစဖြစ်နေသည်။

'ဒီဆေးဖြစ်မယ်'

ရသရှေ့ကို ဆေးပုလင်းလေးပြလိုက်သည်။

'မင်းလိမ်းမယ့်ဆေးက လူတွေကိုလိမ်းတဲ့ဆေးမဟုတ်ဘူး၊ မြင်းနဲ့နွားတွေကို လိမ်းတဲ့ဆေး'

'ရှင်...'

သူမ ဆေးပုလင်းလေးကိုကြည့်ပြီး မျက်လုံးလေးဝိုင်းစက်သွားသည်။ ပြီးတော့မှ..

'ရှင်ကရော ဘယ်လိုလုပ်ပြီးသိတာလဲ'

'ငါ့အဘိုးက တိရစ္ဆာန်တွေကို ဆေးလိုက်ပြီးကုပေးနေတာလေ'

'ဒါဆို ဒီဆေးအိတ်ထဲမှာလူတွေအတွက် ဘာဆေးမှမပါဘူးပေါ့ ဟုတ်လား'

'ပါ,ပါတယ်၊ ဒီဆေးက အရေပြားပေါ်က သွေးထွက်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာ မှန်သမျှကို လိမ်းလို့ရတဲ့ဆေးလေ'

'အလှဲ..တယ်ဟုတ်ပါလား..သောက်ဆေးပြားတွေက ရော'

'တွေ့တဲ့ဆေးပြားကို ရောစပ်ပြီးသောက်တာပေါ့'

'ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ 'ရှင်ရယ်'

'မတတ်နိုင်ဘူး ကံတရားပေါ့'

ရသ..ဆေးပုလင်းတွေထဲမှ ဆေးတွေကိုရောစပ်ပြီး သောက်ဖို့ပြင်တော့..

'ကိုရသ..'

ရသလက်ကို သူမဆွဲကိုင်ထားလိုက်သည်။ ပြီးတော့ သူမ မျက်ဝန်းတွင် စိုးရိမ်စိတ်ကလေးတွေ ကပ်တွယ်လျက်..

'ဘာမှ မဖြစ်လောက်ပါဘူး'

'တားလို့မရရင်လည်း ရှင့်သဘောပဲ'

သူတို့နှစ်ယောက်မြင်ကွင်းကို ကျန်တဲ့သူတွေ ဘာမှ မပြော ဘဲကြည့်နေကြသည်။ ရသ..ဆေးကျောင်းသားဆိုတာကို သိထား တဲ့ ဆလိုင်းကတော့ ရေးရေးလေးပြုံးနေတော့သည်။

'လက်ာ..သောက်ပါစေဗျာ..ဒီကောင်က ဒီဆေးလောက် နဲ့ မသေနိုင်ပါဘူး'





ရသ လက်ထဲမှဆေးတွေကိုသောက်လိုက်ပြီး နံရံကိုမှီပြီး နေလိုက်သည်။

'ဆေးမလိမ်းတော့ဘူးလား'

'လက်ာက လိမ်းပေးမှာလား'

'ကိုယ့်ကြောင့်ရတဲ့ဒဏ်ရာတွေပဲ..ကိုယ့်မှာတာဝန်ရှိ တာ ပေါ့'

'တာဝန်ကြောင့်ပေါ့ဟုတ်လား'

ရသစကားကို သူမနှုတ်ဖျားထက်မှ စကားသံထွက်မလာ တော့ဘဲ တိတ်ဆိတ်နေတော့သည်။

'ငါက နောက်တာပါ၊ စေတနာလေးနဲ့လိမ်းပေးရင်တော့ ဒဏ်ရာကပိုပြီးသက်သာတာပေါ့'

'ကျွန်မတို့အသက်နဲ့ရင်းပြီး ခရီးသွားနေကြတဲ့သူတွေပဲရှင်၊ တစ်ဦးနဲ့တစ်ဦးပေါ်မှာတော့ စေတနာတင်မကတဲ့အရာတွေက ရှိ နေကြမှာပါ..'

သူမစကားနောက်ကွယ်တွင် ဝမ်းနည်းကြေကွဲမှုလေးတွေ အရိပ်လိုပါလာတာကိုတွေ့နေရသည်။ တကယ်ဆိုရင် သူမဘဝမှာ ခုလိုအခြေအနေမျိုးတွင်ရောက်နေရသူမဖြစ်သင့်ပေ။ ရွှေအိမ်ကြီး ပေါ်မှာ ဘုရင်မလေးတစ်ပါးလို နေထိုင်ရမှာဖြစ်သည်။ ခုများ



www.burmeseclassic.com

www.burmeseclassic.com



တော့..

အပြင်ဘက်တွင်လေနီကြမ်းကြီးက အငြိုးကြီးစွာတိုက်ခတ်နေလေသည်။ အိမ်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲ အပြင်အခြေအနေကို သတိနှင့်စောင့်ကြည့်နေသည်။

'လက်ဘ..'

'ရှင်..'

'မင်းအိပ်ချင်ရင်အိပ်လေ၊ ခရီးက အရှည်ကြီးသွားရမှာဆိုတော့ အင်အားတွေပြည့်နေမှဖြစ်မှာ'

'ကျေးဇူးတင်ပါတယ်၊ ကျွန်မပေါ်မှာ ခုလိုဂရုစိုက်ပေးတဲ့အတွက် အားလုံးကို ကျွန်မ ကျေးဇူးအရမ်းတင်ပါတယ်'

'ဒါကတော့ မင်းနဲ့ငါတို့က ရေစက်ပါလာကြလို့နေမှာပါကွဲ..ကလေးမ အိပ်လိုက်'

'ဟုတ်ကဲ့'

ရသတို့အားလုံး နေရာကိုယ်စီယူလိုက်ကြပြီး အပြင်တွင်ရာသီဥတုအခြေအနေကို စောင့်ကြည့်နေကြသည်။

'ဂီ...ဂါ...ဝုန်း..'

'ဟုဝ်...ဟယ်...ဟိုက်'





အိမ်၏အနောက်ဘက်ဆီမှ ကြားလိုက်ရသောအသံကြောင့် အားလုံးထိုင်နေရာမှထလိုက်ပြီးနောက်ဘက်ခန်းဆီသို့ အပြေးလေးလာခဲ့ကြသည်။

'ဟာ...အမလေး..'

အိမ်၏နောက်ဘက်အခန်းဆီကိုရောက်တော့ အားလုံး ထိတ်လန့်စရာမြင်ကွင်းကိုတွေ့လိုက်ရသည်။ သေဆုံးတာ မကြာသေးသော အလောင်း(၂)လောင်းကို သွေးသံရဲရဲဖြင့် တွေ့လိုက်ရခြင်းဖြစ်သည်။

'ဒါ...ဒါ...'

'ဂီ...ဂါ..ဝုန်း..'

'သေချာသွားပြီ'

'ဘာကိုသေချာတာလဲ ထောလန်း'

'တောဝက်ဝံမဲကောင်လက်ချက်ပဲ'

'ရှင်...'

'အခုအပြင်ကနေ တံခါးကိုထုနေတဲ့ကောင်ပဲဖြစ်မယ်'

သေဆုံးနေတဲ့အလောင်း(၂)လောင်းကတော့ အသက်(၃၀)ကျော်အမျိုးသားအလောင်းနှင့်အမျိုးသမီးအလောင်းပင်ဖြစ်သည်။

'ရက်ရက်စက်စက် ကိုက်ဖြတ်ပြီးသတ်ထားတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရသ . .ဘယ်လိုလုပ်မလဲ'

'ဒီကောင်ကြီးက အိမ်ထဲကိုရောက်အောင်ဝင်မယ့်ပုံစံ . . .
ရှင်းမှဖြစ်မယ်'

'ရှင်းဖို့က ငါတို့မှာ ဘာလက်နက်မှမပါဘူး'

'ဟုတ်တယ် . .ကားထဲမှာကျန်ခဲ့ပြီ ရသ . .'

'ဒီကိစ္စကို ငါရှင်းမယ်၊ မင်းတို့လွတ်တဲ့နေရာမှာနေ'

'ရသ . .'

'ငါ့အတွက်ဘာမှ မပူနဲ့၊ ဒီကောင်ကြီးလောက်တော့ ဘာ . . .
ပြဿနာမရှိဘူး'

ရသ . .ခါးကြားတွင် အမြဲဆောင်ထားသော ဓားမြှောင် . . .
ကိုထုတ်ပြီး တံခါးနားကိုကပ်သွားသည်။

'ဝုန်း . . .ဂိုး . .'

တံခါးဖွင့်လိုက်သည်နှင့် တောကောင်ကြီး ဒေါသတကြီး . . .
ပြေးဝင်လာပြီးတိုက်ခိုက်တော့သည်။

'အိး . . .ဒုတ် . .ဒုတ် . .'

ရသ . .အခြေအနေကောင်းကိုစောင့်ပြီးတောဝက်ဝံကြီး . . .
ရင်ညွှန့်ဆီသို့ ဓား(၂)ချက်ထိုးသွင်းလိုက်သည်။

'ကဲကွာ . . ဒုတ် . .ဒုတ် . .ဒုတ် . . .'





စိတ်ချလို့မရသေးတာကြောင့် ဆက်တိုက်ထိုးသွင်းထား
လိုက်သည်။ ကြမ်းပြင်ပေါ်တွင် ခဏမျှ အကြောဆွဲပြီးငြိမ်သက်
သွားတော့သည်။

'မင်းတို့(၂)ယောက်အတွက် လက်တုံ့ပြန်ပေးပြီးပြီ၊ ကျေ
နပ်လိုက်ကြတော့၊ ငါကူညီပေးနိုင်တာ ဒါပဲရှိတယ်'

လက်ာတို့အနားရောက်လာပြီး တောဝက်ဝံမဲကြီးကိုကြည့်
ပြီး တုန်လှုပ်နေမိသည်။

'ဆလိုင်း . . .မင်းကဒီကောင်ကြီးအရေခွံကိုခွာကွာ၊ အရမ်း
တိုတန်ဖိုးကြီးတယ်'

'အေးပါကွာ . .ငါလည်း ဒါကိုစဉ်းစားနေတာ'

'ကိုရသ . .ဘာဖြစ်သွားသေးလဲ'

'လက်မောင်းတော့ နည်းနည်းခြစ်မိသွားတယ်၊ မဖြစ်
လောက်ပါ'

'ဒီလိုကောင်ကြီးနဲ့ အနီးကပ်တိုက်ခိုက်ဖို့ဆိုတာ မလွယ်
ဘူး'

'ထောလန်းရေ . .ဒါက ဒီကောင်ကြီးက အပြင်ကသဲလေး
ပြင်းကို ကြောက်လန့်ပြီး အတွင်းရန်သူကို သတိမပြုမိလို့ ခုလို
ခံလိုက်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ရသ··မင်းသတ္တိကတော့ အံ့မခန်းပဲ'

'ဒီလောက်ကြီးလည်း မဟုတ်ပါဘူးဗျာ'

'ဒဏ်ရာကိုဆေးထည့်ရအောင် ကိုရသ···'

လက်ာ··ဆေးအိတ်ကလေးကို သူ့နားချပြီးပြောလိုက်တာကြောင့် လက်မောင်းဒဏ်ရာလေးကို သူမဘက်ကိုထိုးပေးလိုက်သည်။

'ရှင့်အသက်ကို ရှင်မနှမြောတတ်ဘူးနော်'

'ဘာလို့လဲ··လက်ာ'

'ရှင်ရဲ့ ရင်ဆိုင်မှုတွေက အရမ်းကိုကြောက်စရာကောင်းနေလို့ပါ'

သူမစကားကို အဖြေမပေးတော့ဘဲ ခေါင်းကိုသာငုံ့ထားလိုက်သည်။



သဲလေနီကြမ်းရပ်တန့်သွားပေမယ့် မိုးချုပ်နေပြီဖြစ်တာကြောင့် ထိုအိမ်ကလေးတွင် ညအိပ်ပြီး မနက်မိုးလင်းတာနှင့်သေဆုံးသူ(၂)ဦးကို သက်ဆိုင်ရာကိုသတင်းပို့ပေးပြီး ထိုအိမ်ဆီမှထွက်လာခဲ့ကြသည်။ ကားလေးပေါ်တွင်

'ငါတော့ သူတို့(၂)ယောက်ကို မြှုပ်ပေးခဲ့ချင်တာ'

'ဆလိုင်း··ငါတို့နယ်မြေတွေက ဥပဒေရဲ့ထိန်းချုပ်မှုအောက်မှာ ရှိနေကြတာဆိုတော့ သက်ဆိုင်ရာနဲ့ရှင်းကြတာကောင်းပါတယ်'

'မင်းပြောတဲ့ ဥပဒေစိုးမိုးမှုဆိုတာ ခုလိုကြေးစားတွေနဲ့ထင်တိုင်းကြဲနေကြတဲ့အခြေအနေကတော့ ဆိုးလွန်းပါတယ်'

'ဒါကလည်း ငြိမ်းချမ်းရေးကိုအရယူနေတဲ့အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်နေတော့ ငွေရှိတဲ့သူတွေ တစ်ချိန်က လက်နက်ကိုင်အုပ်စု တွေအတွက် အခွင့်အရေးတစ်ခုကို ရနေကြတာပေါ့ကွာ၊ တစ်ဖ နေ့တော့ ပျောက်ကွယ်သွားမှာပါ…'

တောင်ကြားတွေဆီမှ အလင်းတန်းတွေက အရဏ်ဦးတိ တိုက်တွေကို သယ်ဆောင်နေတဲ့ မြင့်ကွင်းလေးက အေးချမ်းဖွယ် ကောင်းနေသော်လည်း အန္တရာယ်ခရီးကြမ်းကို ဖြတ်သန်းနေတေ သူတို့အတွက်တော့…

မြစ်ဆိပ်ကမ်းနားဆီသို့ကားလေးရောက်တော့ မွန်းတည့် နေပြီဖြစ်သည်။

'ဟူး‥တကယ်လှတဲ့မြစ်ကြီးပဲကွ'

'ဟုတ်တယ်…စိမ်းလဲ့နေတဲ့ရေပြင်ကြီးနဲ့တောင်တန်း ကြီးတွေက တကယ်ကို စိတ်ကူးယဉ်လို့ကောင်းတဲ့နေရာပဲ'

လက်ာနှင့်ရသတို့ကတော့ ဖျုံလေးတို့ပြောနေတဲ့စကားတွေ ကိုပဲ နားထောင်ရင်း မြစ်ပြင်ကြီးကိုငေးကြည့်နေမိသည်။

'ကဲဟေ့‥ မြစ်အရသာကိုခံပြီးရင် ကားဖွက်ဖို့ကိုလုပ်ကြ ဦး‥'

ထေ၀လန်းက ပစ္စည်းတွေချရင်း လှမ်းအော်ပြောလိုက်တာ ကြောင့် ကားနားဆီသို့ အားလုံးပြန်လာခဲ့ကြသည်။





'ထေ၀လန်း‥ဟိုချုံကြီးကို အသုံးပြုရင်ရော‥'

'အင်း…မဆိုးဘူး‥ သေသေချာချာရှာကြည့်မှတွေ့နိုင်မှာ'

'ဒါဆို ကားကိုဒီမှာပဲ ဖွက်ကြတာပေ့ါ'

'အင်း‥'

ကားပေါ်မှပစ္စည်းတွေအားလုံးချပြီးသည်နှင့် ကားကို ချုံ ဆီသို့တွန်းသွားကြပြီး သစ်ကိုင်းသစ်ခက်တွေနှင့်ဖုံးအုပ်ထားလိုက် ကြသည်။

'ထေ၀လန်း…ကားကိစ္စကတော့ပြီးသွားပြီ‥ဖောင်ကိစ္စ ကိုဘယ်လိုစီစဉ်ကြမလဲ‥'

'ငါတို့ရှေ့နားမှာ ကမ်းခြေတဲစုလေးရှိတယ်၊ အဲဒီကိုရောက် မှ ဖောင်ကိစ္စကိုစီစဉ်ကြတာပေါ့'

'ဒါဆို သွားကြမယ်ဟေ့'

လက်ာတစ်ဦးကလွဲပြီး ကျန်တဲ့သူအားလုံး ခရီးဆောင် အိတ်တွေကို ကိုယ်စီလွယ်ပြီးထွက်လာခဲ့ကြသည်။ မြစ်ကမ်းနံဘေး က သစ်တောအုပ်ကလေးဆီမှ ခရီးဆက်ကြခြင်းဖြစ်သည်။

'ဟာ‥‥ဟိုမှာ‥'

ဖျုံလေး လှမ်းပြလိုက်သောနေရာကိုကြည့်လိုက်တော့ ရှု တစ်ယောက်လဲနေတာကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သွားကြည့်ရအောင်'

'ဆလိုင်း..'

ထောလန်းက လှမ်းပြီးဆလိုင်းလက်ကိုဆွဲထားလိုက်သည်။

'ဘာဖြစ်လို့လဲ ထောလန်း'

'ငါ့စိတ်ထဲမှာ သိပ်ပြီးတော့ မသင်္ကာဘူး၊ ဒါထောင်ချောက် ဖြစ်နိုင်တယ်'

'အင်း..ထောလန်းပြောတာဖြစ်နိုင်တယ်၊ အားလုံးဒီမှာနေခဲ့ ငါသွားမယ်'

'ကိုရသ...သတိထားနော်'

'အင်း..'

လက်ဘ၏စိုးရိမ်စကားလေးကို ခေါင်းညိတ်ပြပြီး မြစ်ကမ်း နံဘေးနားတွင်လဲနေသော လူဆီသို့ ရသလာခဲ့တော့သည်။ ဘေးဘက်တွေကို သတိထားပြီး မျက်လုံးကစားကြည့်တော့မှ မသင်္ကာစရာအခြေအနေတစ်ခုကိုတွေ့လိုက်ရသည်။

'ဗို...ဒုတ်...ဟင်'

အမှတ်မထင်ရောက်လာသော ဓားမြှောင်တစ်ချောင်းကို ပွတ်ကာသီကာလေး ရသရှောင်လိုက်သည်။

'ဟေ့လူ..မလှုပ်နဲ့နော်'





လဲနေသူက ရသကို သေနတ်နှင့်ချိန်ရွယ်ထားတော့သည်။

'ခင်ဗျားတို့ဘာလုပ်ချင်တာလဲ'

'ဓားပြတိုက်တာလေ..မင်းတို့လာနေတာကို သိလို့ခုလို စီ စဉ်ထားတာ၊ မင်းကောင်တွေကို အေးအေးဆေးဆေးလာခိုင်းနော်၊ မဟုတ်ရင် ငါ့သေနတ်က အကြင်နာတရားမဲ့သွားလိမ့်မယ်'

'တယ်ဟုတ်ပါလား.. ဪ..မင်းသေနတ်က ကျည်ရော ထွက်ရဲ့လား'

'မင်းကမယုံလို့လား'

'မေန်း..ဘာစကားတွေများနေတာလဲ'

နောက်ကွယ်တွင်ပုန်းနေသော ဓားပြအဖွဲ့တွေစုစုပေါင်း(၅) ယောက်လက်နက်ကိုယ်စီဖြင့်ထွက်လာကြသည်။

'ဒီကောင်က ငါ့သေနတ်ကို ကျည်ထွက်လားလို့မေးနေ တယ်'

'ဘာ..ဒါဆို ပစ်ပြလိုက်ကွာ'

'ဒိုင်း..'

ရသရှေ့မှ မိုးပေါ်ကို သေနတ်ပစ်ပြလိုက်သည်။

'မဆိုးဘူး...မိုးပေါ်ကိုပစ်တာမလွဲဘူးပဲ'

'မင်း..မင်း..ငါတို့ကို လှောင်နေတာလား၊ မင်းကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခေါ်မလား မခေါ်ဘူးလား ဒါပဲပြော'

'ဆန္ဒတွေသိပ်ပြီး မစောပါနဲ့လေ၊ ကျုပ်ကိုအရင်ဆုံးပစ်ကြည့်ပြီးမှ နောက်ကိစ္စကိုဆက်ပြီးပြောတာပေါ့'

'မင်း..မင်း..'

'ငမန်း..ပစ်စမ်းကွာ'

'ကဲကွာ..ချောက်...ဟင်..ဟာ..'

'ချောက်...ချောက်...'

သေနတ်ကို ဆက်တိုက်ပစ်ပေမဲ့ ကျည်ဆံကမထွက်ပေ။

'ဘယ်လိုဖြစ်တာလဲ၊ မင်းသေနတ်က ကျည်မထွက်ပါလား'

'ချောက်..ချောက်..'

နောက်ထပ် သေနတ်ကိုင်ထားတဲ့သူတွေကပါ ရသာကို ပစ်ပေမယ့် ကျည်ကမထွက်...

'ဖြောင်း...အီး..'

ရသာ...သူ့ရှေ့ကလူဆီမှသေနတ်ကိုယူလိုက်ပြီး...

'မင်းတို့အလှည့်ပြီးသွားရင် ငါ့အလှည့်ပဲ၊ ဘယ်ကောင်ကိုအရင်ပစ်ပြရမလဲပြော'

'ဟို...ဟို..မ...မပစ်ပါနဲ့ဗျာ'





'မပစ်လို့တော့မရဘူး၊ မင်းတို့သေနတ်တွေဘယ်လောက်ကောင်းသလဲဆိုတာကို စမ်းကြည့်ရမှာပဲကွ'

'ရှိ..ခိုး..ဆို..ခိုးပါ့မယ်၊ မသတ်ပါနဲ့ဗျာ၊ ကျွန်တော်တို့က ဓားပြအစစ်တွေမဟုတ်ပါဘူး၊ မလွဲသာလို့ ခုလိုလုပ်ရတာပါ'

'ဘာလို့မလွဲသာတာလဲ'

'ဒုက္ခရောက်နေကြလို့ ကြံမိကြံရာကြံလိုက်ရတာပါ၊ ဒီသေနတ်တွေကလည်း အရင်လက်နက်ကိုင်အဖွဲ့တွေ ဝှက်ခဲ့တဲ့နေရာကနေ ခိုးပြီးယူလာကြတာပါ'

နောက်မှာ ကျန်ခဲ့သောဆလိုင်းတို့အားလုံးရသာနားကို ရောက်လာကြသည်။

'ဘာတွေဖြစ်နေတာလဲရသာ..'

'ဒုက္ခသည်ဓားပြတွေကို တွေ့နေရလို့ဟေ့'

'မင်းစကားက ဘာလဲကွ'

ရသာ အခြေအနေကို ရှင်းပြလိုက်တော့သည်။

'ဒါဆို မင်းတို့က ဟိုဘက်ကမ်းကပေါ့'

'ဟုတ်ပါတယ်..'

'ဒီဘက်ကိုဘာနဲ့ကူးလဲ'

'ဖောင်နဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော…'

ဖောင်ဆိုသောစကားကြောင့်အားလုံးမျက်နှာတွင် ရွှေ
လင့်ချက်တစ်ခုလက်ထွက်သွားသည်။

'ဒီလိုလုပ်ပါလား၊ ရှင်တို့လည်းအဆင်ပြေအောင်၊ ကျွန်မ
တို့ကိုလည်း ကူညီရာရောက်အောင်လေ'

'ကျွန်တော်တို့ဘာကူညီရမှာလဲ၊ ပြောပါ'

'ရှင်တို့ဖောင်ကို ပြန်ပြီးရောင်းလေ'

'ဗျာ..ဟင်..ဟာ..'

လကီ်ာစကားကြောင့် ဓားပြအတုတွေအံ့အားသင့်သွား
သည်။

'ဘယ်လိုလဲ'

'ဟာ..တကယ်ပြောတာလားဗျာ'

'တကယ်ပြောတာ၊ ရှင်တို့လည်း ဓားပြမတိုက်ဘဲနဲ့ငွေရ
တာပေါ့'

'ကျေးဇူးတင်ပါတယ်'

'ကဲ…ဘယ်လောက်ပေးရမလဲပြော'

'ဟို..ဟို…ကြိုက်သလောက်သာပေးပါ'

'ရှင်တို့ဖောင်က ဘယ်မှာလဲ၊ ခိုင်ရောခိုင်ရဲ့လား'





'ဒီနယ်တစ်ဝိုက်မှာ ကျွန်တော်တို့ဖောင်ကိုမှီတဲ့ဖောင်ဆိုတာ
မရှိပါဘူး'

'သေချာတယ်နော်'

'လိုက်ကြည့်ပြီးမှငွေပေးပါ'

'ကိုရှသ..ဘယ်လိုသဘောရလဲ'

'ကောင်းတဲ့အစီအစဉ်ပဲ၊ မင်းတို့ဖောင်ရှိတဲ့နေရာကို သွား
ကြမယ်'

'ဟုတ်ကဲ့'

ဓားပြတုအဖွဲ့ခေါင်းဆောင်ခေါ် သွားသောနောက်ကိုလိုက်ခဲ့
ကြတော့သည်။ ခဏအကြာ ချောင်းရိုးလေးထဲတွင် ကြိုးဖြင့်ချည်
ထားသောဖောင်လေးကိုတွေ့လိုက်ကြသည်။

'တယ်ဟုတ်ပါလားဟေ့၊ သက်ကယ်အမိုးကလေးပါ ပါ
တယ်'

ထောလန်း ဖောင်ပေါ်ကိုတက်ပြီးခိုင်မခိုင်ကိုကြည့်ပြီးမှ
'အားလုံးစိတ်ကြိုက်ပဲ'

ထောလန်းလှမ်းအော်ရင်း လက်မလေးကိုထောင်ပြလိုက်
သည်။

'ဘယ်လိုမှ သဘောမထားနဲ့၊ ကျွန်မတို့ဆီမှာပါတဲ့ငွေက



www.burmeseclassic.com

www.burmeseclassic.com



(၃) သိန်းလောက်ပဲရှိတယ်၊ ယူထားလိုက်’

‘ဗျာ…’

လက်ာပေးလိုက်သောငွေပမာဏကို ဓားပြတွေ မယုံနိုင်အောင်ဖြစ်သွားကြသည်။

‘ဘာလဲ…နည်းနေလို့လား’

‘မ…မဟုတ်ပါဘူးဗျာ’

‘ဒါဆိုကျေနပ်တယ်ပေါ့’

‘ဟုတ်ကဲ့’

အပေးအယူအဆင်ပြေသွားပြီဖြစ်တာကြောင့် ပစ္စည်းတွေကိုဖောင်ပေါ်ကိုတင်လိုက်ပြီး ဓားပြတ့တွေကိုနှုတ်ဆက်ကာချောင်းထဲမှစတင်ပြီးထွက်ခဲ့ကြတော့သည်။

✱ ✱ ✱



‘ဝေါ…’

မြစ်ထဲကိုရောက်သည်နှင့်ရေစီးကြောင်းကိုစတင်ပြီး ကြုံတွေ့လိုက်ရသည်။

‘ညာဘက်ကြောကနေ သွားကြမယ်ဟေ့’

ဖောင်ကို ညာဘက်ဆီသို့ကပ်လိုက်တော့မှ ရေစီးကြောင်းသို့ သက်သက်သာသာဖြစ်သွားသည်။

‘ကိုရသရေ…အဆင်ပြေနေပြီ’

‘ဘာကိုအဆင်ပြေတာလဲ ဖိုးလေး’

‘ထမင်းအိုးတွေပါ ဒီကောင်တွေလက်ဆောင်ပေးလိုက်တယ်၊ ဖောင်ပေါ်မှာ ချက်ပြုတ်လို့ရပြီ’

‘မင်းက ဘာနဲ့ချက်မှာလဲ’



www.burmeseclassic.com

www.burmeseclassic.com



'ဒီအတွက်မပူနဲ့၊ ထင်းခြောက်တွေပါရှိတယ်ဗျို့'

'ဖျံလေး'

'ဗျာ…ကိုဆလိုင်း'

'နွေလည်စာကိုမင်းတာဝန်ယူပြီးချက်ပေတော့၊ မင်း အချက်အပြုတ်ကောင်းတယ်ဆို..'

'စိတ်ချ… တစ်သက်မှာမမေ့နိုင်တဲ့လက်ရာမျိုးကို စားစေရမယ်'

'ကျွန်မ ဝိုင်းပြီးချက်မယ်'

'သက်သက်သာသာနေပါ၊ ဒီလောက်တော့ ကျွန်တော် တစ်ယောက်တည်းနဲ့ဖြစ်ပါတယ်'

'လင်္ကာရေ.. လွှတ်ထားလိုက်'

ထောလန်း ဖောင်ကိုထိန်းရင်းလှမ်းပြောလိုက်တာကြောင့် ဖျံလေး နားကနေ ရသထိုင်နေသောနေရာနားကိုသွားလိုက်သည်။

'ကိုရသ..ဘာတွေငေးနေတာလဲ'

'ဘယ်ရယ်မဟုတ်ပါဘူး၊ ကမ်းနံဘေးက သစ်တောတွေကိုကြည့်ကောင်းကောင်းနဲ့ကြည့်နေတာပါ'

လင်္ကာ…ရသဘေးတွင် ဝင်ထိုင်လိုက်ပြီး….

'ကျွန်မမေးတာကို အမှန်တိုင်းဖြေမှာလား'

'လင်္ကာက ဘာကိုမေးချင်လို့လဲ'

'ဘာမေးမလဲဆိုတာကို မမေးနဲ့ ကျွန်မမေးတာကို အမှန်တိုင်းဖြေမှာလား'

လင်္ကာမျက်နှာလေးကို ရသ စိုက်ကြည့်လိုက်ပြီး…

'ငါ အမှန်အတိုင်းဖြေပေးမယ်၊ ဘာမေးမှာလဲမေးပါ၊ တစ်ခုတော့ရှိတယ်၊ ဘဝအတွက် မဖြစ်မနေ လျှို့ဝှက်ရမယ့်ကိစ္စကိုတော့မဖြေဘူးနော်'

'အင်းပါ…ကျွန်မမေးမယ့်စကားတွေက ကိုရသရဲ့ ဘဝ လျှို့ဝှက်ရှိမှုထိ မရောက်ပါဘူး'

'ဒါဖြင့် မေးတော့'

'ကိုရသ တကယ်ပဲ ကြေးစားတစ်ယောက်လား'

'ဟုတ်ပါတယ်'

'ကျွန်မကို ကာကွယ်ပေးဖို့အတွက် အခကြေးငွေယူပြီး လိုက်လာတာလား'

'…ယ်တင်နေတာပေါ့'

လင်္ကာစကားအတွက် ရသတွင်ဖြေရန်အရမ်းကိုခက်ခဲနေ…သည်။

'ငါမညာချင်ပါဘူး၊ ဒါပေမယ့် အမှန်အတိုင်းပြောရင် ဘာ…ကြောင့်လဲဆိုတဲ့စကားကို ဖြေဖို့ခက်နေလို့ပါ'

www.burmeseclassic.com



'ရှင့်အတွက် အရမ်းကိုခက်ခဲနေမယ်ဆိုရင်တော့ မဖြေပါနဲ့လေ၊ ကျွန်မတစ်ခုတော့ ဆုတောင်းမိပါတယ်'

'ဘာကိုဆုတောင်းမိတာလဲ လက်ာ..'

'ရှင်ဟာ ကျွန်မအတွက်ကံကောင်းစေမယ့်လူတစ်ယောက်ဖြစ်ပါစေလို့'

'ငါလည်း မင်းလိုပါပဲလက်ာ၊ မင်းအတွက် ကံကောင်းစေတဲ့လူတစ်ယောက်ဖြစ်ချင်ပါတယ်'

'ကိုရှသရေ.. ထမင်းစားမယ်ဆိုရပြီ..'

ဖျုံလေးလှမ်းပြီးအော်လိုက်တာကြောင့်...

'လက်ာ..ထမင်းစားကြရအောင်၊ ခရီးကကြမ်းမှာဆို တော့အင်အားတွေပြည့်မှဖြစ်မှာ၊ ထောလန်းရော မစားသေးဘူးလား'

'စားနှင့်ကြဟော့၊ ဒီရေစီးကြောင်းက လွှတ်ထားလို့မရဘူး မင်းတို့ပြီးမှ ငါစားမယ်'

ဖောင်ကြီးမှာ ရေပြင်ပေါ်တွင် လျင်မြန်စွာပြေးလွှားနေသလို ခံစားနေရသည်။ ကမ်း၏တစ်ဖက်အနီးဆီမှ မျောလိုက်နေမယ့် ရေစီးကတော့ သန်မာဆဲဖြစ်သည်။

'မြစ်လယ်ဆိုရင်ဒီထက်များဆိုးမလားမသိဘူးနော်'

'ဒီဖောင်နဲ့ မြစ်လယ်ကနေသွားဖို့ဆိုတာ ဘယ်လိုမှမလွယ်





နိုင်ဘူးလက်ာ၊ ကမ်းနံဘေးကနေ သွားနေတာတောင် အန္တရာယ်ကြီးနေတာ'

'ကျွန်မကတော့ ဘာအန္တရာယ်မှ မကြောက်တော့ဘူး'

'ဘာလို့..'

'ကိုရှသတစ်ယောက်လုံးရှိနေလို့လေ..'



www.burmeseclassic.com

www.burmeseclassic.com

ပြည့်လုလု လကလေးက တိမ်မဲတွေကြားမှာ တိုးဝှေ့ ရုန်းကန်နေဆဲ‥ညရဲ့တိတ်ဆိတ်မှုနှင့်အတူ ကမ်းဘက်ဆီက ညထွက်တိရစ္ဆာန်တွေ၏ အော်မြည်သံတွေကိုလည်း ကြားနေရသည်။

ဖောင်ပေါ်တွင် မီးလေးဖိုထားရသည်။

'အေးစိမ့်လာသလိုပဲနော်'

'ဟုတ်တယ်လကၤာရေ‥ ခုရောက်နေတဲ့နေရာက ကျောက်ဖြူတောင်ကြားက ရေကြောထဲကိုရောက်နေတာ'





'ကျောက်ဖြူတောင်ကြား ဟုတ်လား ထောလန်း'

'ဟုတ်တယ် လကၤာ‥ ကျောက်ဖြူဆိုတာ ဟိုးအရင် နှစ်ပေါင်းများစွာက နှင်းခဲတွေကနေ ဖြစ်တည်တဲ့တောင်တွေလို့ ပြောတယ်၊ အဲဒါကြောင့် အေးခဲနေတာတဲ့'

'ဟုတ်မယ်‥ဟီး‥‥အီး‥အီ‥‥'

အအေးဓာတ်ကသာမန်ထက် ပိုပြီးလွန်ကဲလာသောကြောင့် လကၤာ တုန်ယင်လာနေသည်။

'လကၤာ‥'

'ရှင်‥'

'တဲလေးထဲဝင်ပြီး နွေးနွေးထွေးထွေးနေလိုက်ပါ'

'အင်း‥'

လကၤာခေါင်းလေးညိတ်ပြီး တဲလေးထဲကိုဝင်ခဲ့တော့သည်။

'ရှသရေ‥'

'ဗျာ‥ထောလန်း ဘာကိစ္စရှိလို့လဲ'

'ငါတို့ သတိတော့ရှိရမယ်၊ ဒီနယ်တစ်ဝိုက်မှာ လူတွေကို ဒုက္ခပေးတတ်တဲ့ညသားကောင်ကြီးတွေရှိတတ်တယ်'

'ဟင်‥'

'ဘယ်‥‥ဘယ်လိုကောင်တွေလည်း ကိုထောလန်း'



www.burmeseclassic.com

www.burmeseclassic.com



ဖျံလေး စောင်ကိုခြုံပြီးမေးလိုက်သည်။

'သစ်နက်··မျောက်ဆိုးတွေ အများဆုံးအန္တရာယ်ပေးတတ်တယ်၊ နောက်တစ်ခု ပြောထားရဦးမယ်'

'ဘာများလဲဗျာ··'

'ဒီနားမှာ သေနတ်သုံးလို့မရဘူး'

'ဟာ···'

'သေနတ်ရဲ့ပဲ့တင်သံကြောင့် တောင်ပြိုတတ်တယ်၊ ထူးဆန်းတာ မြစ်ရေတွေ လှိုင်းဂယက်ကြီးတွေထပြီး ရိုက်ချတော့တာပဲ ဘာကြောင့်ဖြစ်တယ်ဆိုတာ ကိုတော့မသိဘူး'

'ကျုပ်တို့တော့ သခင်မကြီးရန်ထက်ဆိုးတဲ့အရာကိုရှောင်ပြီနဲ့တူတယ်··ဟားဟားဟား···'

ရသ··သူ့စကားကိုသူသဘောကျပြီးရယ်မောနေသည်။

'ရသ··ရသ·· ကိုထောလန်း'

'ဘာဖြစ်လို့လဲ ဆလိုင်း'

'ဟိုမှာ မဲမဲကြီးတွေက ဘာတွေလဲ'

'ဟင်···'

ထောလန်း·· ဆလိုင်းပြတဲ့နေရာကိုသေသေချာချာကြည့်ပြီး···

'ဒါ···ဒါ··မျောက်ဆိုးအုပ်စုပဲ၊ ဖောင်ကိုကမ်းနဲ့ ထပ်ပြီးခွာမှဖြစ်မယ်၊ ဒီကောင်တွေအုပ်စုက အနည်းဆုံးမျောက်အကောင်(၂၀၀)နီးပါးလောက်စုပြုံပြီးနေတတ်တာ၊ ငါတို့လက်ရှိလူနဲ့ ဘယ်လိုမှ ရင်ဆိုင်လို့မရနိုင်ဘူး'

'ကွိ··ကွိ··ကွိ···'

'ဟာ···ဟင်···ဟိုက်··'

'ထောလန်း ရေထဲကိုဆင်းပြီးလိုက်လာကြပြီ ဘယ်လိုလုပ်ကြမလဲ'

'နောက်က လိုက်တဲ့ကောင်ထက် သစ်ပင်ပေါ်ကနေ ဝင်သာမယ့်ကောင်တွေကို အရင်သတိထားကြ၊ ငါတို့ဖောင်ကိုမြစ်လယ်ဘက်ကိုရွှေ့ရမယ်'

'ကို··ရသ··ဘာတွေလဲ'

လရောင်၏အောက်တွင် မဲမဲအုပ်စုကြီးဖောင်နောက်သို့လိုက်လာနေတာကို လက်ာတွေ့လိုက်ရခြင်းဖြစ်သည်။

'မျောက်ဆိုးတွေ လက်ာ···'

'ရှင်···'

တဖြည်းဖြည်းနှင့်နီးကပ်လာနေပြီဖြစ်သည်။

'ဆလိုင်း···မလုပ်နဲ့'







www.burmeseclassic.com

www.burmeseclassic.com



ဆလိုင်း သေနတ်ကိုထုတ်ပြီးပစ်ဖို့လုပ်တာကြောင့် ရသ တားထားလိုက်ရသည်။

'ဒီနေရာမှာ သေနတ်သံထွက်လို့မရဘူးလေ'

'ဆောရီးကွာ..ငါသတိလစ်သွားတယ်၊ အန္တရာယ်က အရမ်းကိုနီးကပ်နေပြီကွ'

'ဟုတ်ပြီ...ဆလိုင်း..ငါဟိုကောင်ဆီကယူလာတဲ့ စနိုက် ပါရော...'

'ရှိတယ်..'

'ကားထဲက ဓာတ်ဆီပုံးရော ပါလာတယ်မဟုတ်လား'

'သိပ်အများကြီးတော့မပါဘူး၊ အရေးပေါ်သုံးလို့ရအောင် ယူလာတယ်၊ ဘာလုပ်မလို့လဲ'

'ဟို..ဆီပုလင်းတွေထဲကိုထည့်လိုက်ကွာ၊ (၃)လုံးလောက် ဆိုရပြီ'

'ငါသဘောပေါက်ပြီ၊ ဒီကောင်တွေကို ဓာတ်ဆီပုံးနဲ့ ဆော် မယ်ပေါ့၊ ဟုတ်လား'

'ဟုတ်တယ်..ဒီလိုမှမသတ်ရင် ငါတို့ကိုချမ်းသာပေးမယ့် ကောင်တွေမဟုတ်လား'

'မင်း..ပုလင်းကိုမှန်မှဖြစ်မယ်နော်'





'လုပ်စရာရှိတာကိုသာ အမြန်ဆုံးလုပ်စမ်းပါ'

ဆလိုင်းနှင့်ဖျူလေး အသင့်တွေ့ရတဲ့ပုလင်း(၃)လုံးကိုဓာတ် ဆီတွေထည့်နေတုန်း ရသပစ်ရမယ့်သေနတ်ကိုပြင်ဆင်လိုက် သည်။

'ရပြီ..ဆလိုင်း..ပုလင်း(၃)လုံးကို ဒီကောင်တွေရဲ့အနီးဆုံး နေရာတွေကိုပစ်လိုက်ကွာ'

'အိုကေ...ပစ်ပြီဟေ့'

'ဝှီ..ဝှီ...ဝှီ... ,ဘုတ်'

ရသတို့လှမ်းပြီးပစ်လိုက်သော ဓာတ်ဆီပုလင်း(၃)လုံးကို မျောက်တွေအလုအယက်ယူလိုက်သည်။

'ရသရေ... မင်းအလှည့်ပဲ..'

ရသ..စိတ်အာရုံတွေကို တည်ငြိမ်အောင်ထားလိုက်ပြီး မျောက်တွေလက်ထဲက ပုလင်းဆီကို သေနတ်နှင့်ချိန်ရွယ်ထား လိုက်ပြီး လွန်စွာခက်ခဲလှသောအလုပ်တစ်ခုကို လုပ်လိုက်ရသည်

'ဒုတ်...ဝုန်း...'

ရသတို့အတွက် ကံကောင်းသည်ပဲဆိုရတော့မည်။ သေနတ် ကျည်ဆံမှာ ပုလင်းကိုထိမှန်သွားပြီးပေါက်ကွဲသွားတော့သည်။

'မျောက်တွေပြေးပြီဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟူး…'

ဖောင်ပေါ်တွင်ပါလာကြသောအားလုံး သက်ပြင်းကိုယ်စီ ချနိုင်ကြတော့သည်။

'တကယ့်အန္တရာယ်စက်ဝန်းထဲက လွတ်မြောက်သလိုပဲ ဟော့…ဒီကောင်တွေ လက်ချက်သာမိသွားရင် အသားတောင်ရှာရမှာမဟုတ်ဘူး'

'ဟင်…ဒီလောက်တောင်ပဲလား ကိုထောလန်း'

'ကျုပ်ပြောတာထက်တောင်ဆိုးဦးမယ်၊ ရသရေ…မင်းသေနတ်ပစ်ချက်ကတော့ အံ့မခန်းဘဲ'

'ကျုပ်လည်း ဘုရားတပြီးတော့ ပစ်လိုက်ရတာဗျ'

အားလုံး နေရာကိုယ်စီပြန်သွားကြပြီး ရသနှင့်လက်ာတော့ တဲလေးဘေးကမီးဖိုလေးဘေးတွင်ထိုင်နေကြသည်။

'လက်ာ…အိပ်လေ'

'ဟင့်အင်း…အိပ်ချင်စိတ်မရှိတော့ဘူး၊ ဒီဖောင်ကြီးနဲ့ ဘယ်နှစ်ရက်လောက်သွားနေရဦးမှာလဲ'

'သဘာဝအန္တရာယ်တွေပေါ် မူတည်ပြီးတော့ သွားရမှာလေ၊ ခရီးရက်ကို သတ်မှတ်လို့မရဘူး လက်ာ…'

'ကိုရသကို တစ်ခုမေးချင်သေးတယ်'

'မေးကြည့်လေ'

'ကိုရသ…သေနတ်ပြီးတာ အဆောင်တွေ၊ ဂါထာတွေ ကြောင့်လားဟင်…'

'မဟုတ်ဘူးလက်ာ… ငါ့ရဲ့မွေးရာပါလက်ဆောင်တစ်ခု ဆိုရမှာ၊ အင်း…မွေးရာပါဆိုပေမဲ့ ကိုယ့်ကိုဘယ်သူကမွေးခဲ့တယ်ဆိုတာကို ခုထိတော့ မသိခဲ့ပါဘူး'

'ရှင်…'

ရသစကားကြောင့် လက်ာနားမလည်သလိုဖြစ်သွားသည်။

'ငါ့မိဘ ဘယ်သူဘယ်ဝါဆိုတာကို ယနေ့ချိန်ထိ ငါဘာမှ မသိရသေးဘူး'

'ဒါဆို…'

'ငါ့ကို ဖဝိုစ္စာကြီးတစ်ဦးက မွေးစားပြီးခုလို အသက်ရှင်ခွင့်ရနေတာ တစ်ခုတော့ ပြောထားမယ်၊ မွေးစားဖခင်ကြီးက ဒီလောကမှာ ကျင်လည်နေပေမဲ့ မွေးစားသားဖြစ်တဲ့ ငါ့ကို ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားပေးရင်းနဲ့သူ့အသက်ပါ ပေးခဲ့ရတာ'

'ဟယ်…ဘာကြောင့်အသက်ဆုံးရှုံးခဲ့ရတာလဲ'

'ငါ့ပညာရေးအတွက် ငွေကြေးတွေရဖို့ တစ်ကြိမ်ဆီမှာ







www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်ကိုင်ရင်းနဲ့အသတ်ခံခဲ့ရတာ'

'အို…'

'ဒါကြောင့်လည်း ငါဟာ ဒီနာကြည်းချက်တွေနဲ့ဖခင်ကြီး အတွက် လက်စားပြန်ချေရင်းနဲ့ဒီလောကကြီးထဲမှာကျင်လည်ခဲ့ ရတာ'

'ပညာရေးကတော့ ဆုံးရှုံးသွားတယ်ပေါ့'

'ဟုတ်တယ်လကာ်…ဆေးတက္ကသိုလ် နောက်ဆုံးနှစ် [illegible] တက်တဲ့အချိန်မှာဖြစ်ပျက်ခဲ့တာလေ'

'ဖြစ်မှ ဖြစ်ရလေ…ကိုရသရယ်… အရမ်းကိုနှမြော [illegible] ကောင်းတယ်'

'ငါ့အတွက် နှောင်တမရချင်တော့ပါဘူး၊ ဖခင်ကြီး အတွက် လက်စားချေခွင့်ရလိုက်လို့ အရမ်းကိုကျေနပ်တယ်၊ အင်း…[illegible] သတိရတော့တယ်'

'ဘာကိုလဲ ကိုရသ…'

'ငါသေနတ်ပြီးရတဲ့အကြောင်းရင်းတစ်ခုရှိတယ်၊ ငါ [illegible] ဖခင်ကြီးက လမ်းပေါ်ကနေ ကောက်ယူမွေးစားပြီး ရက်[illegible] လောက်မှာပဲ ကိုယ်တွေခြစ်ခြစ်တောက်ပူပြီးနောက်ဆုံး [illegible] လျှော့လိုက်ရတဲ့အခြေအနေကိုရောက်ခဲ့တယ်၊ ငါသေပြီဆို[illegible]





သုသာန်ကိုမြှုပ်ဖို့သယ်လာတဲ့ညမှာ သစ်ပင်ကြီးအောက်ကိုရောက် တော့ မိုးကြိုးပစ်ချလိုက်တယ်၊ ဖခင်ကြီးလည်း မိုးကြိုးပစ်သံ ကြောင့် သတိလစ်ပြီးမေ့သွားခဲ့တယ်၊ သူနဲ့အတူလိုက်ခဲ့တဲ့ (၂) ယောက်ကတော့ သေဆုံးသွားတယ်၊ ဖခင်ကြီးပြန်ပြီး သတိရချိန် မှာ အလောင်းတွေပဲ တွေ့ရတယ်၊ အင်း…ထူးဆန်းတာက သေဆုံးသွားပြီလို့ထင်တဲ့ငါက အသက်ပြန်ပြီးရှင်ခဲ့တယ်'

'အယ်…'

'ဒါဟာ သဘာဝတရားကြီးရဲ့အကြီးမားဆုံး ငါ့ဘဝကို အပြောင်းအလဲတစ်ခုဖြစ်ခဲ့တယ်ပဲဆိုရမှာပေါ့'

'အရမ်းကိုထူးဆန်းတယ်နော်'

'ဒီလိုပဲသတ်မှတ်ရတော့မှာပေါ့လေ၊ ကဲ…ဘာကိုထပ်ပြီး တော့ သိချင်သေးလဲ'

'ဟို…ဟို…စပ်စုတာတော့မဟုတ်ဘူးနော်၊ ချစ်သူလေး ဘာလေးရော မထားဖူးဘူးလား'

'ချစ်သူတော့မထားဖူးဘူး၊ ချစ်တဲ့သူကိုတော့ တွေ့ခဲ့ဘူး တယ်၊ ဒါကလည်းအရမ်းကိုကြာခဲ့ပါပြီ၊ သက်ဆိုင်တဲ့သူကတော့ သိချင်မှသိတော့မှာပါ၊ ငါကတော့ ယနေ့ချိန်ထိချစ်နေခဲ့ရတာ'

'အစွဲအလမ်းအရမ်းကိုကြီးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…ဒီလိုပြောမယ်ဆိုရင်လည်းပြောလို့ရပါတယ်၊ ကိုယ့်နှလုံးသားရဲ့ကျိန်စာလို့ပဲ ပြောရမလားဘဲ၊ တစ်ယောက်တည်းပေါ်မှာ တစ်သက်စာချစ်ခဲ့မိတဲ့ ကိုယ့်နှလုံးသားကို အရမ်းအံ့ဩတယ်

'သူနဲ့က ဘယ်လိုဆုံခဲ့တာလဲဟင်··'

'ဆုံခဲ့ရတဲ့နိမိတ်ကတော့ မကောင်းဘူး၊ လေပြင်းကျနေတဲ့ညတစ်ညမှာ သူ့ကိုကားထဲက ကယ်ထုတ်ရင်း အိမ်ကလေးတစ်အိမ်မှာနေခဲ့ရတဲ့ တစ်ညတာ ဆုံစည်းမှုလေးပါ··'

'ရှင်…'

သူမ နှုတ်ခမ်းလေး ဝိုင်းစက်သွားပြီး မျက်လုံးအိမ်တွင်အတိတ်ဆီကိုပြန်၍သွားသော ပုံရိပ်တွေပြေးလွှားသော့ကစားနေကြသည်။ သူဆုတောင်းမိလိုက်သည်။

'ပြန်လည်အမှတ်ရနိုင်ပါစေ…လက်ာရယ်…'

စကားသံတွေ တိတ်ဆိတ်သွားတော့ သူ့မျက်နှာလေးစိုက်ကြည့်ပြီး ရေနွေးလေးကိုခွက်ထဲမှာငှဲ့လိုက်သည်။

'လက်ာ··သောက်လိုက်ဦး၊ အေးလာပြီ'

'ဟုတ်…ဟုတ်ကဲ့'

'ဘာလဲ…ကိုယ့်ရဲ့ အိပ်မက်ပုံပြင်လေးကို စိတ်ဝင်စားသွားလို့လား'

'ကိုရသ··အိပ်မက်တစ်ခုလို သဘောထားတယ်ပေါ့'

'ကိုယ့်အခြေအနေက အိပ်မက်နဲ့အဆုံးသတ်ရမယ့်အခြေအနေတစ်ခု ဖြစ်နေခဲ့ပြီလေ'

'ဩော်…ဒါနဲ့ ကိုရသနဲ့ဆုံခဲ့တဲ့မိန်းကလေးနာမည်ကို သိခွင့်ရလိုက်လား'

'ဟင့်အင်း··ကိုယ်က ချစ်ခဲ့ရသူတစ်ဦးလို့ပဲ သတ်မှတ်ခဲ့တာလေ'

'ကိုရသ··'

'လက်ာ··'

'တစ်ဖက်သတ်ဆုံးဖြတ်ချက်ချတာတော့ အရမ်းကို မတရားဘူးနော်'

'ဗျာ··ဘာကြောင့်'

'ကျွန်မ အိပ်ချင်နေပြီ၊ ဝင်ပြီးအိပ်တော့မယ်'

'အင်း…'

ရသ…သူမ စကားအဓိပ္ပာယ်ကိုနားမလည်စွာနှင့် ကျန်ရစ်ခဲ့တော့သည်။







www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

ရသတို့ခရီးစဉ်မှာ (၃)ရက်မြောက်ခဲ့ပြီးဖြစ်သည်။ တောင်တန်းကြီးတွေကြားမှာ စီးဆင်းနေသော မြစ်ကြောကြီး တစ်လျှောက်မှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသောနေ့ရက်တွေကို ဖြတ်ကျော်နေရသလိုပင်။ သတ်မှတ်ထားသောရက်နှင့် တစ်ရက် ကျော်ခဲ့တာကြောင့် ရိက္ခာပိုင်းလည်း ကုန်လုလုဖြစ်နေလေပြီ။

'ဖျံလေး..'

'ဗျာ...ကိုရသ'

'ရိက္ခာ အခြေအနေဘယ်လိုရှိလဲ'





'ညနေစာလောက်တော့ ရနိုင်သေးတယ်'

သောက်သုံးရေပိုင်းကတော့ မြစ်ရေကို ကျိုချက် သောက်နေရသလို တစ်ခါတစ်ခါ ကုန်းပေါ်တက်ပြီး ရေခပ်ရ တာကြောင့် သောက်သုံး ရေပိုင်းကတော့ စိတ်ပူစရာ သိပ်ပြီး မရှိလှပေ။

'တောလမ်း... ကျုပ်တို့ခရီးစဉ်အဆုံးသတ်ဖို့က နီးပြီလား'

'ဒီအတိုင်းဆိုရင် နောက်ထပ် (၃)ရက်လောက်မှ ရောက် မယ်ထင်တယ်'

'ဒီအတိုင်းဆို ရိက္ခာအတွက်တော့ တက်ရမယ်နဲ့ တူတယ်'

'ဟုတ်တယ်ရသ...ငါတို့တော့ တစ်ခုခုကြံရတော့မယ်'

'ဟုတ်ပြီ.. ရှေ့ဆို မြစ်ကြောကွေ့ကို ရောက်ရင် ဖောင်ရပ် နားပြီး တောတက်ကြတာပေါ့'

မြစ်ကြောကွေ့နားသို့ရောက်ခါနီးချိန်တွင်..

'ဝေါ...'

'ဟင်...ဟာ...ဟိုက်..'

'အားလုံး သတိထားကြဟေ့၊ ဝဲကတော့ကြီး'

ကြောက်စရာကောင်းသော အသံနက်ကြီးဖြင့် မြစ်ဝဲဇ တော့ကြီးကိုတွေ့လိုက်ရသည်။ ရသတို့လိုက်ပါလာကြသော



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးမှာ မြစ်ထဲတွင် ယိမ်းယိုင်နေလေပြီဖြစ်သည်။

'ရသရေ… အခြေအနေကတော့ မကောင်းတော့ဘူး'

'ဂုန်း…ဒုန်း…ဂျိုင်း…ကျွီ…'

'လက်တွေကို မြဲမြဲကိုင်ထားကြဟေ့'

ဖောင်ကြီး၏အခြေအနေမှာ မကောင်းတော့ပါ။ ဝါးတွေကို ချည်နှောင်ထားသော ကြိုးတွေပါ ပြတ်တောက်ကုန်ပြီဖြစ်တာ ကြောင့်…

'ရသ… ကမ်းကိုရောက်အောင်သွားရတော့မယ်'

'ဖောင်နဲ့ကပ်လို့ကတော့ မလွယ်တော့ဘူး'

'ဒုန်း…'

'ဟာ…ဟင်…'

ဖောင်ကြီးရှေ့တွင် ကျောက်ဂူကြီးတစ်ခုနှင့် တိုက်မိပြီး ဖောင်မှာတန့်နေသည်။

'ထောလန်း…ဒါကို အသုံးချရမယ်'

'ဟုတ်တယ်…ဖောင်ကြီးတန့်နေတုန်း ကမ်းပေါ်ကို ရောက် အောင် တက်ရအောင်ဟေ့'

'ဖျံလေး… ကြိုးခွေကိုယူခဲ့'

'ဟုတ်ကဲ့ ကိုရသ'





ဖျံလေး…ကြိုးခွေကိုယူပြီး ရသကိုပေးလိုက်သည်။

'ကိုရသ… သတိထားနော်…'

လက်ဘ၏ စိုးရိမ်နေသောမျက်ဝန်းလေးကို စိုက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

'ရသ…မင်းရေထဲကိုဆင်းမယ်ဆို… အမြန်ခုန်ကူးပြီးတော့ ဒီရေကို စုန်မလိုက်နဲ့၊ အားစိုက်ပြီး ဆန်နိုင်သလောက်ဆန် ကြား ထား'

'ဟုတ်…ဖောင်ပေါ်မှာ သိမ်းစရာတွေကို သိမ်းလိုက်တော့'

ရသ…ရေထဲဆင်းဖို့ အသင့်ပြင်လိုက်ပြီး လက်ဘဘက်သို့ တစ်ချက်လှည့်ကြည့်ကာပြုံးပြလိုက်သည်။

'ဂုန်း…အီး…'

မြစ်ရေ အပေါ်ယံရေကသာ သိပ်ပြီးမအေးသလို ရှိနေပေမဲ့ ရေ အောက်ပိုင်းမှာ အေးစက်နေသည့်အပြင် ရေစီးက အရှိန်ကို သန်နေ တာကြောင့် တစ်ချက်လေး အားလျော့တာနဲ့ ရေစီးထဲကို အရှိန်နှင့် မျောသွားမှာဖြစ်သည်။

ရသ အံကိုကြိတ်ပြီး ကမ်းစပ်ဆီသို့ အားစိုက်ပြီး ကူးခတ် တော့သည်။ အောက်ခြေပိုင်း ခြေထောက်တွေမှာ ကျောက်ပဖော် တင်းမာလာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ...ကမ်းကိုမရောက်လို့မဖြစ်ဘူး..'

မျက်လုံးကို စုံမှိတ်ပြီးနောက်ဆုံးအင်အားကို အသုံးပြုပြီး ကမ်းဆီသို့ ကူးခဲ့ရတော့သည်။

'ဟူး..'

ကမ်းနားဆီသို့ရောက်တော့ ခြေထောက်တွေက လှုပ်လို့မရအောင် တောင့်တင်းနေလေပြီ၊ ဖောင်ပေါ်မှသူ့ကိုမျှော်လင့်ချက်တွေနှင့်ကြည့်နေသူတွေရဲ့မျက်လုံးတွေထဲတွင် လက်ာမျက်နှာလေးသည် သူ၏အင်အားတစ်ခုကို ပိုင်ဆိုင်ရသလို ခံစားလိုက်ရသည်။ သစ်ပင်ကြီးဆီသို့ လက်အားကိုးဖြင့် မြေတွင်ဝပ်သွားခဲ့သည်။ မြေပြင်ပေါ်တွင် ရှိနေသော ဆူးခလုတ်တွေကြောင့် ဆူးရှသော ဝေဒနာတွေကိုခံစားရပေမယ့် ဂရုမပြုဘဲ သစ်ပင်ကြီးတွင် ကြိုးချည်နိုင်အောင်ကြိုးစားရသည်။ စိတ်ချရသောအနေအထားကို ရောက်တော့မှ စိတ်ကိုလျှော့ချလိုက်သည်။

ခန္ဓာကိုယ်တစ်ခုလုံးကိုက်ခဲလာပြီး မျက်လုံးတွေပြာဝေပြီး စိတ်အာရုံတွေလည်းတည်ငြိမ်မှုမရှိတော့ပေ။ တောကြီးရဲ့ ဆူညံသံတွေကိုကြားနေရပေမဲ့ သဲသဲကွဲကွဲတော့မဟုတ်တော့ပါ။ လောကကြီးခဏတွင် အမှောင်ကျသွားတော့သည်။

×××××××× ×××××××× ××××××××× ×





×××××××× ×××××××× ××××××××× ×

'ကိုရသ...ကိုရသ...ကိုရသ...'

'ဟင်...'

ကိုယ်သင်းရနံ့သက်လေးနှင့်အတူ မြင်လိုက်ရသော မျက်နှာလေးကတော့ လက်ာ၏မျက်နှာလေးပင်ဖြစ်သည်။

'ရသ..သတိရပြီလား'

'တောလန်း.. အားလုံးကမ်းပေါ်ကိုရောက်ကြပြီလား'

'ရောက်နေပါပြီကွာ.. မင်းရောဘယ်လိုနေသေးလဲ'

'ခြေထောက်တွေကတော့ နည်းနည်းထုံကျင်နေသလိုပဲ'

'မင်းသိပ်ကံကောင်းတာ၊ နောက်နာရီဝက်လောက်သာ မင်းရေထဲမှာဆက်ပြီးရှိနေရင် မင်းအသက်ရှင်ဖို့ကတော့မလွယ်ဘူး'

ရသ..သူ့ခြေထောက်တွေကို အားစိုက်ပြီးလှုပ်ကြည့်တော့ သိပ်အဆိုးကြီးမဟုတ်။

'မင်း..နားလိုက်ပါဦးကွာ'

'ခု..ကျုပ်တို့ရောက်နေတဲ့နေရာက..'

'ကျောက်ဂူတစ်ခုပေါ့ကွာ'

'ဟို..ဟို..သားရဲကောင်တွေရန်ရော..'

'ဘာမှမပူနဲ့ ငါနဲ့ဆလိုင်းတို့ရှိနေတယ်၊ လက်ာကတော့



www.burmeseclassic.com

www.burmeseclassic.com



ရသကို နည်းနည်းဂရုစိုက်လိုက်ဦး'

'ဟုတ်··'

ထောလန်းနှင့်ဆလိုင်းတို့ ဂူအပြင်ဘက်ကိုပြန်ပြီးထွက်သွားကြသလို ဖျံလေးကတော့ ထင်းချောက်တွေနဲ့မီးမွေးနေသည်။

'ရှင့်ကို အသက်ရှင်လျက်နဲ့မတွေ့ရတော့ဘူးလို့ထင်နေတာ'

'လက်ာရယ်···မင်းအတွက် တာဝန်တွေက မပြီးဆုံးသေးဘူးလေ'

'ဘာလဲ··အခကြေးငွေယူပြီးလုပ်ကိုင်တဲ့တာဝန်ကို ပြောတာလား'

'ဟုတ်တယ်··'

'ကိုရသ··ဘာလို့ညာရတာလဲ'

'ဟင်···ငါက ဘာကိုညာမိလို့လဲ'

'ဖျံလေးနဲ့ဆလိုင်းက အကြောင်းစုံကိုပြောပြပြီးပြီ'

'ဟာ··ဒီကောင်တွေ'

'ကျွန်မပေါ်မှာ တာဝန်တစ်ခုတည်းနဲ့ပဲ ကာကွယ်ပေးနေမှာလားကိုရသ···'

'မင်း သိပြီးသားကိစ္စတွေကို ငါဘက်ကထုတ်မပြောချင်ဘူး လက်ာရယ်··'

'ဟင့်အင်း··ကျွန်မ ဘာမှမသိဘူး'

'မသိဘူးဆိုရင် မသိတဲ့နေရာမှာပဲထားလိုက်ပါတော့လေ··ကိုယ့်ရဲ့ကံပဲမဟုတ်လား'

'တကယ်ထားခဲ့မှာလား'

'သက်ဆိုင်တဲ့သူက ထားနိုင်းမှတော့ ထားလိုက်ရမှာပေါ့'

'သက်ဆိုင်တဲ့သူက မထားနိုင်းဘူးဆိုရင်ရော··'

'ဘဝခရီးဆုံးတဲ့အထိ အတူတူသွားချင်ပါတယ်၊ ဒီလိုချိန်မှာ ဒီလိုစကားမျိုးကိုပြောရတာ အခွင့်အရေးယူသလိုဖြစ်နေပါတယ်'

'ကျွန်မနဲ့ ကိုရသတွေ့ဆုံချိန်က အရမ်းကိုနောက်ကျနေတယ်'

'ဟင်··ဘာလို့'

'ဒီထက်ပိုပြီးတော့ တွေ့ခဲ့ကြရင် သိပ်ကောင်းမှာပဲနော်၊ ဒါတွေဟာ ကိုရသအပြစ်တွေပဲ'

'ဗျာ··ငါ့အပြစ်တွေဟုတ်လား'

'ဟုတ်တယ်··တကယ်ဆို ကိုယ်ချစ်တဲ့လူကိုတွေ့အောင်ရှာပြီး ချစ်တယ်လို့ပြောရမှာပေါ့'

'ခုလည်းတွေ့အောင်ရှာခဲ့တာပဲလေ'

'ဒီထက်စောပြီးတွေ့အောင် ရှာသင့်တယ်၊ ဒါကြောင့် ကိုယ့်မှာအပြစ်ရှိတယ်'







www.burmeseclassic.com

www.burmeseclassic.com



'အပြစ်ဒဏ်ပေးမယ်ပေါ့'

'အင်း..'

'ဘယ်လိုအပြစ်ဒဏ်တွေလဲ'

'တစ်သက်လုံး စောင့်ရှောက်ရမယ့်ရာဇသံ'

'ကျေနပ်စွာနာခံပါ့မယ်၊ ဒီရာဇသံဟာ အဆိပ်သင့်စေဦး ဦးညွှတ်လျက် နာခံပါ့မယ်'

'သေချာတယ်နော်..'

'သစ္စာနဲ့တည်ပါတယ်'

လက်ာ..လက်ကလေးကိုဆုပ်ကိုင်ဖို့ပြင်လိုက်တော့...

'ဟိုး...ဆရာ..ချစ်တယ်လို့မပြောရသေးဘူးလေ'

'ပြောဖို့လိုသေးလို့လား'

'သိပ်ပြီးလိုအပ်တာပေါ့၊ မိန်းကလေးဆိုတာ ချစ်သူရဲ့ ချစ် ခွင့်ပန်မှုဟာ ဘဝမှာ အတောင့်တဆုံးမျှော်လင့်ချက်တစ်ခုပဲ'

'ကောင်းပါပြီ..ကိုယ်..လက်ာကိုချစ်တယ်'

'အဟိ..'

ရသစကားကြောင့် သူမ ပြုံးလိုက်ပြီး ရွှန်းလဲ့နေသော မျက်လုံးစုံဖြင့်ကြည့်ပြီး...

'ဘယ်လောက်ထိချစ်လဲ'





'အင်း..ငယ်ငယ်တုန်းကစကားအတိုင်းပြောရရင်. ကမ္ဘာကြီးလောက်ချစ်တယ်'

'လူကြီးစကားဆိုရင်ရော..'

'နှိုင်းဆလို့မရနိုင်သော အနန္တစကြဝဠာလောက်ကိုချစ်တယ်'

'ဒါတော့ များသွားပြီနော်၊ နည်းနည်းလျှော့လိုက်ဦး ဆရာ'

'ဒီထက်တော့ မလျှော့နိုင်ဘူး၊ ကဲ..ဖြေမလား မဖြေဘူးလား'

'အဲ...'

လက်ာ ကိုယ်လေးကို ရင်ခွင်ထဲထွေးပိုက်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

‘ကျုပ်တို့ ဒီမှာဆက်ပြီးအချိန်ကုန်နေလို့မရတော့ဘူး’

‘ရသ‥မင်းခြေထောက်အခြေအနေမကောင်းဘဲ ခရီးဘယ်လိုဆက်မလဲ’

‘ဟုတ်ပါတယ်ကိုရသ‥ရှင့်ခြေထောက်က ဒီခရီးကြမ်းကို ဘယ်လိုသွားမလဲ’

‘ကိုယ်ရအောင်သွားမယ် လက်ာ‥’

‘မဟုတ်သေးပါဘူး’

အားလုံးက ရသခြေထောက်အခြေအနေကောင်းမှ ခရီးဆက်ချင်ပေမဲ့ ရသကတော့ ကျောက်ဂူထဲတွင် ရက်ရှည်ဆက်ပြီး





နေဖို့မသင့်တော့တာကြောင့် ခရီးဆက်ပြီးထွက်ချင်နေသည်။

‘မင်း ဒီလောက်တောင် ဆန္ဒစောနေရင် မင်းခြေထောက်အတွက်ရအောင် တစ်ခုခုတော့ကြံရမယ်’

‘ဟုတ်ပြီ‥’

‘ဘာဟုတ်တာလဲ ဖျံလေး’

‘ကိုရသအတွက် ချိုင်းထောက် ကျွန်တော်လုပ်ပေးမယ်’

‘အေး‥မင်းအကြံမဆိုးဘူး၊ ဒါဆိုမြန်မြန်လုပ်ကွာ’

‘ကိုဆလိုင်း‥ကျွန်တော်နဲ့လိုက်ခဲ့’

‘ဘယ်ကိုလိုက်ရမှာလဲကွ’

‘တောထဲကိုလေ‥ကိုရသအတွက် အဆင်သင့်မယ့် သစ်ကိုင်းကို ရှာရမှာ‥’

ဖျံလေးနှင့်ဆလိုင်းတို့ ချိုင်းထောက်အတွက် တောထဲကို ထွက်သွားကြသည်။

‘ငါတစ်ခု စဉ်းစားမိတယ်ရသ’

‘ဘာကိုစဉ်းစားမိတာလဲ’

‘သခင်မကြီးရန်ကို ကြောက်ပြီးပြေးနေမယ့်အစား ထိပ်တိုက်ရင်ဆိုင်လိုက်ရင်ရော ဘယ်လိုအခြေအနေရှိမလဲ’

‘ဟို‥သူ‥သူတို့လူအင်အားများတယ်၊ ပြီးတော့ လက်



www.burmeseclassic.com

www.burmeseclassic.com

နက်တွေလည်းရှိတယ် ကိုထောလန်း'

'တို့တိုင်းပြည်က ဥပဒေမဲ့တိုင်းပြည်မဟုတ်ပါဘူး၊ သူတို့ထင်တိုင်းကြဲချင်သလိုကြဲလို့မရဘူး၊ ခုလိုပြေးနေလည်း သူတို့လက်ဘကိုမတွေ့တွေ့အောင်ရှာကြမှာပဲ၊ ပြီးတော့ တိမ်းရှောင်မယ့်နေရာတွေကလည်း သူတို့သြဇာမကင်းဘူး၊ တစ်နေ့မဟုတ်တစ်နေ့ ထိပ်တိုက်တွေ့မှာပဲ'

'ခင့်ဗျားပြောတာ နည်းလမ်းကျတယ်၊ ကျုပ်သဘောကလည်း ဒီလိုလူတွေကို ရှောင်ပြေးနေတာထက် ထိပ်တိုက်ရင်ဆိုင်ချင်တာ၊ အင်း..ခက်နေတာက ကျုပ်တို့နဲ့လက်ဘက တိုက်ရိုက်ဆက်နွယ်မှုမရှိဘူးဖြစ်နေတော့ တရားဝင်ရင်ဆိုင်ဖို့က ခက်တယ်'

'ဒါများ ရသရယ်... အဝေးကြီးစဉ်းစားနေသေးတယ် အရမ်းကိုလွယ်ပါတယ်ကွာ'

'ဟင်...ဘယ်လိုလွယ်တာလဲ'

'မင်းနဲ့လက်ဘ..တရားဝင်လက်ထပ်လိုက်ကြပေါ့'

'ဗျာ..'

'ရှင်..'

ထောလန်းစကားကြောင့်တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိလိုက်ကြသည်။





'မင်းတို့နှစ်ယောက်သံယောဇဉ်ကလည်း ပြောစရာမှမရှိဘဲကွာ၊ ကဲ..စဉ်းစားကြဦး၊ ငါအပြင်ထွက်ပြီးညစာအတွက် ဝင်ဆင်လိုက်ဦးမယ်'

ထောလန်းထွက်သွားပြီး နှစ်ယောက်သား တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကိုရှသ…'

'ဟင်…'

'ဘာကို စဉ်းစားနေတာလဲ'

'ထောလန်းပြောခဲ့တဲ့စကားကို စဉ်းစားနေတာပါ'

'ကိုထောလန်းပြောမှ ကျွန်မလည်း သူတို့ကိုကြော…
ပြေးနေမယ့်အစား ထိပ်တိုက်ပဲ တွေ့ချင်တယ်'

'သတ္တိတွေရှိနေပြီပေါ့'

'ကျွန်မဘေးမှာ ကျွန်မချစ်သူရှိနေတာပဲ မဟုတ်လား'

'ကိုယ့်ကိုလက်ထပ်ရဲတယ်ပေါ့'

'ဘာလဲ…ရှင့်ကိုချစ်တာ ကျွန်မက အပျော်သက်သက်…
နေတာလား ကိုရှသ'

သူမနှုတ်ဖျားဆီက ဒေါသသံလေးကြောင့် စကား…





…မာကြောနေသလိုပင်…

'မ…ဟုတ်ရပါဘူး လက်ဘရယ်…'

'မဟုတ်ရင်…ဘာမှစကားတွေ ပြောမနေနဲ့… လက်ချင်း
…ပြီးအားလုံးကို ရင်ဆိုင်မယ်'

နှစ်ယောက်သား တစ်ဦးလက်ကိုတစ်ဦး တင်းကြပ်စွာ
…ဆုပ်ကိုင်လိုက်ကြသည်။

ခဏကြာတော့ ထောလန်းပြန်ရောက်လာပြီး ရှေ့ဆင့်
…ဆက်ဆင့်ဆိုသလို ဖျံလေးနှင့်ဆလိုင်းပါ ရောက်လာသည်။

'ကိုရှသ…ဒါလေးနဲ့ဆို အဆင်ပြေမှာပါ'

'မင်းကတော့ ဒီအကိုမှာအားကိုးရတယ်၊ ကျေးဇူးပဲကွာ'

'ကျွန်တော်တို့ကြားမှာကျေးဇူးစကားတွေကို အသုံးပြုစရာ
…လိုအပ်ပါဘူး…ကိုရှသရယ်…အသက်တွေရင်းပြီးခရီးသွားနေ
…ကြတဲ့သူတွေပဲ၊ ချိုင်းထောက်အတွက် အချောသပ်လိုက်ဦးမယ်'

'ရှသ…ဘယ်လိုလဲ ငါပြောတဲ့အစီအစဉ်'

'သဘောတူတယ်'

'ဘာတွေ သဘောတူနေကြတာလဲကွ'

'ဒီလိုဆလိုင်းရေ…'

ထောလန်းက အကြောင်းစုံကိုရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တကယ့်ပွဲကြီးပွဲကောင်းပဲ၊ ဒါပေမယ့် ချက်ချင်းကြီးတော့ ရင်ဆိုင်ဖို့မလွယ်ဘူး၊ ရသခြေထောက်ပျောက်ကင်းတဲ့အထိတော့ အချိန်ယူရမယ်၊ ပြီးတော့ ရသနဲ့လက်ာကို တရားဝင်နီးမောင်း ဖြစ်အောင် ဥပဒေလမ်းကြောင်းအတိုင်းလုပ်သင့်တာတွေ လုပ် လုပ်ရမယ်'

'ဟုတ်တယ် ကိုယ့်ဘက်က မလစ်လပ်အောင်တော့ ... တကျပြင်ဆင်ရမယ်'

ရသတို့ ရှေ့ဆက်လုပ်ဆောင်ရမယ့်ကိစ္စတွေကို ဝိုင်းဖွဲ့ဆွေး နွေးကြပြီး ရင်ဆိုင်ဖို့အတွက် စီစဉ်ကြတော့သည်။

'ဩော်…တောလန်း… ကျုပ်တို့မြို့ကိုဖောက်ထွက်ရင် ... တဲ့လမ်းကြောင်းရှိလား…'

'ဒီတောထဲကနေထွက်တာနဲ့ ငါတို့သွားချင်တဲ့နေရာကို ... လို့ရတဲ့လမ်းကြောင်းရှိတယ်၊ မင်းခြေထောက်ဆေးကုလို့ရ... နေရာကို အရင်သွားပြီးမှ ငါတို့နေထိုင်ဖို့ကိုပါ ပြင်ဆင်ရမ...

'ဝူး…ကျွီ…'

မဟာသီရိ စံအိမ်တော်ကြီးရှေ့တွင် ဝီလီဂျစ်ကားလေးကို ...ရပ်လိုက်ပြီး ရသနှင့်လက်ာ တစ်ယောက်မျက်နှာကိုတစ် ...ကြည့်နေကြသည်။ အန္တရာယ်ဇုန်အတွင်း နှစ်ဦးသား ဝင် ...ပြီဖြစ်တာကြောင့် အပြင်းထန်ဆုံးတိုက်ပွဲကို ရင်ဆိုင် ...တော့မည်ဖြစ်သည်။

'ဟင်…ဟာ…'

ကားပေါ်ကဆင်းပြီး မြတ်ခါးဆီသို့လျှောက်လာသော ...နှင့်ရသကိုတွေ့လိုက်သော ကြေးစားအစောင့်အားလုံး ...အားသင့်ကုန်ကြသည်။ ထိုသို့သော မြင်ကွင်းကို သူတို့လုံးဝ ...ထင်မှတ်ထားမိကြချေ။

'မင်းတို့ သခင်မကြီးကိုပြောလိုက်…မဟာသီရိစံအိမ်တော်





www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ သခင်မပြန်လာပြီလို့၊ သွား…ခု…သွားပြီးပြောလိုက်’

‘ဟုတ်…

ကြေးစားအစောင့်…အိမ်ကြီးဘက်သို့အပြေးကလေး ထွက်သွားပြီး သိပ်မကြာ…ခွန်ထူးနောင်နှင့် သူ၏နောက်လိုက်တွေ ထွက်လာခဲ့ကြသည်။

‘ဘယ်လိုလဲ ထိပ်ထားလေး၊ ခွန်ထူးနောင်ရင်ခွင်ထဲကို ပြန်ပြီးခိုလှုံဖို့ ပြန်လာတာလား၊ ဒါဆိုရင်တော့ အထူးကြိုဆိုပါတယ် မှာပေါ့၊ ဟေ့ကောင်တွေ တံခါးဖွင့်ပေးလိုက်’

‘ကျွို…’

တံခါးဖွင့်လိုက်သည်နှင့်ခြံကြီးထဲကို ရသတို့နှစ်ယောက် အေးဆေးတည်ငြိမ်စွာဝင်လာခဲ့သည်။

‘မင်းက ဘာလိုက်လုပ်တာလဲ’

‘ပို့မယ့်ပို့ အိမ်ကြီးထဲထိ ရောက်အောင် ပို့ပေးချင်လို့ပါ’

‘မလိုဘူး…ဒီကနေ မင်းပြန်လှည့်သွား…’

‘အမိန့်သံတွေက ပြင်းလှချည်လား၊ ကဲ…မပြန်ဘူးဆိုရင် ရော… မင်းဘာလုပ်မလဲ’

‘ဟင်…ဟို…ဟေ့…ကောင်တွေ…ဒီကောင်ကို ရှင်း…’

ရသအစွမ်းအစကို သိထားကြတာမို့ချက်ချင်း ရှေ့ကို ထွက်





ရဲ့ကြပေ…လက်ဘ…ရသလက်မောင်းကိုဆုပ်ကိုင်လိုက်ပြီး…

“ဒီမှာ ခွန်ထူးနောင်…ရှင်သိအောင်တစ်ခါတည်းပြောမယ်၊ ကိုရသဟာ ကျွန်မရဲ့တရားဝင်လက်ထပ်ထားတဲ့ခင်ပွန်း…’

‘ဘာ…မင်းဘာပြောလိုက်တယ်’

‘ရှင့်နား သိပ်ပြီးမကောင်းဘူးထင်တယ်’

‘ကဲပါ…လက်ဘရယ်…မင်းပြောမနေနဲ့၊ ကိုယ်ပဲပြောလိုက်တော့မယ်၊ မဟာသီရိစံအိမ်တော်ကြီးရဲ့ သခင်မလေးလက်ဘဟာ ကျုပ်ရဲ့ချစ်ဇနီးလေး၊ ကျုပ်က ဒီစံအိမ်တော်ကြီးရဲ့ သခင်ကြီးပေါ့ဗျာ…ဟား…ဟား…ဟား…’

‘မင်း…မင်း…တောက်…လူပါးဝတဲ့ကောင်… ဒီကောင်ကို အပြတ်ရှင်းတော့လေ…’

‘ဝူး…ဝူး….ဟာ…ဟင်…’

ဆလိုင်း၊ ဖျံလေး၊ ထောလန်းတို့ ဦးဆောင်သော ကားသုံးစီးနှင့်လူ(၁၀)ယောက်မက ဝင်လာခဲ့သည်။

‘ခွန်ထူးနောင်…ပွဲက အရှုံးကိုကြမ်းသွားမယ့်အခြေအနေပဲ၊ မင်းလူတွေအသက်နဲ့ မင်းအသက်ကို နမြောတတ်ရင် နောက်ကိုဆုတ်ပြီးရပ်နေလိုက်၊ သခင်မကြီးဆိုတဲ့သူနဲ့စကားပြောမယ်’

‘ဟား…ဟား…ဟား…သိပ်ပြီးပြောတာပေါ့ကွာ၊ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဘေးဖယ်လိုက်ကြ…’

‘သခင်မကြီး…’

သခင်မကြီးဘေးတွင် ထိုင်းမှငှားထားသော ကြေးစားလူသတ်သမားက ရပ်လျက်..

‘မင်းက ဘာစကားတွေပြောချင်လို့လဲ..ပြောလေ’

‘ကျုပ်စကားတွေက ၊ သိပ်အများကြီးပြောစရာမရှိဘူး၊ ကျုပ်ဇနီးကို ခင်ဗျားထပ်ပြီးထိပါးဖို့မစဉ်းစားပါနဲ့’

‘ဘာပြောတယ်၊ မင်းဇနီးဟုတ်လား၊ တန်ရာ တန်ရာပြောစမ်း၊ မင်းလိုကောင်မျိုးနဲ့တော်ဝင်သူနဲ့တန်သလား’

‘ခင်ဗျားတို့ရဲ့ ရှုးကြောင်ကြောင်တောဝင်ဇာတ်လမ်းတွေကို လာပြီးပြောမနေနဲ့၊ ခေတ်မမီတော့ဘူး၊ ယနေ့ခေတ်က ရှေးမှိုးစွဲဝါဒတွေကိုလက်ခံတဲ့ခေတ်မဟုတ်တော့ဘူး၊ ကျုပ်နဲ့လက်ဘက ဥပဒေဘောင်ထဲက တရားဝင်လက်မှတ်ထိုးထားကြတဲ့ အကြင်လင်မယားတွေပဲ’

‘ဟား..ဟား..ဟား…သိပ်ကိုရယ်ဖို့ကောင်းတဲ့ ပြက်လုံးတွေပဲ၊ မဟာသီရိစံအိမ်ကြီးမှာ သခင်မကြီးရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်သူမှ ကိုယ့်သဘောနဲ့ကိုယ် လုပ်ပိုင်ခွင့်မရှိဘူး’

‘သခင်မကြီး…ခင်ဗျားအရမ်းကို ရှုးသွပ်နေတဲ့လူတစ်





ယောက်ပဲ၊ ခင်ဗျားစိတ်ကူးတွေကိုထုတ်ပစ်ပြီးလမ်းမှန်ကိုပြန်ပြီး လျှောက်ပါတော့၊ နောက်မကျသေးဘူး’

‘ဂျင်ဒူးဂျောင်..ဒီကောင့်ကိုသတ်လိုက်တော့’

‘ကိုရသ..’

‘ဆလိုင်း..လက်ဘက်ကိုခေါ်ထားလိုက်’

‘ရသ…ဒီကောင်က သာမန်ကြေးစားမဟုတ်ဘူးနော်၊ အစိမ်းတိုက် သရဲလိုလို ဘီလူးလိုလိုကောင်..’

‘မကောင်းတာလုပ်ရင် မကောင်းတဲ့နေရာကိုပဲရောက်မှာ၊ ဘာမှမပူနဲ့ နောက်ဆုတ်နေကြ..’

ဂျင်ဒူးဂျောင်..ကြေးနီဖြင့်ပြုလုပ်ထားသော ဓားမြှောင်ကို ကိုင်ဆောင်ပြီး ရသနားကိုလျှောက်လာသည်။

‘ကဲ..ကွာ..ဗိုး..ဗိုး…’

ဂျင်ဒူးဂျောင် ဓားထိုးချက်တွေကို ရသရှောင်တိမ်းရင်း အခွင့်ကောင်းကိုစောင့်နေသည်။

‘မင်းအလှည့်ပြီးရင် ငါ့အလှည့်ပဲကွ’

‘ဖြောင်း..ဒုတ်…အိီး..’

ရသ..ခြေထောက်ရောလက်ပါ ပြိုင်တူတိုက်ခိုက်သဖြင့် ဂျင်ဒူးဂျောင် နောက်ကိုလွင့်စင်သွားပြီး လက်ထဲက ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ဓားပါ လွှင့်စင်သွားသည်။

'ဂီး..ဂူ...××××'

'ဟင်...ဟာ...တာ...'

ဂျင်ဒူးရျောင် ပါးစပ်မှ ဂါထာတွေကို ရွတ်ဆိုပြီး မော်လို လို စုန်းအတတ်လိုလို ထိုင်ပြီး လုပ်နေသည်။

'ဂျိမ်း...ဂျိမ်း...'

'ဟင်..'

ရသ...ကောင်းကင်ကြီးကိုကြည့်တော့ တိမ်ညိုတွေအုံ ဆိုင်းပြီး လျှပ်စီးကြောင်းများထနေသည်။ ရသစိတ်ထဲတွင် မိုး ခြိမ်းသံကို ဘဝင်မကျဖြစ်နေသဖြင့်...

'ဆလိုင်းနဲ့လက်ာ...ဒီနေရာကနေ ပြေးတော့'

'ကိုရသ...'

ခြံဝန်းထဲမှာရှိနေကြသူတွေအားလုံးတွေဝေစွာဖြင့် ရပ်နေ စဉ်မှာပင် ရသသည် လက်ာလက်ကိုဆွဲပြီး အဝေးဆီသို့ ပြေးခဲ့ ပြီး မကြာ..

'ဂျိမ်း..ဝုန်း...အမေ့..'

ကြောက်မက်ဖွယ်ကောင်းလှသော မိုးကြိုးပစ်သံကြီးထ ကြားလိုက်ရပြီး မီးခိုးလုံးကြီးတွေ ခြံဝန်းထဲမှ ထွက်ပေါ်လာသည်။





'ကို..ရသ..'

'လ..က်ာ..'

'ဟိုမှာ...ကြည့်ပါဦး..'

'ဟာ...'

မဟာသိရိစံအိမ်တော်ကြီး၏ ခြံဝန်းထဲတွင် မြင်ကွင်း မကောင်းသောအနိဋ္ဌာရုံကြီးကိုတွေ့နေရသည်။ အမှတ်မထင်ပစ် ချလိုက်သော မိုးကြိုးကြောင့် လောဘရမ္မက်တွေနဲ့ ဒေါသမီးတွေ လောင်ကျွမ်းနေတဲ့ သခင်မကြီးနှင့်သူ၏အပေါင်းအပါတွေအားလုံး မိုးကြိုးဒဏ်ကိုခံလိုက်ရပြီဖြစ်သည်။

'ရသရေ...ဒါ မကောင်းမှုပြုသူတွေရဲ့အဆုံးသတ်ပဲကွ၊ သခင်မကြီးဟာ တကယ့်ကိုကြောက်စရာကောင်းလောက်အောင် မိုက်မဲတဲ့လူတစ်ယောက်ပဲ'

'ဆလိုင်း..မင်းဘာကိုပြောတာလဲ'

'သခင်မကြီးဟာ သူ့ရဲ့လောဘအားကြီးမှုက ဘယ်လောက် တောင်ဆိုးသလဲဆိုရင် ဗုဒ္ဓဆင်းတုတော်တွေကို မှောင်ခိုကူးနေတဲ့ ဂိုဏ်းခေါင်းဆောင်တစ်ဦးပဲ ရသ..'

'ဟင်...'

ဆလိုင်းပြောလိုက်သောစကားကို သိပ်ပြီးနားမရှင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

'ဒီလိုကွ..အာရှတိုက်မှာရှိနေတဲ့ ရှေးဟောင်းဗုဒ္ဓ ဆင်းတုတော်တွေကို အကြီးမားဆုံးမှောင်ခိုကူးနေတဲ့ဂိုဏ်းကြီးတစ်ခုပဲ၊ ဒီအကြောင်းတွေ ဖော်ထုတ်ဖို့ အာရှတိုက်ရှိ သက်ဆိုင်ရာတွေက လုပ်ဆောင်နေတာ၊ ခုတော့ သခင်မကြီးကိုဖမ်းဆီးချိန်ကျမှ ခုလို သူ့ဇာတ်သူသိမ်းသွားတာပဲရသ..'

'ကံကြီးထိုက်တာပေါ့ကွာ'

'ကဲ..ကိစ္စတွေလည်းပြီးပြတ်ပြီဆိုတော့ မင်းတို့(၂)ယောက်အတွက်အကောင်းဆုံးအမှာဂတ်တစ်ခုကို တည်ဆောက်ကြတော့ပေါ့ကွာ..'

'ကျုပ်ကတော့ သူပေးတဲ့ရာဇသံအတိုင်းပဲလိုက်နာရမှာပဲဗျို့..'

ချစ်သူနှစ်ဦးကျေနပ်စွာ ပြုံးလိုက်ရင်း တစ်ဦးလက်တစ်ဦး တင်းကြပ်စွာဆုပ်ကိုင်လိုက်ကြသည်။ မဟာသီရိစံအိမ်တော်ကြီးထဲသို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ရောက်လာကြပြီဖြစ်သည်။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

ရွှေဘဝင်



www.burmeseclassic.com